မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၃၂)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် — ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကျုံးသန်စန်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဥပဒေကြမ်းများရေးဆွဲရာတွင် အမြင်မတူသည်များရှိနိုင်သော်လည်း ဒီမိုကရေစီသဘောအရ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားရမည်

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဥက္ကဋ္ဌနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇေ (၅၀၀)စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးရဲထွဋ်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)၊ အတွင်းရေးမှူး ဦးကျော်မင်းဆွေတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အနေဖြင့် ဖွဲ့စည်းခဲ့ချိန်မှစတင်၍ လုပ်ငန်းများကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ သတင်းမီဒီယာဥပဒေကြမ်း ရေးဆွဲတင်သွင်းခဲ့မှုအခြေအနေ၊ စာနယ်ဇင်းသမားများအား ကျင့်ဝတ်နှင့်စာနယ်ဇင်းအတတ်ပညာဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ပုဂ္ဂလိကစာနယ်ဇင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကပံ့ပိုးပေးရန် လိုအပ်သည့် အခြေအနေ၊ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းနှင့်ပတ်သက်သည့် သဘောထားအမြင်များ၊ စာနယ်ဇင်းကောင်စီ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ အစိုးရဌာနများထံမှ သတင်းအချက်အလက်များရယူရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁*

ဝန်ကြီးဌာနများမှ သတင်းအချက်အလက်များ လျှင်လျှင်မြန်မြန်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဥက္ကဋ္ဌနှင့်အဖွဲ့ နေပြည်တော်ရှိ တောင်သူပညာပေး ဇေ (၅၀၀) စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ယနေ့မာတိကာ

စနိုးဒန်းဖွင့်ချခဲ့သည့် အမေရိကန်ထောက်လှမ်းရေး အေဂျင်စီများ၏ ဘတ်ဂျက်ခွဲတမ်းကို ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြ — စာမျက်နှာ-၄

တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးအတွက် ကျပ်ဘီလီယံ ၁၂၀ လျာထား — စာမျက်နှာ-၁၂

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် Miss Universe ပြိုင်ပွဲ မြန်မာအလှမယ်တစ်ဦးယှဉ်ပြိုင်ရန် ရွေးချယ်မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁

မြန်မာအမျိုးသမီးများက လှပသိမ်မွေ့သည်။ ကိုယ်ကာယကြံ့ခိုင်မှု၊ ခန္ဓာကိုယ်အချိုးအစားလှပမှု၊ ကျန်းမာသန်စွမ်းမှုများပိုင်ဆိုင်သည်။ မြန်မာအမျိုးသမီးများအနေဖြင့် လှပမှု၊ ဉာဏ်ပညာထက်မြက်မှုများကို ဖော်ထုတ်ပြသနိုင်မည့် Miss Universe ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် အခွင့်အရေးရရှိတော့မည်ဖြစ်သည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်၌ကျင်းပမည့် Miss Universe ပြိုင်ပွဲသို့ မြန်မာအမျိုးသမီးများဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် အားကစားဝန်ကြီးဌာနမှ ခွင့်ပြုချက်ဖြင့် Hello Madam Media Group မှ တာဝန်ယူကာ ရွေးချယ်ပေးတော့မည်ဖြစ်သည်။

"နိုင်ငံတကာစံညွှန်းနဲ့ကိုက်ညီတဲ့ မြန်မာ့အလှမယ်တွေ ပေါ်ထွက်လာပြီး နိုင်ငံတကာ Miss Universe ပြိုင်ပွဲအထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရအောင် ရည်မှန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲအတွက် ဩဂုတ်လဆန်းကတည်းက လျှောက်လွှာတွေခေါ်ယူထားပြီး စက်တင်ဘာ ၅ ရက် နောက်ဆုံးထားပြီး လျှောက်လွှာတင်ကြဖို့ ဖိတ်ခေါ်ထားပါတယ်"ဟု Hello Madam Media Group မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် Miss Universe ပြိုင်ပွဲသို့ မြန်မာအလှမယ်တစ်ဦးသာ ရွေးချယ်သွားမည်ဖြစ်ပြီး အသွားအပြန်စားစရိတ်၊ နေထိုင်စရိတ်ငြိမ်းဖြင့် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ လျှောက်လွှာတင်ထားသူများ *စာမျက်နှာ ၈ ကော်လံ ၁*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သင်ခန်းစာနှင့် လေ့ကျင့်ခန်း

လူတို့နေ့စဉ် ပြုမူပြောဆိုလုပ်ကိုင်နေသော အရာများတွင် သင်ခန်းစာယူစရာများ ရှိပါသည်။ သင်ခန်းစာများတွင် အကောင်းနှင့်အဆိုး ရောပြွန်းလျက်ရှိပါသည်။ လုပ်ကိုင်ပြုမူပြောဆိုသောအရာများ သည် အကောင်းချည်း သက်သက် မရှိနိုင်ပါ။ တစ်ခါတစ်ရံ အဆိုးများလည်း ပါဝင်နေတတ်ပါသည်။ ကောင်းမည်ထင်၍ ပြုမူပြောဆိုလုပ်ကိုင်ကြသော်လည်း ရံဖန်ရံခါ အမှားများဖြစ်တတ်ပါသည်။ အမှားသည် အမှန်ဖြစ်ရန် သင်ခန်းစာပင်ဖြစ်ပါသည်။ အမှားကိုပြင်၍ အမှန်ကိုမြင်နိုင်ပါသည်။

ထို့ကြောင့် လူတို့နေ့စဉ် ပြုမူပြောဆို လုပ်ကိုင်နေသောအရာများတွင် အမှားသင်ခန်းစာနှင့် အမှန်သင်ခန်းစာဟူ၍ သင်ခန်းစာနှစ်ခုကို တွေ့ရမည်ဖြစ်ပါသည်။ အမှားကို အမှန်ပြင်နိုင်ခြင်းသည် အမှန်လမ်းစဉ် ဖြစ်ပါသည်။ တစ်ဖန် မှန်ကန်သောအလုပ်၊ မှန်ကန်သော အပြုအမူနှင့် မှန်ကန်သော ပြောဆိုမှုတို့သည် မှန်ကန်သောသင်ခန်းစာများ ဖြစ်လာပေမည်။ မှန်ကန်သော ပြုမူပြောဆိုလုပ်ကိုင်အပ်သော အရာများသည် လူတို့၏စိတ်သန္တာန်တွင် အစဉ်ကိန်းအောင်းပြီး ရှင်သန်ဖွံ့ဖြိုးနေဖို့ လိုပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်ပြောင်းလဲခြင်းအလုပ်ဟူသည် မှန်ကန်တည့်မတ်ပြီး တိုးတက်ရေးလမ်းကြောင်းကို ဖော်ဆောင်ခြင်း ဖြစ်ပါသည်။ လူတိုင်းလူတိုင်းသည် မှန်ကန်တည့်မတ်ရေးလမ်းကြောင်းအတွင်း လိုက်ပါကြရန်တာဝန်ရှိပါသည်။ မကောင်းမှုဟူသမျှ အရာအားလုံးကို ရှောင်ကြဉ်ပြီး ကောင်းသော အလုပ်အကိုင်တို့ဖြင့်သာ ရှေ့သို့ဆက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့အားလုံး တိုးတက်ရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံးရောက်ရှိမည်ဖြစ်ပါသည်။ အရာရာ မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အားလုံးသည် မှန်ကန်တည့်မတ် ဖြောင့်မတ်နေဖို့ လိုပါသည်။ သို့မှသာ တိုးတက်ခြင်း၊ ကြီးပွားခြင်းသို့ လျင်မြန်စွာဖြင့် အမှန်တကယ် ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် လူတိုင်း လူတိုင်းသည် မကောင်းသော သင်ခန်းစာများကိုကောင်းအောင် ပြုပြင်ကြရပါမည်။ ကောင်းသော သင်ခန်းစာများကို အစဉ်ရှင်သန်ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြရမည်။ ကောင်းသောအလုပ်၊ ကောင်းသောပြုမူပြောဆိုခြင်းကို ထပ်ခါတလဲလဲ အကြိမ်ကြိမ်ပြုလုပ်ခြင်းသည် လေ့ကျင့်ခန်းများ ပြုလုပ်သကဲ့သို့ စဉ်ဆက်မပြတ် လေ့လာခြင်းပင်ဖြစ်ပါသည်။ ထိုကောင်းမွန်သော အလုပ်အကိုင်၊ အပြုအမူနှင့် အပြောအဆိုတို့ကို လူတိုင်းပင် နေ့စဉ်မပြတ် ပြုလုပ်အပ်ပါကြောင်း။ ။

ကဝမြို့နယ် သက္ကလမြို့သစ်နှင့် ကွန်ကရစ်လမ်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁

ကဝမြို့နယ် သက္ကလမြို့သစ်နှင့် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် အလှူရှင်တို့က သက္ကလမြို့သစ်နှင့် ကွန်ကရစ်လမ်းတို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသော တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်အသင်းနှင့် ကဝမြို့နယ်အသင်း(အမျိုးသား) ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

iStock®
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd.
Contact Us ...
YGN 09-73136079, 09-31051295
09-43064181
MDY 09-31406813, 09-91050973

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၁

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ကျေးရွာသစ်လှုပ်ရှားမှုဗဟိုဌာန အဆောက်အအုံသစ်ဖွင့်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှု ဗဟိုဌာန အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီတွင် အဆိုပါအဆောက်အအုံ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကိုရီးယားသမ္မတနိုင်ငံ လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Yoo Jeong Boki ၊ SMU နိုင်ငံတကာ ဆက်ဆံရေးဌာန ဥက္ကဋ္ဌ H.E. Mr. Joo Hwan Bok နှင့် ကိုရီးယား သံအမတ်ကြီး H.E. Mr. Kim Hae Yong တို့က ဗဟိုဌာနအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ယာပုံ)** ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းကြကာ ဗဟိုဌာန အဆောက်အအုံကို ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြန်မာနိုင်ငံ၌ နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်စည်းလုံးရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံရေး၊ စီးပွားရေးနှင့်ပုဂ္ဂလိကလုပ်ငန်းများမှာ ပြုပြင်ပြောင်းလဲမှုများနဲ့ ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမဝန်ကြီးဌာန အနေနှင့်လည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ငွေစုငွေချေး၊ အသေးစားချေးငွေလုပ်ငန်းအပြင် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုရီးယားဝန်ကြီးနှင့် သမဝါယမဝန်ကြီးတို့ နားလည်မှုစာချွန်လွှာ ရေးထိုးပြီးဖြစ်၍ SAEMAUL စီမံကိန်းကို မြန်မာနိုင်ငံအနှံ့ တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်ဖြစ်ကြောင်း၊ ကျေးရွာသစ် စီမံကိန်းအနှစ်သာရ နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ ကျေးရွာမှ လိုအပ်သည့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များမှာ ကျေးရွာအားတစ်ခုတည်းနှင့် မဆောင်ရွက်နိုင်သည်ကို ဆောင်ရွက်နိုင်အောင် SAEMAUL Center က အကောင်အထည်ဖော်ပေးမှုနှင့် ဒုတိယအချက်မှာ မိသားစုတစ်စုချင်းစီအတွက်ရော ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ မိမိအား မိမိယုံပြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရွာသူရွာသားများက ကိုယ့်အားကိုယ်ကိုးလိုစိတ်၊ ကြီးပွားတိုးတက်ချင်စိတ်ရှိအောင် SAEMAUL လှုပ်ရှားမှုက ပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေနှင့် ဌာနကချမှတ်ထားသည့် လုပ်ငန်းစဉ် (၃)ရပ်ကို SAEMAUL နှင့် ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဌာနဝန်ကြီးနှင့်SMU နိုင်ငံတကာဆက်ဆံရေးဌာန ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှန်လုံယာဉ်အချို့ သက်ဆိုင်ရာက ကြပ်မတ်သင့်

ထင်သာမြင်သာ ပြုပြင်စရာ

တွဲတေး စက်တင်ဘာ ၁

တွဲတေးမထသဌာနခွဲ(၅)၏ ကြီးကြပ်မှုအောက်ရှိ မှန်လုံကား၏ယာဉ်စီးခနှုန်း ငွေကျပ် ၂၀၀ သတ်မှတ်ထားသော်လည်း ငွေကျပ် ၃၀၀ နှုန်းဖြင့် သွားလာကြရသည်။ ပြည်သူအားလုံး သိရှိထားသော်လည်း မပြောကြပါ။ ဒလ-ပန်းဆိုးတန်း ဇက်တစ်ခေါက်ကူးလျှင် ၁၅ မိနစ် ကြာသည်။ တွဲတေးသို့ ဆက်လက် ခရီးသွားလိုသူများ အဆိုပါ တွဲတေးကားများကို စီးကြရသည်။

ပထမတစ်ခေါက် သင်္ဘောဆိုက်ကပ်ချိန်တွင် ကားထိုင်ခုံပြည့်သော်လည်း မထွက်သေးပါ။ သင်္ဘော တစ်ချိန် ဆိုက်ကပ်တိုင်း ကားစက်နှိုးသော်လည်း ဇက်ပေါ်မှလူကုန်လျှင် ကားစက်ပြန်ရပ်သည်။ ဒုတိယအကြိမ် သင်္ဘောဆိုက်ကပ်သည့်အခါတွင် အလယ်ခုံများနှင့်အလယ်တွင်းသို့ ပလတ်စတစ်ထိုင်ခုံများထိုး၍ လူထပ်တင်သည်။ အလယ်ခုံထပ်မံ၍ ပြည့်သွားသော်လည်း ကားမထွက်သေးပါ။ အချိန်မစောင့်နိုင်သော ခရီးသည်များက "မထွက်သေးဘူးလား"ဟု မေးရာတွင် စပယ်ယာပျောက်၊ ဒရိုင်ဘာရှောင်ပြီး တရားမဝင်ခရီးသည် ကြိုသူများက အတွယ်စောင့်နေတာ။ မြန်ချင်ရင် အမြန်ကားစီးဆိုပြီး မောက်မာစွာပြောဆိုဆက်ဆံသည်ကို ကြားသိရသည်။

အဆိုပါ လုပ်ရပ်အားလုံးကို မထသ တာဝန်ရှိသူများမသိ၍လား၊ မျက်နှာလွှဲထားသည်လား နားမလည်နိုင်ပါ။ မထသသည် အရှိန်အဝါကြီးသော အဖွဲ့အစည်းတစ်ခု ဖြစ်သော်လည်း အထက်ပိုင်းတာဝန်ရှိသူများက မည်သို့ပင် ကြပ်ပါစေ ဂိတ်မှူး၊ စပယ်ယာ၊ ဒရိုင်ဘာများ၏ လုပ်ချင်ရာလုပ် ပြုချင်ရာပြု အပြုအမူများက ခရီးသွားပြည်သူများကို မထီမဲ့မြင်ပြုရာရောက်နေသကဲ့သို့ စည်းကမ်းမဲ့သူများကြောင့် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာ၊ စိတ်မချမ်းမြေ့စရာများဖြစ်ကြရကြောင်းနှင့် ထိန်းသိမ်းကြပ်မတ်ပေးရန် တင်ပြအပ်ပါသည်။

တွဲတေးသား

မိုးစပါးစုပေါင်းကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲ ကျင်းပ

ဟုမ္မလင်း စက်တင်ဘာ ၁

ဟုမ္မလင်းမြို့နယ် ခေါင်းခမ်းအုပ်စု နားနှိုးကျေးရွာတွင် မိုးစပါးပုလဲခတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲနှင့် ပေါင်းလိုက်တမန်းနှိုးပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၈ နာရီက ကွင်းအမှတ် (၆၂) ဦးပိုင်အမှတ် (၅၉)ကွင်းရှိ တောင်သူဒေါ်ပျား၏ ပုလဲသွယ်စပ်မျိုးစပါးလယ်၌ ကျင်းပသည်။

အဆိုပါ မြေဩဇာကြဲပက်ပွဲသို့ ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်ညီနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးမြတ်နှင့် ဝန်ထမ်းများ၊ တောင်သူများက တပျော်တပါး မြေဩဇာ စုပေါင်းကြဲပက်ကြပြီး ပေါင်းလိုက်တမန်းနှိုးပေးကြကြောင်း သိရသည်။ **(မြို့နယ်/ပြန်ဆက်)**

တရုတ်ရေတပ်ဆေးရုံသင်္ဘော၌ ဆေးကုသပေးမှုများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁

ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေးကုမ္ပဏီ၏ တစ်ရက်တန် ၅၀၀ ကျ ဆန်စက်တည်ဆောက်ရေး စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီကရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် တစ်ချိန်က အာရှတိုက်၏ ဆန်အိုးကြီးဟုပင် တင်စားခံရသည့် နိုင်ငံဖြစ်ခဲ့ပြီး လက်ရှိအခြေအနေတွင်လည်း ဆန်စပါးတိုးတက်ထုတ်လုပ်ရန် အခြေအနေအကောင်းဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရှိနေဆဲဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်ကို ဟန်ချက်ညီညီ တွန်းအားပေးမှသာ အောင်မြင်မှုရနိုင်ကြောင်း၊ တန်းမြင့်ဆန်တင်ပို့နိုင်ရေးတွင် အဓိကဆန်စက်များကောင်းမွန်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာဈေးကောင်းရရှိရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးတို့အတွက် ပြည်တွင်းဆန်စက်များအား တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆန်စက်တည်ဆောက်ရာတွင်လည်း ခေတ်သစ်အတွေးအခေါ်များဖြစ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကာဗွန်လျှော့ချရေး၊ အစိမ်းရောင်စနစ်များအပြင် လုပ်ငန်းခွင်လူမှုပတ်ဝန်းကျင် စံချိန်စံနှုန်းများနှင့် တွက်ချက်စီမံတည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကိုးသွယ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သန်းဦးနှင့် Buhler Group (China & South East Asia)မှ Chairman Mr .Dieter Voegtli တို့က ဆန်စက်တည်ဆောက်ရေး သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့နံနက် ၈ နာရီတွင် သန်လျင်မြို့နယ် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း၌ ရောက်ရှိနေသော တရုတ်ရေတပ်ဆေးရုံသင်္ဘော Peace Ark (၈၆၆)အား သွားရောက်ကြည့်ရှုလေ့လာရာ ရေတပ်ဆေးရုံသင်္ဘောမှ Rear Admiral Shen Hao နှင့် တာဝန်ရှိသူများက အစည်းအဝေးခန်းမတွင် ဆေးကုသမှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်္ဘောအတွင်းရှိ ဆေးကုသရေးအခန်းများကို ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

တရုတ်ရေတပ်ဆေးရုံသင်္ဘောသည် ခုတင် ၃၀၀ ဆံ့ အရေးပေါ်ဆေးဝါးထောက်ပံ့မှုပေးနိုင်ပြီး အထူးကြပ်မတ်ကုသခန်း ၂၀၊ ခွဲစိတ်ခန်း ရှစ်ခန်းပါဝင်ပြီး တစ်နေ့လျှင် အကြီးစားခွဲစိတ်မှု အကြိမ် ၄၀ ပြုလုပ်နိုင်ကာ ဆေးပစ္စည်းကိရိယာ အစုံအလင်ပါဝင်၍ စက်တင်ဘာ ၃ ရက်အထိ ခွဲစိတ်ကုသမှုများ၊ ကျန်းမာရေးစစ်ဆေးမှုများ၊ ဆေးကုသမှုများကို အနောက်တိုင်းဆေးပညာများနှင့် ပေါင်းစပ်ကာ တရုတ်ရိုးရာဆေးကုထုံးများ၊ရိုးရာတိုင်းရင်းဆေးပညာရပ်များဖြင့် ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗီယက်နမ်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၂ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဓမ္မာရုံသစ်ကြီး လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်၌ အသစ်ဆောက်လုပ်ပြီးစီးသည့် ဓမ္မာရုံသစ်ကြီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဓမ္မာရုံသစ်ကြီး၌ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး တက်ရောက်ပြီး အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းဦးက လွှဲပြောင်းပေးအပ်ခဲ့သည်။

လှူဒါန်းထား

ယခုကဲ့သို့ အလျား ၇၂ ပေ၊ အနံပေ ၃၀ တစ်ထပ်အဆောက်အအုံ ဓမ္မာရုံသစ်ကြီး တည်ဆောက်ပေးခြင်းအားဖြင့် ရပ်ကွက်နေပြည်သူများ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားပွဲများကျင်းပခြင်း၊ နေ့ကြီးရက်ကြီးများတွင် ဘာသာရေးအခမ်းအနားများ ကျင်းပခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ ကလေးသူငယ်များအတွက် ယဉ်ကျေးလိမ္မာ သင်တန်းများဖွင့်လှစ်ခြင်းနှင့် သာရေး၊ နာရေးဆိုင်ရာကိစ္စများကို စိတ်ချမ်းမြေ့စွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ဓမ္မာရုံကြီး၌ တရားဒေသနာတော်များ ဖတ်ရှုလေ့လာနိုင်ရန်အတွက် အလှူရှင်များက တရားဓမ္မစာအုပ်များကို လှူဒါန်းထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကံထူးရှင်ပေါ်ထွက်

နေပြည်တော် စက်တင်ဘာ ၁

(၂၉၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း(၁၅၀၀)	ကျပ်သိန်း(၁၀၀)ဆု(မင်္ဂလာစုံတွဲ)
ဇ-၁၄၂၉၉၇	ဈ-၉၂၅၉၄၀
ကျပ်သိန်း(၁၀၀၀)	ကက-၉၉၂၉၃၉
မ-၂၅၆၉၈၃	ဈ-၇၂၇၄၃၉
	ပ-၅၀၀၇၉၀
ကျပ်သိန်း(၅၀၀)	ဇ-၅၅၁၉၂၉
ဂ-၄၀၉၆၅၅	မ-၄၂၅၄၀၉
	ဖ-၆၁၀၆၁၈
ကျပ်သိန်း(၃၀၀)ဆု	ဌ-၅၈၃၆၇၅
ခ-၃၄၃၁၀၉	တ-၄၁၅၇၄၆
ကျပ်သိန်း(၂၀၀)ဆုများ	န-၆၈၅၂၇၀
ည-၃၀၅၃၅၃	ဇ-၅၉၃၀၂၄
ဍ-၇၆၆၉၈၆	က-၁၀၄၂၇၈
ဃ-၈၄၇၇၃၂	င-၉၁၂၆၇၂
ပ-၁၉၉၈၄၁	ထ-၃၁၈၄၄၃
ဍ-၄၈၄၇၆၀	ဌ-၇၉၄၁၃၆
	ဗ-၃၁၉၂၀၂

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

အခြေခံအလုပ်သမားအဖွဲ့ အစည်းများမှခေါင်းဆောင်များ ဂျပန်တွင် လူငယ်ခေါင်းဆောင်မှုသင်တန်းတက်ရောက်

ရန်ကုန် စက်တင်ဘာ ၁

ဂျပန်နိုင်ငံတွင် စက်တင်ဘာလ ၁ ရက်မှ ၇ ရက်ထိ ဖွင့်လှစ်မည့် လူငယ်ခေါင်းဆောင်မှုသင်တန်းသို့ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUM) မှ အခြေခံအလုပ်သမားအဖွဲ့အစည်းခေါင်းဆောင် ၁၀ ဦးကို သင်တန်းတက်ရောက်ရန်အတွက် စေလွှတ်ခဲ့ကြောင်း အဆိုပါအဖွဲ့ ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က ပြောကြားသည်။

အဆိုပါသင်တန်းအား ဂျပန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအတွက် ကူညီပံ့ပိုးရေးဖောင်ဒေးရှင်း (JILAF) မှ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားသမဂ္ဂလှုပ်ရှားမှုအခြေအနေများ၊ အလုပ်သမားနှင့် လူမှုဖူလုံရေးအား တရားဥပဒေအရ စီရင်ပြဋ္ဌာန်းခြင်းနှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ ထို့ပြင် (JILAF) အဖွဲ့မှ ဥက္ကဋ္ဌနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းကိုပါ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ အမျိုးသမီးကော်မတီအတွင်းရေးမှူး ဒေါ်ခိုင်ဇာအောင်ထံမှ သိရသည်။

ယင်းလူငယ် ခေါင်းဆောင်မှုသင်တန်းသို့ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံအခြေခံ အလုပ်သမားအဖွဲ့အစည်းအပါအဝင် တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး၊ စက်မှုဇုန်အလုပ်သမား၊ သယ်ယူပို့ဆောင်ရေးအစရှိသောကဏ္ဍများမှ အခြေခံအလုပ်သမားအဖွဲ့အစည်းများပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စတင်ချိတ်ဆက်

မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တွင် အဖွဲ့အစည်းပေါင်း ၁၉၇ ဖွဲ့ရှိပြီး အဖွဲ့ဝင်ဦးရေ ၁၆၀၄၁ ဦးရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်သည် ၁၉၉၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (ITUC)နှင့် စတင်ချိတ်ဆက်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာခဲ့ကြောင်း သိရသည်။

ရဲခေါင်၊ မြတ်သန္တာမောင်

ဂျပန် နိုင်ငံတွင် ဖွင့်လှစ်သည့် လူငယ်ခေါင်းဆောင်မှု သင်တန်းသို့ တက်ရောက်မည့်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

သာကီဒေသ့ ဂျာနယ် အမှတ်(၄)ထွက်ပြီ

♦ အင်းစိန်ရွာမဆရာတော်ကြီး၏ အမြဲအမည်းမသဲကွဲသူများသို့ ♦ အရှင်ပညာဝရ(သိမ်ဖရပ်)၏ မျိုးစောင့်ဥပဒေ အပေါ် ရှင်းလင်းချက်များ ♦ ထင်လင်းဦးနှင့်ဦးလှဆွေတို့အတွက် ထုံးမြန်ရိုက်ခတ်ချက်များ ♦ ဒေါက်တာသောပါက၏ လက်မှတ်ထိုး၍ သာသနာပြုရအောင် ♦ သာကီဒေသ့စိတ်ဓာတ်ရှင်သန်စေရန် ♦ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့များ မြို့နယ်အနှံ့ခမ်းဆန့်လှုပ်ရှားနေပြီ ♦ မျိုးစောင့်ဥပဒေ ဦးခင်မောင်ဆွေအမြင် . . . ♦ သီတဂူဆရာတော်ကြီး ♦ နတ်မင်းကြီး ♦ ရှုပါလ ♦ ယောသိကျ ♦ မဟာဓောဓိမြိုင်ဆရာတော် ♦ အရှင်ကိတ္တိလကာရ ♦ ကျော်ကရိုတ်သား ♦ သာကီနွယ်(အင်းစိန်) ♦ ပန်းဗေဒကိုတင်မြင့် ♦ နိုင်ဖော် ♦ မောင်ဒေသ့ချွန် ♦ တင်ထွန်းဖေ ♦ ပန်းချီကောင်း၏ အမေရှပ်ပြ ♦ မြနန်းရှင် ♦ သန့်စင်ဖေ ♦ ဆွေလှိုင်ထက်

ဂျာနယ် အမှတ်(၁)-(၂)-(၃)တို့အား ပြန်လည်ပုံနှိပ်ဖြန့်ချီမည်ဖြစ်သဖြင့် အရောင်းကိုယ်စားလှယ်တော်များ ဖြန့်ချိရေးသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန် - အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ ဖုန်း - ၀၉ ၂၅၀၀၄၄၆၁၂

ဆက်သွယ်ရေးတာဝါတိုင်များ

Telecommunication Towers

(Hot dip galvanized)

နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေးတာဝါတိုင်များကို (အောက်ပါစံချိန်စံညွှန်းများအတိုင်း)လိုသလောက်ဝယ်ယူနိုင်၍ ပစ္စည်းများကို လာရောက်ကြည့်ရှုနိုင်ပါသည်။

စံချိန် စံညွှန်း (Specification)

1. 3 legged Tower (42 m Height)
2. Steel grades - SS 400
3. Steel member (Shall be hot dip galvanized)

INDIGO SEA MYANMAR Trading Co;Ltd.

Office Ph : 95-1-2301521, 09-448007779, 09-73138048

Email : indigoseasg@gmail.com

နိုင်ငံတကာသတင်း

ယီမင်ဝန်ကြီးချုပ် အသက်ဘေးလွတ်

ဆာနား စက်တင်ဘာ ၁

ယီမင်ဝန်ကြီးချုပ် မိုဟာမက် ဆလမ်း ဘာရှင်ဒဝါသည် လုပ်ကြံခံရသော်လည်း ဘေးမသီရန်မခဘဲ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း မြို့တော်ဆာနားရှိ တာဝန်ရှိသူများက ပြောကြားသည်။

ယီမင်ဝန်ကြီးချုပ်သည် ရုံးမှအိမ်သို့အပြန် ၄င်း၏ယာဉ်တန်းကို ကားတစ်စီးတွင်လိုက်ပါလာသည့် သေနတ်သမားများက ကားပေါ်မှ ပစ်ခတ်ခဲ့ကြောင်း ၄င်း၏အကြံပေးအရာရှိတစ်ဦးက ပြောသည်။

ယီမင်အစိုးရ အဖွဲ့ဝင်များကို ယခင်က ထိုကဲ့သို့ပစ်မှတ်ထားတိုက်ခိုက်မှုရှိခဲ့သော်လည်း ဝန်ကြီးချုပ်မှာမူ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ အေအက်ဖ်ပီသတင်းအေဂျင်စီက သတင်းဖော်ပြသည်။ ယီမင်အစိုးရအနေဖြင့် အာရေဗျကျွန်းဆွယ်တွင် အယ်လ်ခိုင်ဒါ စစ်သွေးကြွများအား တိုက်ခိုက်လျက်ရှိသည်။ မစ္စတာဘာရှင်ဒဝါသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲမတိုင်မီက အစိုးရကို ဆန့်ကျင်သည့် ထိပ်တန်းဆန့်ကျင်ရေးသမားတစ်ဦး ဖြစ်သည်။ သမ္မတအလီအဗ္ဗဒူ အာဏာလက်လွှတ်ခဲ့ရပြီးနောက် နိုင်ငံ၏ အချုပ်အခြာအာဏာကို ဝန်ကြီးချုပ် ဘာရှင်ဒဝါက ထိန်းချုပ်လာနိုင်ခဲ့သည်။ **(အေအက်ဖ်ပီ)**

ပါလက်စတိုင်းဒေသနှင့် အီဂျစ်ကြားနယ်စပ် ရာဖာမြို့တွင် အီဂျစ်လုံခြုံရေးတပ်ဖွဲ့က ဥမင်လိုဏ်ခေါင်းများ ဖြိုချဖျက်ဆီးရာတွင် ပေါက်ကွဲမှုများနှင့် မီးခိုးလုံးကြီးများ လွင့်ပျံလျက်ရှိစဉ်။ (ဓာတ်ပုံ-ပရက်စ်တီဗီ)

ဂါဇာ-အီဂျစ်နယ်စပ် ဥမင်လိုဏ်ခေါင်းများ အီဂျစ်လုံခြုံရေးအဖွဲ့က ဖြိုချဖျက်ဆီး

ရာဖာ စက်တင်ဘာ ၁

ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်ကိုဆက်သွယ်ထားသော ဥမင်လိုဏ်ခေါင်းများကို အီဂျစ်လုံခြုံရေးတပ်များက ဖြိုချဖျက်ဆီးပစ်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပါလက်စတိုင်းဒေသနှင့် အီဂျစ်ကြားနယ်စပ် ရာဖာမြို့၌ ပေါက်ကွဲမှုများနှင့် မီးခိုးလုံးကြီးများ လွင့်ပျံတက်နေပုံ ရုပ်မြင်သံကြား ဗီဒီယိုမှတ်တမ်းကို ဩဂုတ် ၃၁ ရက်က ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါဥမင်လိုဏ်ခေါင်းများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို အီဂျစ်မှ ဂါဇာကမ်းမြောင်ဒေသသို့ ကုန်ပစ္စည်းနှင့် ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုကြောင်း အီဂျစ်လုံခြုံရေးတပ်များက ပြောကြားသည်။

ဂါဇာဘက်မှ စားသောက်ကုန်များ၊ စက်သုံးဆီနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများသယ်ယူခြင်းမှ ကာကွယ်ရန်အတွက် ဥမင်လိုဏ်ခေါင်းများကို ဖြိုချဖျက်ဆီးရခြင်းဖြစ်ကြောင်း အီဂျစ်လုံခြုံရေးအဖွဲ့က ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားကို စစ်ရေးအရ အရေးယူရန် လွှတ်တော်သို့ အမေရိကန်သမ္မတတောင်းဆို

ဝါရှင်တန် စက်တင်ဘာ ၁

ဆီးရီးယားတွင် ဓာတုလက်နက်သုံးတိုက်ခိုက်သည်ဟု စွပ်စွဲချက်အရ စစ်ရေးအားဖြင့် ဝင်ရောက်ဖြေရှင်းရေးအခွင့်အာဏာပေးရန် အမေရိကန် သမ္မတဘားရက်အိုဘားမားက ကွန်ဂရက်လွှတ်တော်ကို တရားဝင်တောင်းဆိုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက စက်တင်ဘာ ၁ ရက်တွင် ဖော်ပြသည်။

နယ်ပယ်ကျူးကျော်ခြင်း မဟုတ်စေရဘဲ မည်သည့်စစ်ဆင်ရေးမျိုးကိုမဆို ကန့်သတ်လုပ်ဆောင်သွားရန်လိုကြောင်း သမ္မတအိုဘားမားက ဆီးရီးယားအရေးနှင့် ပတ်သက်ပြီး ပြောကြားသည်။ ကွန်ဂရက် လွှတ်တော်ကို စက်တင်ဘာ ၉ ရက်တွင် ပြန်လည်ကျင်းပရန်ရှိသည်။

ဆီးရီးယားစစ်တပ်သည် ဩဂုတ် ၂၁ ရက်က ဓာတုလက်နက်သုံးတိုက်ခိုက်ရာ ပြည်သူ ၁၄၂၉ ဦးသေဆုံးခဲ့ရသည့်အဖြစ်အပျက်ကို ဝါရှင်တန်က အခိုင်အမာစွဲဆိုပြီးနောက် ယခုကဲ့သို့ အိုဘားမားက စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန် တောင်းဆိုခြင်းဖြစ်သည်။

အိုဘားမား၏ ထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး ဆီးရီးယားအစိုးရဘက်က ချက်ချင်းတုံ့ပြန်မှုတစ်စုံတစ်ရာ မပြုပေ။ အစောပိုင်းက အမေရိကန်၏ စွပ်စွဲချက်များကို ဆီးရီးယားတို့ဘက်က ပြစ်တင်ဝေဖန်ခဲ့ပြီး တိုက်ခိုက်မှုများနှင့်ပတ်သက်၍လည်း သူပုန်အုပ်စုများကို အပြစ်ဖို့ခဲ့သည်။ **(ဘီဘီစီ)**

အသက် ၆၄ နှစ်ရှိ အမေရိကန် ရေကူးမယ်အဘွား ကျူးဘားမှ အမေရိကန်ကို လက်ပစ်ကူးသွားမည်

ဖလော်ရီဒါ စက်တင်ဘာ ၁

အမေရိကန်ရေကူးမယ် ဒိုင်ယာနာညက်သည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့မှ ဖလော်ရီဒါသို့ ငါးမန်းကာပစ္စည်းမပါဘဲ ပထမဆုံးသော ရေကူးနိုင်သူဖြစ်လာရန် ထပ်မံကြိုးစားမည်ဖြစ်ကြောင်း ၄င်း၏အေးဂျင့်က ပြောကြားသည်။

သူမသည် လွန်ခဲ့သော နှစ်က အဆိုပါ ဖလော်ရီဒါ ရေလက်ကြားကို ဖြတ်ကူးရန် ကြိုးစားခဲ့ရာ ပင်လယ်ပြင်ကြမ်းတမ်းခြင်းနှင့် ရေခူများ နှောင့်ယှက်ခြင်းကြောင့် မအောင်မြင်ခဲ့ဟု ဆိုသည်။ မိုင်အားဖြင့် ၁၀၃ မိုင် ကျယ်ပြောလှသည့် အဆိုပါ ဖလော်ရီဒါ ရေလက်ကြားကို ပဉ္စမအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ဖြတ်ကူးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း အသက် ၆၄ နှစ်အရွယ်ရှိ ရေကူးမယ် ဒိုင်ယာနာညက်က ပြောသည်။

သူသည် ရေခူများ အန္တရာယ်မှ ကာကွယ်နိုင်ရန် အထူးဆီလီကွန်မျက်နှာဖုံးကို တပ်ဆင်ပြီး ရေကူးမည်ဟု ဆိုသည်။ **(ဘီဘီစီ)**



ဖလော်ရီဒါ ရေလက်ကြားကို ဖြတ်၍ ကျူးဘားသို့ ရေကူးသွားမည့် အမေရိကန်ရေကူးမယ် ဒိုင်ယာနာညက်။

စနိုးဒန်းဖွင့်ချခဲ့သည့် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများ၏ ဘတ်ဂျက်ခွဲတမ်းကို ဝါရှင်တန်ပို့စ်သတင်းစာတွင်ဖော်ပြ

ဝါရှင်တန် စက်တင်ဘာ ၁

အမေရိကန်ထောက်လှမ်းရေးကွန်ရက်၏ ဒေါ်လာဘီလီယံများစွာသော ဘတ်ဂျက်ခွဲတမ်းချထားမှုတစ်ရပ်ကို ဖော်ကောင်အက်ဒ်ဝပ်စနိုးဒန်းဖွင့်ချခဲ့သော မှတ်တမ်းဖိုင်များတွင် ပါရှိခဲ့ပြီး ဝါရှင်တန်ပို့စ်သတင်းစာ က ယင်းထောက်လှမ်းရေး ဘတ်ဂျက်ကို ဖော်ပြလိုက်သည်။

ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည့် စနိုးဒန်းဖွင့်ချခဲ့သော မှတ်တမ်းဖိုင်များမှ ထောက်လှမ်းရေး ဘတ်ဂျက်ခွဲတမ်းစာရင်း။ (ဓာတ်ပုံ-ဝါရှင်တန်ပို့စ်)

စနိုးဒန်း ဖော်ထုတ်လိုက်သည့် မှတ်တမ်းဖိုင်များအရ အမေရိကန်ထောက်လှမ်းရေး အေဂျင်စီ ၁၆ ခုအတွက် ဘတ်ဂျက်အသုံးငွေ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ ဘီလီယံအနက်မှ စီအိုင်အေ၏ အသုံးစရိတ်မှာ အများဆုံးဖြစ်ပြီး ဒေါ်လာဘီလီယံ ၁၄ ဒသမ ၇ ဘီလီယံရှိကြောင်း သိရသည်။

အဆိုပါ ထောက်လှမ်းရေးအဖွဲ့အစည်းများအနက် အေဂျင်စီနှစ်ခုသည် ပြည်ပကွန်ပျူတာကွန်ရက်များအတွင်း ဖောက်ထွင်းဝင်ရောက်ခြင်းများ လုပ်ဆောင်ကြကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသည် ထောက်လှမ်းရေးပိုင်းတွင် အသုံးစရိတ်ခွဲတမ်းချထားမှုကို ပြည်သူသို့အသိပေးချပြခြင်းမပြုပေ။

ယခုထောက်လှမ်းရေးဘတ်ဂျက် အသေးစိတ်ငွေစာရင်းဇယားကို ဝါရှင်တန်ပို့စ်က ဖော်ပြခဲ့သော်လည်း သတင်းရရှိမှုလမ်းကြောင်းနှင့် ရင်းမြစ်များအတွက် အန္တရာယ်အရိပ်အငွေ့မကင်းခြင်းကို အမေရိကန်တာဝန်ရှိသူများက ပြသခဲ့ပြီးနောက် မှတ်တမ်းအလုံးစုံကို ဖော်ပြခဲ့ခြင်းမပြုဘဲ အထိအခိုက်မခံသည့် ယခုဘတ်ဂျက်ခွဲတမ်းကိုသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။ အမေရိကန် စီအိုင်အေ၏ အသုံးစရိတ်သည် ၂၀၀၄ ခုနှစ်မှ စတင်ကာ ၅၀ ရာခိုင်နှုန်းထက်မနည်း ပိုမိုကြီးထွားလာခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းအရသိရသည်။ **(ဘီဘီစီ)**

နိုင်ဂျီးရီးယားသူပုန်လက်ချက် အနည်းဆုံး ပြည်သူ ၂၄ ဦးသေဆုံး

အဘူဂျာ စက်တင်ဘာ ၁

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ သံသယရှိ ဘိုကိုဟာရမ်တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်ခံရမှုကြောင့် ကျေးလက်စေတနာ့ဝန်ထမ်းအဖွဲ့မှ အနည်းဆုံးအဖွဲ့ဝင် ၂၄ ဦးသေဆုံးသွားကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။

ဘော်နိုပြည်နယ် မွန်ဂူနိုမြို့အနီး ယင်းတိုက်ခိုက်မှုကြောင့် အခြား ၃၄ဦးလည်း ပျောက်ဆုံးနေကြောင်း ၎င်းတို့က ပြောသည်။

စစ်ယူနီဖောင်းဝတ်ဆင်ထားသော အဆိုပါ စစ်သွေးကြွများသည် ဩဂုတ် ၃၀ရက်က စေတနာ့ဝန်ထမ်း ၁၀၀ ကျော်ကို ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတာဝန်ရှိသူများက ပြောသည်။

အစ္စလာမ္မစ်စစ်သွေးကြွများ သောင်းကျန်းနေသည့် ဒေသများသို့ အစိုးရတပ်များ ပိုမိုဖြန့်ကြက်ချထားသော်လည်း မကြာသေးမီက တိုက်ခိုက်မှုများ တိုးလာလျက်ရှိသည်။

နိုင်ဂျီးရီးယားအစိုးရတပ်က ဘိုကိုဟာရမ်ခေါင်းဆောင် အဘူဘာဘာရှေးကုအား သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း မကြာသေးမီက ပြောကြားသည်။ နိုင်ဂျီးရီးယားအစိုးရက ပြည်သူ့စစ်များ ဖွဲ့စည်းပေးထားခဲ့ပြီး အစ္စလာမ္မစ်များအား တိုက်ခိုက်ရာတွင် ကူညီပေးရန်တိုက်တွန်းထားသည်။ **(ဘီဘီစီ)**

နိုင်ငံတကာသတင်း

ဆီးရီးယားကိုတိုက်ရန် အိုဘားမား ဆုံးဖြတ်လိုက်ပြီ

အမေရိကန်ထောက်လှမ်းရေးအသိုင်းအဝိုင်းက ဆီးရီးယားအစိုးရက ပြည်ပကျောထောက်နောက်ခံ အတိုက်အခံတိုက်ခိုက်ရေးသမားများကို ဓာတုလက်နက်အသုံးပြုကြောင်း ပြောကြားလိုက်ပြီးနောက် အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားကိုတိုက်ခိုက်သင့်ပြီဟု ဆုံးဖြတ်ထားကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ဩဂုတ် ၃၁ ရက်တွင် ပြောကြားလိုက်သည်။

၎င်းအနေဖြင့် လွှတ်တော်အမတ်များ၏ တိုက်မိန့်ကိုလည်း ရရှိလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သမ္မတအိုဘားမားက ပြောကြားလိုက်သည်။ လွန်ခဲ့သောရက်များက ကွန်ဂရက်လွှတ်တော်အမတ်များ၏ ပြောဆိုသံများကို ကြားပြီးသားဖြစ်ကြောင်း အိုဘားမားကပြောကြားသည်။

ကွန်ဂရက်ခေါင်းဆောင်များသည် ဆီးရီးယားအရေးဆွေးနွေးရန် သဘောတူထားသည်။ ကွန်ဂရက်က လက်မခံခဲ့သည်ရှိသော် စစ်ဦးစီးချုပ်အဖြစ် ၎င်း၏အာဏာကို အသုံးပြုတိုက်မည်၊ မတိုက်မည်ဆိုသည်ကို အိုဘားမားက မပြောဘဲရှိနေသည်။

....

အမေရိကန်ရေတပ်သင်္ဘောများ ဆီးရီးယားကိုတိုက်ရန်အသင့်ပြင်

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဆီးရီးယားကို တိုက်ခိုက်ရန် ကွန်ဂရက်လွှတ်တော်၏ သဘောတူညီချက်ကို စောင့်ဆိုင်းနေစဉ် မြေထဲပင်လယ်အရှေ့ပိုင်း၌ အမေရိကန်ရေတပ်စစ်သင်္ဘောများက တိုက်ခိုက်ရန်အသင့်ပြင်ထားဆဲဖြစ်ကြောင်း စက်တင်ဘာ ၁ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပဲ့ထိန်းဒုံးကျည်သုံး ဖျက်သင်္ဘောငါးစင်းနှင့် ကမ်းတက်တိုက်ခိုက်ရေးရေယာဉ်တစ်စင်းသည် ပင်လယ်ထဲ၌ ခလုတ်နှိပ်ပစ်ခတ်ရန်အသင့် အနေအထားရှိနေဆဲဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါရေတပ်သင်္ဘောများမှာ USS Stout,USS Gravely, USS Mahan, USS Barrg နှင့် USS Kamage တို့ဖြစ်ကြသည်။ ၎င်းရေတပ်သင်္ဘောများသည် တိုမာဟော့ ခရုဇ်ဒုံးကျည်ဒါဇင်ပေါင်းများစွာနှင့်အတူ ပစ်ခတ်ရန်အသင့်ပြင်ဆင်ထားသည်။ USS San Antonio ရေတပ်သင်္ဘောသည် အမှတ် (၂၆) ရေတပ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၇၀၀ ကို တင်ဆောင်လာပြီး ကမ်းတက်တိုက်ခိုက်ရေးယာဉ်များ၊ တိုက်လေယာဉ်များနှင့်အတူ အသင့်စောင့်ဆိုင်းလျက်ရှိသည်။

မြင့်မောင်စိုး-စုစည်းသည်

ယူရိုဇုန်စီးပွားရေးတိုးတက်ရန် အလားအလာရှိနေ

မောင်မဟာ

ဂျာမနီနိုင်ငံ၏ ပဉ္စမမြောက်အကြီးဆုံးမြို့တော် ဖရန့်ဖတ်ရှိ ဥရောပဗဟိုဘဏ်တည်ရှိရာ ယူရိုတာဝါ။

ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးနေတဲ့အချိန်မှာ ယူရိုဇုန်စီးပွားရေးက ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာ တိုးတက်မှု အနည်းငယ်ရှိခဲ့တယ်လို့ ဥရောပကော်မရှင်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြလိုက်ပါတယ်။

ယူရိုဇုန်မှာ စီးပွားရေးအကျပ်အတည်းနဲ့ ကြုံတွေ့နေရပြီး ငွေကြေးပြဿနာတွေနဲ့ ရင်ဆိုင်နေရတာကြောင့် စီးပွားရေးအပေါ် ဂယက်ရိုက်မှုတွေဖြစ်နေပြီး ယူရိုဇုန်နိုင်ငံတွေမှာ စီးပွားရေးတိုးတက်မှု ကျဆင်းခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။

ယူရိုဇုန်အတွင်းမှာ ပြီးခဲ့တဲ့ ဩဂုတ်လက စီးပွားရေးတိုးတက်မှုနှုန်းဟာ ၂ ဒသမ ၇ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့တယ်လို့ ဆိုထားပြီး ဒါဟာ နည်းပါးပေမယ့် စီးပွားရေးတိုးတက်မှု အညွှန်းကိန်းဖြစ်ထွန်းနေတယ်ဆိုတာကို ဖော်ပြနေခြင်းဖြစ်ပါတယ်လို့ ဆိုပါတယ်။

ယူရိုဇုန်မှာ ပြီးခဲ့တဲ့ မေလက စတင်ပြီး စီးပွားရေးတိုးတက်မှု အနည်းငယ်ဖြစ်ပေါ်ခဲ့တာကို တဖြည်းဖြည်းနဲ့ အချိန်အဟုန်ရရှိလာအောင် ကြိုးစားနေတာမို့ ယူရိုဇုန် ဧရိယာထဲမှာပါဝင်တဲ့နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ကြိုးစားမှု၊ ငွေကြေးပြဿနာဖြေရှင်းမှု၊ ငွေကြေးစီးဆင်းမှုနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်အောင် ဥရောပကော်မရှင်ကလည်း ဆော်ဩနေပါတယ်။

လက်ရှိအခြေအနေအရ ယူရိုဇုန်အနေအထားဟာ စက်မှုလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ပုံမှန်လည်ပတ်နိုင်မှုကြောင့် ကုန်သွယ်ရေးတိုးတက်မှု၊ ထုတ်ကုန်ပိုမိုထုတ်လုပ်နိုင်မှုတွေရှိလာတော့မှာ ဖြစ်တယ်လို့ ယုံကြည်မှုရှိနေကြောင်း ယူရိုဇုန်နဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဦးဆောင်ဦးရွက်ပြုနေသူတွေနဲ့ ယူရိုဇုန်စီးပွားရေးဆိုင်ရာ လေ့လာသုံးသပ်သူတွေက မှတ်ချက်ပြုနေကြပါတယ်။

ယူရိုဇုန်အတွင်းမှာပါဝင်တဲ့ နယ်သာလန်နိုင်ငံက ဩဂုတ်လအတွင်းမှာ ၅ ဒသမ ၂ ရာခိုင်နှုန်း၊ ဂျာမနီက ၃ ဒသမ ၃ ရာခိုင်နှုန်း၊ အီတလီက ၂ ရာခိုင်နှုန်း၊ စပိန်က ၀ ဒသမ ၈ ရာခိုင်နှုန်းအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံတွေလည်း စီးပွားရေးတိုးတက်ရိပ်ပြခဲ့ကြပါတယ်။

ဒါကြောင့် ယူရိုဇုန်နိုင်ငံတွေမှာ အလုပ်လက်မဲ့နှုန်းကျဆင်းသွားဖို့ရှိနေပြီး စီးပွားရေးတိုးတက်မှုရှိလာတာနဲ့အမျှ လူမှုစီးပွားဘဝအခြေအနေဟာ ပုံမှန်အနေအထားရောက်ရှိလာမှာဖြစ်တယ်လို့ ဆိုနေပါတယ်။

အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံမှာ စီးပွားရေးတိုးတက်မှုအခြေအနေကို လှမ်းမြှုံကြည့်ရင် ပြီးခဲ့တဲ့ဩဂုတ်လအတွင်းက ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိခဲ့တာမို့ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်းမှာ အမြင့်ဆုံးအနေအထားရောက်ရှိလာတာဖြစ်ပြီး ဆက်လက်တိုးတက်ဖို့ကြိုးစားဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဥရောပကော်မရှင်ရဲ့အစီရင်ခံစာမှာ ဖော်ပြပါတယ်။

အသက်အရွယ်အရ မှတ်ဉာဏ်နည်းရမှု ပရိုတိန်းချို့တဲ့ခြင်းကြောင့်ဟု သုတေသနတွေ့ရှိ

ဦးနှောက်တွင်း ပရိုတိန်းဓာတ်တစ်မျိုးချို့တဲ့ခြင်းသည် အသက်အရွယ်အရ မှတ်ဉာဏ်အားနည်းခြင်းကို ဖြစ်စေသည့် အဓိက အချက်ဖြစ်ကြောင်း သိပ္ပံပညာရှင်တစ်စုတွေ့ရှိခဲ့ပြီး အွန်လိုင်းဂျာနယ်သိပ္ပံဖလှယ်မှုဆေးပညာ ဂျာနယ်တွင် ရေးသားဖော်ပြသည်။

ကိုလံဘီယာတက္ကသိုလ်ဆေးပညာစင်တာမှ သုတေသနပညာရှင်တစ်စုက အသက်အရွယ်အိုမင်းမှုနှင့် မှတ်ဉာဏ်နည်းရခြင်းတို့အပြင် အယ်လ်ဇိုင်းမားရောဂါတို့ အဓိကဖြစ်ပွားစေသည့် အစိတ်အပိုင်းကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ဆိုသည်။

လူ့ဦးနှောက်ဆဲလ်များကို ခွဲခြမ်းစိတ်ဖြာပြီးနောက် မှတ်သားဉာဏ်ရည်တွင် အရေးကြီးဆုံးအပိုင်းဖြစ်သောဦးနှောက်တွင်းရှိ hippocampus ခေါ် အလွှာအပိုင်းတွင် RbAp 48 ပရိုတိန်းဓာတ် တစ်မျိုးချို့တဲ့နေလျှင် ဦးနှောက်ပိုင်းတွင် ဉာဏ်ရည်ကျဆင်းသွားမှုဖြစ်ရကြောင်း သိရသည်။

သုတေသနတွေ့ရှိချက်အရ အကြံပြုနိုင်သည်မှာ RbAp 48 ပရိုတိန်းချို့တဲ့ခြင်းက မှတ်ဉာဏ်နည်းရခြင်းဖြစ်စေသည်။

သို့သော် ပို၍အရေးကြီးသည်မှာ ထိုသို့ ဉာဏ်ရည်ကျဆင်းချို့တဲ့ခြင်းသည် အယ်လ်ဇိုင်းမားရောဂါ၏ အကြိုလက္ခဏာတစ်ရပ်အသွင်ဆောင်ကြောင်းလည်း သုတေသနပညာရှင်များက ဆိုသည်။

ဦးနှောက်ရှိ hippocampus အပိုင်းသို့ထောက်ပံ့ပေးသော အရေးကြီးသော ဦးနှောက်နေရာသည် entorhinal cortex (EC) အစိတ်အပိုင်းဖြစ်သည်။ အယ်လ်ဇိုင်းမားရောဂါသည် ယင်း EC ပိုင်းကို သက်ရောက်မှု ဖြစ်စေခြင်းဖြင့် လူ့မှတ်ဉာဏ်ရည်ကိုဟန့်တားမှု ဖြစ်ပေါ်စေခြင်းဖြစ်သည်။

ယခုသုတေသနကို ဦးနှောက်ပိုင်းဆိုင်ရာရောဂါဝေဒနာကင်းသော အသက် ၃၃ နှစ်မှ ၆၈ နှစ်ကြားရှိ လူရှစ်ဦး၏ ဦးနှောက်ဆဲလ်များကို သုတေသနပြု၍ ရှာဖွေဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

သုတေသနအရ RbAp48 ပရိုတိန်းဓာတ်ချို့တဲ့ခြင်းသည် အသက်အရွယ်အရ မှတ်ဉာဏ်ကျဆင်းခြင်း၏ အဓိကလက်သည်ဖြစ်ပြီး အယ်လ်ဇိုင်းမားရောဂါ၏ ကနဦးလက္ခဏာတစ်ရပ်လည်းဖြစ်ကြောင်း သိရှိရသည်။



ဩသဓကျော်-ရေးသည်

တရုတ်က လလေ့လာရေးယာဉ် ယခုနှစ်ကုန်၌ လွှတ်တင်မည်

တရုတ်နိုင်ငံက ယခုနှစ်ကုန်တွင် ပထမဆုံး လလေ့လာရေးယာဉ်ကို လွှတ်တင်ရန် စီစဉ်နေပြီဖြစ်ပြီး အာကာသစခန်းယာဉ်တစ်ခုကိုလည်း တည်ဆောက်ရန် စီမံကိန်းချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီမှ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က ချန်ဂီအမည်ရှိ လလေ့လာရေးယာဉ်တစ်စင်း လွှတ်တင်ခဲ့ဖူးပြီး လအနီးသို့ရောက်ရှိကာ လေ့လာမှုများ ပြုလုပ်နိုင်ခဲ့သည်။ အဆိုပါခရီးစဉ်မှနေ၍ လ၏ပုံရိပ်အမျိုးမျိုးကို ထုတ်ပြန်နိုင်ခဲ့သည်။

ယခုနှစ်ကုန်တွင် လွှတ်တင်မည့် လလေ့လာရေး ခရီးစဉ်သည် တရုတ်နိုင်ငံ၏ လလေ့လာရေးခရီးစဉ်သုံးခုအနက် ပထမဆုံးခရီးစဉ်ဖြစ်သည်။ အဆိုပါ လလေ့လာရေးခရီးစဉ် လွှတ်တင်ပြီးပါက လူလိုက်ပါခြင်းမရှိသော လလေ့လာရေးယာဉ် တစ်စင်းကို ထပ်မံစေလွှတ်မည်ဖြစ်သည်။

ထို့နောက် တတိယခရီးစဉ်အဖြစ် ၂၀၁၇ ခုနှစ်တွင် လမျက်နှာပြင်မှ ကျောက်ခဲ၊ ကျောက်တုံးနှင့် မြေကြီးနမူနာများကို ရယူကာ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ပြီး လေ့လာမှုများ ပြုလုပ် မည်ဖြစ်သည်။ လမျက်နှာပြင်ပေါ်တွင်ရှိသော မျက်နှာပြင်အနေအထားနှင့် ဖွဲ့စည်းဖြစ်တည်နေမှုတို့ကို စနစ်တကျလေ့လာမှုများ ပြုလုပ်နိုင်ရေး စေလွှတ်ခြင်းဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်၌ လမျက်နှာပြင်သို့အာကာသယာဉ်မှူးတစ်ဦး စေလွှတ်ရန်လည်း တရုတ်က စိတ်ဝင်စားနေပြီဖြစ်သည်။

အာကာဟိန်း-ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ စီအက်စ်အာ(CSR)

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ပညာရပ်တစ်ခုဟာ အစဉ်အမြဲတိုးတက်ပြောင်းလဲနေပါတယ်။

တစ်ချိန်တုန်းက လေ့လာတွေ့ရှိခဲ့တဲ့ အကြောင်းအရာ၊ အချက်အလက်တွေဟာ နောင်တစ်ချိန်မှာ ခေတ်နဲ့မဆီလျော်တာမို့ အယူအဆအတွေးအခေါ်တွေဟာ ပြောင်းလဲလာခဲ့ပါတယ်။ လူသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အခုလိုပဲ တရွေ့ရွေ့တိုးတက်လာခြင်းသာ ဖြစ်ပါတယ်။

ငယ်ငယ်တုန်းက စီးပွားရေးပညာကို သင်ယူခဲ့တုန်းက စီးပွားရေး လုပ်ငန်းတစ်ခုရဲ့ အဓိကတာဝန်ဟာ အမြတ်ရဖို့ပဲဖြစ်တယ်။ အခြေခံတာဝန်ဖြစ်တာမို့ (bottom-line)အနိမ့်ဆုံးသတ်မှတ်ချက်အဖြစ် သတ်မှတ်ထားခဲ့တယ်။ အမြတ်ရဖို့ စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာဖြစ်တယ်လို့ ခံယူကြပါတယ်။ ဒါကြောင့်လည်း စီးပွားရေးပညာနဲ့ နိုဗယ်ဆုရခဲ့တဲ့ ပါမောက္ခ Friendman က "The business of business is business"ဆိုပြီး မိန့်ကြားခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းရဲ့အလုပ်ဟာ စီးပွားရေးလုပ်ဖို့သာ ဖြစ်တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ ဦးထိပ်ထားရမယ့်ကိစ္စက အမြတ်ပါ။ အမြတ်ရအောင် လုပ်ဖို့လိုတယ်။ အခုလိုအမြတ်ကို ဦးစားပေးတာကလည်း စီးပွားရေးလုပ်ငန်းကို ရင်းနှီးမြှုပ်နှံတဲ့သူတွေအတွက် ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ ပိုင်ရှင်တွေ၊ အစုရှယ်ယာဝင်တွေ အကျိုးရနိုင်အောင် လုပ်ငန်းတွေကို စနစ်တကျ စီမံခန့်ခွဲရမှာဖြစ်ပါတယ်။ အမြတ်ကို ပဓာနထားတဲ့ အတွေးအခေါ်ဟာ ၂၀ ရာစုနှစ်အထိ ပျံ့နှံ့ခဲ့တယ်။ စာသင်ခန်းတွေမှာလည်း ဒီအယူအဆ၊ ဒီအတွေးအခေါ်ဟာ လွှမ်းမိုးခဲ့တယ်။

၂၁ ရာစုနှစ်ဦးပိုင်းမှာ အမြတ်ကိုရှေ့တန်းတင်တဲ့ အယူအဆကို ပြန်လည်သုံးသပ်ပြီး အတွေးအခေါ်၊ အယူအဆအသစ်တွေကို ဖော်ထုတ်လာခဲ့တယ်။ ဒီအတွေးအခေါ်၊ အယူအဆတွေကို ကနဦးပိုင်းမှာ Triple bottom-line အခြေခံစဉ်းစားချက်(၃)ရပ်ရှိတာကို လက်ခံလာခဲ့တယ်။ ဒီအခြေခံ စဉ်းစားချက်(၃)ရပ်ဟာ အမှန်တကယ်တော့ စီးပွားရေးလုပ်ငန်းရဲ့ တာဝန်ဝတ္တရားကို ပုံစံအသစ်နဲ့ဖော်ထုတ်ခြင်းသာဖြစ်တယ်။ ယခင်ကသုံးစွဲလက်ခံခဲ့တဲ့ အယူအဆအရ စီးပွားရေးလုပ်ငန်းတွေဟာ အမြတ်ရအောင်ကြိုးစားမယ်။ အမြတ်ရပြီးချိန်မှာ နိုင်ငံတော်ကိုပေးရမယ့် အခွန်အခတွေကိုပေးမယ်။ ဒီလိုဆောင်ရွက်ရင် တာဝန်ကျေပွန်ပြီလို့ လက်ခံပါတယ်။

အခြေခံစဉ်းစားချက်(၃)ရပ်အရ အမြတ်ရရှိရေးဟာ စဉ်းစားချက်တစ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့် အမြတ်ရမှုတစ်ခုတည်းသာ စဉ်းစားရုံနဲ့ မလုံလောက်ဘဲ ကျန်ရှိတဲ့အခြေခံစဉ်းစားချက် (၂)ရပ်ကိုပါ ထည့်သွင်းစဉ်းစားဖို့လိုကြောင်းကို အသိအမှတ်ပြုလာခဲ့တယ်။

ဒုတိယအခြေခံစဉ်းစားချက်က (People)လူတွေအတွက်ဖြစ်တယ်။ လူလို့ပြောတဲ့နေရာမှာ ပိုင်ရှင်တွေ၊ အစုရှယ်ယာရှင်တွေပါဝင်သလို လုပ်ငန်းမှာ တာဝန်ယူနေတဲ့ ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိမှုကိုလည်း ထည့်သွင်းစဉ်းစားရမယ်ဆိုတာကိုလည်း သတိပြုမိလာမယ်။ ဝန်ထမ်းများအနေနဲ့ စိတ်ချမ်းသာမှုရှိမှသာ အလုပ်ကိုစိတ်ဝင်တစားနဲ့ လုပ်နိုင်မှာဖြစ်တယ်။ ဒါကြောင့် ဝန်ထမ်းတွေကို ထမင်းကျွေးတာ၊ တူညီဝတ်စုံဆင်တာ၊ ရုံးတက်၊ ရုံးဆင်းယာဉ်အကြိုအပို့လုပ်ပေးတာ၊ အပန်းဖြေမှုအတွက် ဖန်တီးပေးတာ ဒီဆောင်ရွက်ချက်တွေက လုပ်ငန်းတိုင်းမှာ စဉ်းစားပေးသင့်တဲ့အချက်တွေ ဖြစ်ပါတယ်။ မိမိလုပ်ငန်းနဲ့ဆက်ဆံနေကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း လူဆိုတဲ့ အခြေခံစဉ်းစားချက်ထဲမှာ ထည့်သွင်းထားပါတယ်။ စီးပွားရေးလုပ်ငန်းရဲ့ ဝန်ဆောင်မှုနဲ့ ထုတ်လုပ်တဲ့ပစ္စည်းတွေကို မှီဝဲစားသုံးကြတဲ့ စားသုံးသူတွေဟာလည်း လူဆိုတဲ့ အခြေခံစဉ်းစားချက်ထဲမှာ ပါဝင်ပါတယ်။

တတိယ အခြေခံစဉ်းစားချက်က (Planet)ကမ္ဘာမြေကြီးဖြစ်ပါတယ်။ ကမ္ဘာမြေကြီးဆိုတဲ့ဝေါဟာရကို သုံးစွဲထားပေမယ့် အမှန်တော့ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပါတယ်။ မိမိလုပ်ငန်းက ထုတ်လုပ်လိုက်တဲ့ အညစ်အကြေး၊ စွန့်ပစ်ပစ္စည်းတွေကို ပတ်ဝန်းကျင် ထိခိုက်နစ်နာမှု မရှိစေရန် ကာကွယ်ရမယ့်တာဝန်ဟာ လုပ်ငန်းတိုင်းအတွက်ရှိပါတယ်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်း မပျက်စီးအောင်ကာကွယ်ဖို့ လိုအပ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဝမ်းနည်းစရာတွေ တွေ့နေရပါတယ်။ ရန်ကုန်မြို့လယ်မှာရှိတဲ့ ကန်တော်ကြီးရဲ့ရေတွေဟာ အစိမ်းရောင်တွေထပြီး မသန့်ရှင်းတော့ပါဘူး။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းတစ်ခုကတော့ ကန်တော်ကြီးပန်းခြံအတွင်းမှာရှိတဲ့ စားသောက်ဆိုင်တွေက အညစ်အကြေးတွေကို ကန်ရေပြင်ထဲကို တိုက်ရိုက်စွန့်ပစ်ခြင်းကြောင့် ဖြစ်ပါတယ်။ အခုလို ပတ်ဝန်းကျင်ကို လုံးဝမကြည့်ဘဲ ကိုယ့်အတွက် အဆင်ပြေမှုကိုဦးထိပ်ထားမှုဟာ အင်မတန်ဝမ်းနည်းစရာဖြစ်ပါတယ်။ တစ်ချိန်တုန်းက ကျွန်တော် မော်လမြိုင်ကို ကားနဲ့သွားရင်း စစ်တောင်းတံတားကြီးကို ဖြတ်ကျော်တဲ့အခါ စစ်တောင်းစက္ကူစက်က အညစ်အကြေးတွေကို စစ်တောင်းမြစ်ထဲမှာ အထင်အရှား ဝမ်းနည်းစွာတွေ့မြင်ခဲ့ရပါတယ်။

တချို့က Triple bottom-line ကို အတိုကောက်အနေနဲ့ PPPလို့ သတ်မှတ်ကြတယ်။ အဓိပ္ပာယ်ကတော့ Profit, People နဲ့ Planet လို့ ရည်ညွှန်းခြင်းဖြစ်ပါတယ်။ တချို့ပညာရှင်တွေက P သုံးလုံးကိုအားမရဘဲ နောက်ထပ် P တစ်လုံးထပ်ထည့်ပါတယ်။ နောက်ဆုံး P ကတော့ မြန်မာပြည်မှာ အသုံးနည်းတဲ့(Probity) ဆိုတဲ့ ဝေါဟာရဖြစ်ပါတယ်။

Probity ရဲ့ အဓိပ္ပာယ်က တန်ဖိုးထားမှု ဖြစ်ပါတယ်။ စီးပွားရေးလုပ်တဲ့အခါ လေးနက်တဲ့ လူ့တန်ဖိုးတွေကို ထိန်းသိမ်းရမယ်။ တန်ဖိုးထားမှုလို့ပြောတဲ့နေရာမှာ ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ သိက္ခာသမာဓိရှိမှုစတဲ့ လေးနက်တဲ့ ခံယူချက်တွေ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ Business Ethics လူ့ကျင့်ဝတ်နဲ့ ညီညွတ်တဲ့ စီးပွားရေးလုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။ Ethicsဆိုတဲ့ကိစ္စကို ကျွန်တော်ကိုယ်တိုင် ဘွဲ့လွန်သင်တန်းတွေမှာ သင်ကြားပို့ချခဲ့တယ်။ ပို့ချလျက်ရှိပါတယ်။ Ethics ကိုပြောရင် ကျင့်ဝတ်နဲ့အညီ တွေးခေါ်ကျင့်ကြံ၊ ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။

အခုလို P သုံးလုံးခေါ်ခေါ်၊ P လေးလုံးခေါ်ခေါ် အရေးပါတဲ့အချက်က စီးပွားရေးအဖွဲ့အစည်းတွေမှာ လူမှုရေးတာဝန်ရှိဖို့ လိုတယ်ဆိုတဲ့အကြောင်း လက်ခံခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း စီအက်စ်အာလို့ ခေါ်တဲ့ Corporate Social Responsibility (CSR)ကို ဖော်ထုတ်လာခဲ့ပါတယ်။ တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ စီးပွားရေးလုပ်ငန်းတိုင်းမှာ လူမှုရေးတာဝန်ပဲဖြစ်ပါတယ်။

စီအက်စ်အာလုပ်ငန်းတွေကို မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ (၅)နှစ်လောက်ကတည်းက ကျွန်တော်က UMFCCI မှာတင်ပြဆွေးနွေးခဲ့ပါတယ်။ အခုဆိုရင် အတော်လေးအရှိန်ရောက်ရှိလာပါပြီ။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာပိုင်စီးပွားရေးလုပ်ငန်းကြီးတွေမှာ စီအက်စ်အာ ဆောင်ရွက်ချက်တွေကို အကောင်အထည်ဖော်လျက်ရှိတာကို ဝမ်းသာစရာတွေ့မြင်ရပါတယ်။

မြန်မာနိုင်ငံမှာ စီအက်စ်အာလို့ပြောရင် အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။အဲဒါကတော့ " ဆရာပြောတာ ဘာမှမဆန်းပါဘူး၊ ကျွန်တော်တို့ ကုမ္ပဏီက အလှူအတန်းတွေ အမြဲမှန်မှန်လုပ်နေတာပဲ"တဲ့။ လှူတာက စီအက်စ်အာဖြစ်တယ်လို့ ယူဆနေကြတယ်။ ဒီအယူအဆဟာ အခြေခံအားနည်းချက်ဖြစ်ပါတယ်။ လှူဒါန်းမှုသက်သက်ဟာ စီအက်စ်အာမဟုတ်ပါဘူး။ စီအက်စ်အာဟာ လှူဒါန်းခြင်းထက် ပိုမိုမြင့်မားပါတယ်။

အဓိကခြားနားချက်ကတော့ စီးပွားရေးလုပ်ရှားမှု စတင်ဆောင်ရွက်တဲ့အချိန်ကစပြီး လူမှုရေးတာဝန်ကျေပွန်မှုကို ထည့်သွင်းစဉ်းစားရမှာသာ ဖြစ်ပါတယ်။ တချို့ကတော့ အမြတ်ကို အရင်ရအောင်ကြိုးစားမယ်။ အမြတ်ရပြီးမှ ပိုတဲ့ငွေတွေထဲက တစ်စိတ်တစ်ပိုင်းကို လူမှုရေးတာဝန်ကျေအောင် လုပ်မယ်လို့ စဉ်းစားကြတယ်။ ဒါက စီအက်စ်အာစစ်စစ်မဟုတ်ပါဘူး။ အမြတ်ရရှိအောင် ဆောင်ရွက်ရင်း စီအက်စ်အာကို တစ်ပြိုင်တည်းစဉ်းစားမှသာ စီအက်စ်အာစစ်စစ် ဖြစ်ပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းတွေကို အားပေးတဲ့အနေနဲ့ ကျွန်တော်က တတ်နိုင်သမျှလုပ်ကြပါ။ စီအက်စ်အာစစ်စစ် ဟုတ် မဟုတ် စဉ်းစားတာထက် လုပ်နိုင်တာလုပ်တာ ကောင်းတယ်လို့ အမြဲပြောပါတယ်။

မြန်မာနိုင်ငံမှာ ကျွန်တော့်အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ကျေနပ်အားရတဲ့ကိစ္စတစ်ခုက စီအက်စ်အာနဲ့ပတ်သက်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ပါဝင်ပတ်သက်ပြီး တွန်းအားပေးခဲ့တဲ့အတွက် အခုဆိုရင် မြန်မာနိုင်ငံမှာ လုပ်ငန်းပေါင်း ၂၀၀ ဟာ UN Global Compact လို့ခေါ်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းက ဦးစီးဦးဆောင်ပြုခဲ့တဲ့ စီအက်စ်အာလှုပ်ရှားမှုမှာ ပါဝင်နေတာကို ဂုဏ်ယူပြီး တင်ပြချင်ပါတယ်။

> **❒ စီအက်စ်အာလုပ်ငန်းတွေကို မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ကျွန်တော်က UMFCCI မှာ တင်ပြဆွေးနွေးခဲ့ပါတယ်။ အခုဆိုရင် အတော်လေး အရှိန်ရောက်ရှိလာပါပြီ။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာပိုင်စီးပွားရေး လုပ်ငန်းကြီးတွေမှာ စီအက်စ်အာဆောင်ရွက်ချက်တွေကို အကောင်အထည်ဖော်လျက်ရှိတာကို ဝမ်းသာစရာတွေ့မြင်ရပါတယ်။**

မနှစ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း မြန်မာပြည်ကို လာရောက်ခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်တွေနဲ့တွေ့ပါတယ်။ မေလ ၁ ရက်မှာတော့ ကမ္ဘာအေးဘုရားလမ်းမှာရှိတဲ့ ဆီဒိုးနားဟိုတယ်မှာ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ရှေ့မှောက်မှာ မြန်မာ့စီးပွားရေးလုပ်ငန်း (၁၅)ခုဟာ ဒီ UN Global Compact ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

တစ်နည်းပြောရရင် လုပ်ငန်းများအနေနဲ့ လူမှုရေးတာဝန်ကျေပွန်စွာ ဆောင်ရွက်ဖို့ ကတိကဝတ်ပြုခဲ့ပါတယ်။ အခုလို စီစဉ်နိုင်ခဲ့တာကိုလည်း ကျွန်တော့်အနေနဲ့ ကျေနပ်အားရမိပါတယ်။ ကျွန်တော့်ရဲ့ ဆောင်ရွက်ချက်များကို တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များက ကူညီအားပေးခဲ့ပါတယ်။ UN Global Compact မှာ အခြေခံဦးတည်ချက်နှစ်ရပ်ရှိပါတယ်။

ပထမဦးတည်ချက်ကတော့ မြန်မာနိုင်ငံအနေနဲ့ သဘောတူထားပြီးဖြစ်တဲ့ ထောင်စုနှစ်ရည်မှန်းချက်(၈)ချက်ကို ၂၀၁၅ ခုနှစ်မှာ အောင်မြင်အထမြောက်အောင် ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်(၈)ချက်တွေက ဆင်းရဲနွမ်းပါးမှု၊ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်မှု၊ ကျား၊ မ ခွဲခြားမှုလျှော့ချခြင်းတို့ ပါဝင်ပါတယ်။

ဒုတိယရည်မှန်းချက်က အခြေခံမူ (၁၀)ရပ်ကို လိုက်နာဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီ(၁၀)ရပ်ကို ယေဘုယျအားဖြင့် အပိုင်း(၄)ပိုင်းအနေနဲ့ စုစည်းဖော်ထုတ်နိုင်ပါတယ်။ ပထမအပိုင်းကတော့ လူ့အခွင့်အရေးနဲ့ ပတ်သက်ပါတယ်။ ဒုတိယအပိုင်းက ဝန်ထမ်းများနဲ့ပတ်သက်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ တတိယအပိုင်းကတော့ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းက အဂတိလိုက်စားမှုကို ရင်ဆိုင်တိုက်ဖျက်ခြင်းသာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများအနေနဲ့ UN Global Compact အဖွဲ့ဝင်ဖြစ်နိုင်ဖို့ Internet ကတစ်ဆင့် လျှောက်ထားနိုင်ပါတယ်။ (www.Unglobal Compact.org) ကတစ်ဆင့်လျှောက်ထားနိုင်ပါတယ်။ လျှောက်လွှာတင်နိုင်တဲ့ ကုမ္ပဏီကို ကြိုတင်ကန့်သတ်မှုမရှိပါဘူး။ နှစ်သက်တဲ့ လုပ်ငန်းများက လျှောက်နိုင်ပါတယ်။ အခုလို လျှောက်လွှာတင်ပြီးတဲ့အခါ အချို့ကို နယူးယောက်မြို့က UN Global Compact Officeက Internet ကတစ်ဆင့် လျှောက်လွှာပုံစံနှစ်စောင်ကို ပြန်လည်ပေးပို့ပါတယ်။

ပထမပုံစံကတော့ အထွေထွေအတွင်းရေးမှူးချုပ်ကို ကုမ္ပဏီရဲ့အကြီးအကဲက လျှောက်ထားတဲ့စာဖြစ်တယ်။ စာဟာ အဆင်သင့်ရေးပြီးသားစာဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ရေးသားရန် မလိုအပ်ပါဘူး။ လက်မှတ်ရေးထိုးပြီး နယူးယောက်ကို Internetကတစ်ဆင့် ပို့ရုံနဲ့လုံလောက်ပါတယ်။ ဒုတိယလျှောက်လွှာကတော့ ကုမ္ပဏီProfileကို ဖော်ထုတ်ပေးနိုင်တဲ့စာဖြစ်ပါတယ်။ မိမိရဲ့ ကုမ္ပဏီအကြောင်းကို ပြည့်ပြည့်စုံစုံဖော်ထုတ်မှုပဲ ဖြစ်ပါတယ်။

ဒီလျှောက်လွှာ နှစ်စောင်တင်ပြီးချိန်မှာ UN Global Compact Office ကလက်ခံကြောင်း ချက်ချင်းအကြောင်းပြန်ပါတယ်။ အခုလို အကြောင်းကြားစာရတဲ့အချိန်ဟာ ကုမ္ပဏီက UN Global Compact အဖွဲ့ဝင်ဖြစ်သွားမှာဖြစ်ပါတယ်။ အခုလိုအဖွဲ့ဝင်ဖြစ်တဲ့အခါမှာ UN အမှတ်တံဆိပ်ကို မိမိကုမ္ပဏီရဲ့ အမှတ်တံဆိပ်တစ်ခုအနေနဲ့ တပ်ဆင်ပြီးအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အင်မတန်မှ ဂုဏ်ယူရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။

အဖွဲ့ဝင်ကုမ္ပဏီရဲ့တာဝန်ကတော့ စောစောကတင်ပြခဲ့သလို ထောင်စုနှစ်ရည်မှန်းချက်(၈)ချက်ကို အောင်မြင်အထမြောက်အောင် ဆောင်ရွက်ရန်ကြိုးစားဖို့လိုအပ်သလို အခြေခံမူ (၁၀)ချက်ကို လိုက်နာဖို့ဖြစ်ပါတယ်။ မိမိကုမ္ပဏီရဲ့ဆောင်ရွက်ချက်ကို တစ်နှစ်တစ်ကြိမ် နယူးယောက်ရုံးချုပ်ကို Internet ကတစ်ဆင့် သတင်းပို့ရပါတယ်။ ပွင့်လင်းမြင်သာမှုကို အခြေခံထားတဲ့အတွက် ကုမ္ပဏီရဲ့တင်ပြချက်ကို လူတိုင်းဖတ်ရှုနိုင်ပြီး အကယ်၍များ လိမ်လည်ထားမှုများရှိခဲ့ရင် မည်သူမဆို ကန့်ကွက်နိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် လိမ်လည်မှုကို အလွယ်တကူမလုပ်နိုင်ပါဘူး။ လူတိုင်းကို အသိပေးထားတာမို့ ထင်သာမြင်သာရှိပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီများဟာ စီအက်စ်အာလှုပ်ရှားမှုတွေမှာ ပါဝင်ပတ်သက်စေချင်ပါတယ်။ စီအက်စ်အာလုပ်ရုံမဟုတ်ဘဲ UN Global Compact အဖွဲ့ဝင်အဖြစ် လျှောက်ထားစေချင်ပါတယ်။ အခက်အခဲရှိရင် ကျွန်တော့်ကို တိုက်ရိုက်ဆက်သွယ်စေချင်ပါတယ်။ အချိန်မရွေးကူညီဖို့ အဆင်သင့်ရှိပါတယ်။

အခုလိုပြုပြင်ပြောင်းလဲမှုမျိုးစုံ ဆောင်ရွက်အကောင်အထည်ဖော်နေတဲ့ အချိန်အခါမှာ ပုဂ္ဂလိကကဏ္ဍက ပါဝင်ပတ်သက်ဖို့ အလွန်အရေးပါပါတယ်။ အခုလိုပါဝင်တဲ့နေရာမှာ အမြတ်ရရုံဆောင်ရွက်ရုံမဟုတ်ဘဲ လူမှုရေးတာဝန်ကျေမယ့် အလုပ်တွေလုပ်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ။

လူကုန်ကူးမှုတာကွယ်ရေး စကားဝိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် မာန်အောင်ဓမ္မာရုံ၌ ဩဂုတ် ၃၁ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်မြောက်ပိုင်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမာနှင့်အဖွဲ့က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေး

မွေးဖွားချိန်မှစ၍ သေဆုံးချိန်အထိ လူကုန်ကူးမှုခံရနိုင်ကြောင်းနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ ရပ်ကွက်/ကျေးရွာအတွင်း ဖွဲ့စည်းထားသော စောင့်ကြည့်ရေးအဖွဲ့သို့ ကြိုတင်သတင်းပေးနိုင်သော နည်းလမ်းများကို ပညာပေးဟောပြောခဲ့ပြီး ရပ်ကွက်/ကျေးရွာ ၂၉ ခုမှ တက်ရောက်လာကြသော အမျိုးသမီးများကို စကားဝိုင်းဆွေးနွေးပွဲဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သန်းထိုက်(လှိုင်သာယာ)

စာပေမြင့်မှ လူမျိုးတင့်မည်

✳ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတက စာနယ်ဇင်းကောင်စီဝင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များပြားမှုနှင့် အသက်အရွယ်ကြီးရင့်မှု ရှိနေလင့်ကစား စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ပေးလုပ်ဆောင်နေသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ စာနယ်ဇင်းကောင်စီ(ယာယီ)၏ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် စာနယ်ဇင်းကောင်စီ၏လွတ်လပ်မှုကို မထိခိုက်စေဘဲ ကူညီပံ့ပိုးပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သတင်းမီဒီယာသမားများ၏ အခွင့်အရေးနှင့် တာဝန်များကို ပထမဆုံးအကြိမ်အဖြစ် ဥပဒေဖြင့် ကာကွယ်ပေးနိုင်ရန်ဆောင်ရွက်နိုင်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဥပဒေကြမ်းများ ရေးဆွဲရာတွင် အမြင်မတူသည်များရှိနိုင်သော်လည်း ဒီမိုကရေစီသဘောအရ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မီဒီယာဥပဒေများသည် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနောက်ခံ၊ မြန်မာတို့၏ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာတရားများ၏ အဆုံးအမတို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သကဲ့သို့ နိုင်ငံတကာစံများနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း၊ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်ကို နှစ်ပေါင်းရာနှင့်ချီ၍ ကျင့်သုံးလာခဲ့သည့် နိုင်ငံများ၏အခြေအနေကို လေ့လာသကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းစ နိုင်ငံများ၏အတွေ့အကြုံများကို လေ့လာရန်လည်းလိုအပ်ပါကြောင်း၊ မိမိတို့လိုချင်သည့် မီဒီယာလောက အခြေအနေသို့ ရောက်ရှိအောင် အဆင့်ဆင့်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများမှ သတင်းအချက်အလက်များ လျင်လျင်မြန်မြန်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ယခင်အမှိုက်ပုံဟောင်းနေရာတွင် ကားပါကင်ပြုလုပ်ရန်လျာထား

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ဒနင်းရိုးချောင်းပတ်လမ်းနံဘေး ၈ ဒသမ ၁၉ ဧကအကျယ်အဝန်းရှိသော ယခင်အမှိုက်ပုံဟောင်းနေရာကို ကားအစီး ၃၀၀ နှင့်အထက် ရပ်နားနိုင်သော ကားပါကင်ပြုလုပ်ရန်အတွက် စီမံလျာထားသတ်မှတ်ထားကြောင်း အောင်မင်္ဂလာ အဝေးပြေးယာဉ် ရပ်နားစခန်း တာဝန်ခံအရာရှိရုံးမှ သိရသည်။

ဒနင်းရိုးချောင်း ပတ်လမ်းနံဘေးရှိ အမှိုက်ပုံသည် အမှိုက်စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်ရှိ ဒေသခံများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရီးသွားပြည်သူများအတွက် ကျန်းမာရေးထိခိုက်နိုင်ရုံသာမကဘဲ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီမှုမရှိသောကြောင့် ရန်ကုန်မြို့တော်ဝန်၏ ညွှန်ကြားချက်နှင့်အညီ လွန်ခဲ့သော ခြောက်လခန့်မှ စတင်ကာ အမှိုက်စွန့်ပစ်မှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမှိုက်ပုံဟောင်းနေရာအား လက်ရှိတွင် အမှိုက်များကို ဖြေချကာ အမာခံမြေသားရရှိလာစေရန် မြေဖို့ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ကားပါကင်သုံးခုတွင် ကားအစီးရေ စုစုပေါင်း ၁၅၀ ကျော် ရပ်နားနိုင်ပြီး ယခင်က ခရီးသည်တင်ယာဉ် ကားအစီးရေနည်းပါးမှုကြောင့် ယင်းပါကင်များမှာ ကားရပ်နားရန် နေရာလုံလောက်ခဲ့သည်။ ယခုအခါတွင် ကားအစီးရေအဆမတန်များပြားလာသည်နှင့်အမျှ ကားရပ်ရန်နေရာ အခက်အခဲကြုံတွေ့လာရကာ နောက်ဆက်တွဲ ယာဉ်ကြောပိတ်ဆို့မှုများပါ ကြုံတွေ့နေရကြောင်း ၎င်းယာဉ်ရပ်နားစခန်းမှ တာဝန်ခံအရာရှိ ဦးညဏ်ထွန်းအောင်က ပြောကြားသည်။

"ကျွန်တော်တို့ ဒီဝင်းထဲမှာ ညအိပ်ကားကြီး ၁၅၀ လောက်ရှိပါတယ်။ ဒီတော့ကားပါကင် ကျယ်ကျယ်လိုတာပေါ့။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုချက်နဲ့ ဒီအမှိုက်ပုံနေရာကိုစီမံမှာဆိုတော့ ဘယ်တော့စတင်မယ်ဆိုတာတော့ မသိရှိနိုင်သေးပါဘူး၊ လောလောဆယ်မှာတော့ အောင်မင်္ဂလာခြောက်လမ်းသွားလမ်းကို ဦးစားပေးပြီးစီးအောင် ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအမှိုက်ကန်အား ကားပါကင်ပြုလုပ်ခြင်းသည် အောင်မင်္ဂလာအဝေးပြေးဝင်းကို လက်ရှိ အဆင့်မြှင့်တင်မှုများပြုလုပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းခြင်းတို့ ဆောင်ရွက်နေချိန်တွင် ကျယ်ဝန်းသော ယာဉ်စီးရေ ၃၀၀ ထက်မနည်း ရပ်နားနိုင်မည့်ကားပါကင် မရှိခြင်းသည်လည်း လိုအပ်ချက်တစ်ခုအဖြစ် ပါဝင်နေကြောင်း သိရသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၏ ဒုတိယစခန်းတာဝန်ခံ ဦးဇော်မင်းက " ဒီဝင်းထဲမှာ အခုရင်ဆိုင်နေရတဲ့ပြဿနာက ကားကြီးတွေ နံနက်ဝင်လာတယ်။ ပြီးရင် ညပြန်ထွက်တယ်။ လောလောဆယ်ဝင်နေတာ တစ်ရက်ကို လေးငါးရာအထိဝင်နေတယ်။ ယာဉ်လိုင်းကြီးတဲ့ လုပ်ငန်းရှင်တွေကြတော့ ပုလဲဘက်ကခြံတွေမှာ ကိုယ်ပိုင်ကားပါကင်တွေရှိတယ်။ လုပ်ငန်းရှင်ငယ်တွေ၊ သီးသန့်ခြံဝင်းမရှိသူတွေက ဒီမှာရှိတဲ့ ကားပါကင်မှာ လာနားတယ်။ ကားပါကင်မှာ ရပ်ဖို့နေရာမရှိတော့ရင် ဒနင်းရိုးချောင်းပတ်လမ်းမှာ လာရပ်ကြတယ်။ သူတို့ဂိတ်တွေမှာ တစ်မနက်ဆိုရင် အနည်းဆုံး ခရီးသည်တင်ကား လေး၊ ငါးစီးဝင်တယ်။ တချို့ဂိတ်တွေက အစီး သုံး၊ လေးဆယ်အထိဝင်တယ်။ ဂိတ်တစ် ဂိတ်ရဲ့ မျက်နှာစာမှာ ကားကသုံး၊ လေး စီးပဲ ရပ်လို့ရတာဆိုတော့ ပိုနေတဲ့ ကားတွေအားလုံး လွတ်နေတဲ့လမ်းတွေပေါ်မှာ ရပ်တာပေါ့။ ဒါဟာ ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်စေတဲ့ အချက်တစ်ချက်ပါပဲ" ဟု ပြောသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအကျိုးဆောင်အဖွဲ့မှ ယင်းကားဝင်းအတွင်းရှိ စွန့်ပစ်အမှိုက်များကို တစ်ခန်းလျှင်လစဉ်ကြေး ၄၅၀၀ ကျပ် ကောက်ခံကာ ဝန်ထမ်း ၄၃ ဦးဖြင့် နေ့စဉ်သိမ်းဆည်းလျက်ရှိပြီး မြောက်ဒဂုံမြို့နယ်ရှိ ထားဝယ်ချောင် အမှိုက်ပုံသို့ သွားရောက်စွန့်ပစ်လေ့ရှိကြောင်း သိရသည်။

ယင်းယာဉ်ရပ်နားစခန်းမှ တစ်ရက်လျှင် အမှိုက်လေးတန်ခန့် ထွက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်း မြောင်းဖော်ခြင်း၊ နောက်ဖေးလမ်းကြားရှိအမှိုက်များ သိမ်းဆည်းခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးကြောင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း အကျိုးဆောင်အဖွဲ့မှ လုံခြုံရေးအဖွဲ့ကြီးကြပ်သူ ဦးအုန်းကျော်က ပြောကြားသည်။

သတင်း-ရဲခေါင်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ညွန့်မောင်

မဲခေါင်ဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးအဖွဲ့ အစည်းအဝေး ထိုင်းနိုင်ငံတွင် ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁

မဲခေါင်ဒေသတွင်း ဝန်ကြီးများအဆင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအစီအစဉ်၏ အထူးအဖွဲ့များ အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေး၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ပြီးဆုံးတော့မည့် UNIAP(United Nations Inter-Agency Project on Human Trafficking)အစား Last Asia Initiative Against Trafficking in Persons (EATIP) Project က ဆက်လက်ဆောင်ရွက်မည့်ကိစ္စနှင့် ပတ်သက်၍ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံတို့မှ ကိုယ်စားလှယ်များ အလှူရှင်နိုင်ငံများ UNDP,UNIAP နှင့် IOM(International Organization for Migration)တို့မှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

East Asia Initiative Against Trafficking in Persons(EATIP) Project သည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ ငါးနှစ်စီမံကိန်းဖြစ်သည်။ UNIAP အစကို ယခင်က UNDP မှ စီမံခန့်ခွဲခဲ့သော်လည်း ယခုစီမံချက်အသစ်ဖြစ်သည့် East Asia Initiative Against Trafficking in Persons (EATIP) Project ကို IOM မှ တာဝန်ယူသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။ UNIAP စီမံကိန်းသည် ၂၀၀၀ ပြည့်နှစ်မှစတင်ကာ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံများအကြား မဲခေါင်ဒေသတွင်း ဝန်ကြီးများအဆင့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းစဉ်၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❁ ကျောဖုံးမှ

ဒါကိုတော့ ခရီးသည်များအားလုံးသိရှိထားဖို့ လိုပါတယ်။ ရန်ကုန်မှ လိုက်ပါကြမည့်ခရီးသည်များအနေနဲ့ စဥ့်အိုးတန်း ဗောတံတားမှ ညနေ ၅ နာရီထွက်ခွာမှာဖြစ်ပြီး မော်ကျွန်းမှ လိုက်ပါကြမည့် ခရီးသည်များအနေနဲ့ ညနေ ၅ နာရီခွဲမှာ ရေယာဉ်ထွက်ခွာပေးမှာ ဖြစ်ပါတယ်။ ရွှေစင်ကြယ်နဲ့ပုသိမ်သူ အပြိုင်ပြေးတော့ ခရီးသွားပြည်သူများမှာ အကျိုးရလဒ်တွေ အများကြီးပါပဲ။ ခရီးသည်များစိတ်ချမ်းမြေ့စွာ လိုက်ပါနိုင်ခြင်း၊ ခရီးသည်နဲ့ကုန်ပစ္စည်း ပြွတ်ကျပ်မနေခြင်း၊ ခရီးသည်နေရာ အခက်အခဲမရှိခြင်းနဲ့ ဘေးကင်းလုံခြုံစိတ်ချရခြင်းတို့ပဲဖြစ်ပါတယ်"ဟု ရွှေစင်ကြယ်ရှပ်ပြေးရေယာဉ်လိုင်းတာဝန်ခံ ဦးမြင့်စိန်က ပြောပြသည်။

အဆိုပါ ရွှေစင်ကြယ်ရှပ်ပြေးရေယာဉ်များနှင့် ပုသိမ်သူရှပ်ပြေးရေယာဉ်များ စက်တင်ဘာ ၅ ရက်မှ စတင်၍ မော်ကျွန်း-ရန်ကုန်ခရီးစဉ်တွင် အပြိုင်ပြေးဆွဲခုတ်မောင်းခြင်းကို မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်မှ ပြည်သူများက ကျေနပ်ဝမ်းသာနေကြကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

ဒုတိယပိုင်း ခြေစွမ်းပြမှုဖြင့် မြန်မာယူ-၂၃ အသင်း ဂိုးပြတ်နိုင်

ရန်ကုန် စက်တင်ဘာ ၁

(၄၁) ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင်ကျင်းပရာ မြန်မာယူ-၂၃ အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယူ-၂၃ အသင်းမှ ကောင်းစည်သူ၏ ထိုးဖောက်ဂိုးသွင်းမှုကို လက်ရွေးစင်ဂိုးသမား ကျော်ဇင်ထက် ကာကွယ်ရန်ကြိုးစားစဉ်။

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်းကို မြန်မာယူ-၂၃ အသင်းအနေဖြင့် ယခုပွဲကို ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ကျော်ကိုကိုကို အထောင်ထားပြီး ဒေးဗစ်ဒန်း၊ ကျော်ဇေယျာဝင်း၊ နန္ဒလင်း၊ ကျော်ချစ်၊ သက်ဖြိုးဝေနှင့် ဟိန်းဇာအောင်တို့ကို ကွင်းလယ်တွင် ကစားစေခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲကို အဓိကထား ပြင်ဆင်နေခြင်းကြောင့် ယူ-၂၃ အသင်း၏ ကစားပုံမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး တိုက်စစ် ပုံဖော်ရာတွင် အားနည်းချက်များရှိနေခဲ့သည်။ ဟောင်ကောင်အသင်းနှင့်ခြေစမ်းပွဲအတွက် ဖွဲ့စည်းထားသည့်မြန်မာ့လက်ရွေးစင်အသင်းမှာ ခင်မောင်လွင်၊ ရန်ပိုင်၊ သီဟစည်သူ၊ မိုးဝင်း၊ ရာဇာဝင်းသိန်းတို့ကို ပွဲထုတ်ကာ အတောင့်တင်းဆုံး လူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးရနိုင်သည့် အခွင့်အရေးများရရှိခဲ့ပြီး ယူ- ၂၃ အသင်းမှ ဒေးဗစ်ဒန်း၊ သက်ဖြိုးဝေ၊ လက်ရွေးစင်အသင်းမှ အောင်မြင့်အေးတို့ အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် ယူ-၂၃ အသင်းမှာ ကြည်လင်း၊ ထူးထူးအောင်၊ ရဲလင်းအောင်နှင့်ဖြိုးကိုကိုသိန်းတို့ လေးဦးကို လူစားလဲကစားခဲ့ပြီး ကစားအားပိုတက်ကာ ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ယူ-၂၃ အသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး ကျော်ကိုကိုက သွင်းယူပေးခဲ့သည်။ နှစ်မိနစ်အကြာတွင် ယူ-၂၃ အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး လက်ရွေးစင်နောက်ခံလူ ဇော်ဇော်ဦးက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ယူ-၂၃ အသင်းအတွက် တတိယဂိုးကို ၈၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကောင်းစည်သူက သွင်းယူပေးခဲ့သည်။

သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်

မန်ယူနည်းပြသစ် ဒေးဗစ်မိုယက်စ် ပထမဆုံးအကြိမ် ပရီမီယာလိဂ်ရှုံးပွဲကြုံ

လန်ဒန် စက်တင်ဘာ ၁

မန်ယူနည်းပြသစ်ဖြစ်လာသော ဒေးဗစ်မိုယက်စ်သည် ယခုနှစ်ပရီမီယာလိဂ်တွင် ပထမဆုံးသော အရှုံးနှင့်ရင်ဆိုင်လိုက်ရပြီဖြစ်သည်။ စက်တင်ဘာ ၁ ရက် ညပိုင်းက မန်ယူတို့ လီဗာပူးအိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ယင်းပြိုင်ပွဲ သည် နည်းပြသစ်ဖြစ်လာသော ဒေးဗစ်မိုယက်စ်၏ ပထမဆုံး ပရီမီယာလိဂ်ရှုံးနိမ့်ခြင်းပင်ဖြစ်သည်။ လီဗာပူးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီး လေးမိနစ်အကြာ ဒန်နီရယ်စတားရစ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်လီဗာပူးက ပြိုင်ပွဲပြီးသည်အထိ ဂိုးမပေးရအောင် ခံစစ်ကိုအကောင်းဆုံးကစားပြသွားခဲ့သည်။ မန်ယူတိုက်စစ်မှူးများ ချေပဂိုးရရှိရေး အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း လီဗာပူးခံစစ်ကို မကျော်နိုင်ဘဲရှိသည်။ ပွဲပြီးသည်အထိ လီဗာပူးက ခံစစ်ကို အထိရောက်ဆုံးကစားပြီး ရမှတ်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။

ဆွမ်ဆီးတို့က အဝေးကွင်းတွင် ဝက်စ်ဘရွန်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

အာကာကျော်-ရေးသည်

ဂျာမနီ ဘွန်ဒက်စ်လီဂါ

စတုဂတ် ၆-၂ ဟော်ဖန်ဟိန်း

ပြင်သစ်လီဂူ

စိန့်အီသီယန် ၂-၁ ဘော်ဒိုး

✳ ကျောဖုံးမှ

မှန်သေတ္တာကြီးများ လမ်းပေါ်သို့ အရှိန်ဖြင့် လွင့်စဉ်ကျသွားသဖြင့် လမ်းပိတ်ဆို့သွားခဲ့ခြင်းဖြစ်သည်။

ပိတ်ဆို့သွားသောလမ်းကို အေးရှားဝေါလ်ကုမ္ပဏီမှ လမ်းဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ရဲအုပ်စိုးဝင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နောင်ပိန်ရဲစခန်းမှူး ရဲအုပ်ညွန့်လှိုင်နှင့်ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့နေသောလမ်းကို ရှင်းလင်းပေးခြင်း၊ အတက်အဆင်း မော်တော်ယာဉ်များ သွားလာနိုင်ရန် ဆောင်ရွက်ပေးသဖြင့် မွန်းလွဲ ၁ နာရီခန့်တွင် ယာဉ်များပုံမှန်အတိုင်း သွားလာနိုင်ခဲ့သည်။

မောင်မောင်(ကျောက်မဲ)

ပြည်တွင်းသတင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ပုသိမ်- သလပ်ခွာ- မော်တင်စွန်းလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အထူးစီမံကိန်းကြီးအဖွဲ့(၅)က တည်ဆောက်နေသော ဟိုင်းကြီးကျွန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတားချဉ်းကပ်လမ်း (ပုသိမ်ဘက်ကမ်း)တွင် မြေကြီးတာပေါင်တင်နေမှု၊ တံတားငယ်များ၊ Box Culvert များ တည်ဆောက်နေမှု၊ ဟိုင်းကြီးကျွန်း တံတားဘေလီတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ သစ်သားကြမ်းခင်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု (ဟိုင်းကြီးဘက်ကမ်း) တံတားချဉ်းကပ်လမ်းနှင့် ကျေးရွာအဝင်လမ်း ဆက်သွယ်ဆောင်ရွက်မည့် လမ်းကြောင်းနေရာ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဟိုင်းကြီးကျွန်း တံတားသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်- သလပ်ခွာ- မော်တင်စွန်း- ဟိုင်းကြီးကျွန်းလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ Bored Pile အုတ်မြစ်၊ ကိုယ်ထည်မှာ သံကူကွန်ကရစ်၊ အပေါ်ထည်နှစ်လွှာ တစ်ထပ် ဘေလီတံတားဖြစ်ပြီး တံတားအရှည်ပေ ၈၇၀၊ တံတားအကျယ် ၁၅ ပေ ၈ လက်မနှင့် တံတားအောက်ရေလမ်းကင်းလွတ်အကျယ်ပေ ၉၀၊ အမြင့်ပေ ၂၀ရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၃၅ တန်ဖြစ်သည်။

ထို့နောက် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုင်တိုင်အမှတ်(၆၈/၂)မှ ကျုံကူးကျေးရွာအဝင်လမ်းအရှည် ၁၁ မိုင်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပုသိမ်ခရိုင်မှ လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှိ ပဲခူးတက္ကသိုလ်စုဝေးခန်းမ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြတ်ကိုကိုက ပဲခူးတက္ကသိုလ် စုဝေးခန်းမ နှစ်ထပ် (၁၉၄ ပေ × ၁၆၄ ပေ) သံကူကွန်ကရစ် စာသင်ခန်း နှစ်ခန်း၊ Hall တစ်ခန်း၊ ရုံးခန်း နှစ်ခန်း၊ စတိုခန်းတစ်ခန်း၊ သန့်စင်ခန်းခြောက်ခန်းပါ အဆောက်အအုံ တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံအိုလံပစ်ကော်မတီဝင်များနှင့် ဆွေးနွေးရန် ဒုတိယဝန်ကြီး ဦးသောင်းထိုက် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ စက်တင်ဘာ ၁ရက်မှ ၃ ရက်အထိ ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဝင်များနှင့် ဆွေးနွေးရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး**(ဝဲပုံ)**တို့သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၃၁ ရက်က တနိုင်းမြို့၌ ၂၀၁၃ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ တနိုင်းတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်စိုးက ပျိုးပင်များ ဖြန့်ဝေပေးစဉ်။ မောင်စိုး

■ **ရှေ့ဖုံးမှ**

အနက်မှ ပဏာမအမျိုးသမီး ၃၀ ကို ရွေးချယ်ကာ နေထိုင်စားသောက်သွားလာပုံများကို လေ့ကျင့်ပေးမည်ဖြစ်သည်။

"အဲဒီအမျိုးသမီး ၃၀ ထဲမှ ၁၅ ဦးကို အရင်ရွေးမယ်။ ပြီးရင် ငါးဦးအထိ ရွေးချယ်ပြီးတဲ့အခါ နောက်ဆုံးသုံးဦးကို ရွေးပြီး ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်ပြီးတဲ့နောက် ပထမရရှိသူ မြန်မာအလှမယ်ကို ရုရှားနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ဖို့ ခေါ်ယူသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပြုလုပ်ရွေးချယ်မှုအတွက် ပထမရရှိသူ အလှမယ်ကို Miss Universe Myanmar ဆုအတွက် ငွေကျပ်သိန်း ၁၀၀ ဆုချီးမြှင့်ပေးမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယရရှိသည့် အလှမယ်အတွက် ဆုငွေကျပ်သိန်း ၅၀၊ တတိယဆုရရှိသူအတွက် ငွေကျပ် ၂၅ သိန်းနှင့် ဆန်ခါတင်အဆင့်ရွေးချယ်ခံရသူ အလှမယ် ၁၅ ဦးအတွက် ငွေကျပ် သုံးသိန်းစီ ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် အသက် ၁၈ နှစ်ထက်မငယ်၊ ၂၇ နှစ်ထက် မကြီးသူဖြစ်ရမည်။ အရပ်အမြင့် ၅ ပေ ၅ လက်မရှိရမည်။ မိဘအုပ်ထိန်းသူများ၏ တရားဝင်ခွင့်ပြုချက် အပြင် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အပျိုဖြစ်ရမည်။ အလှမယ်ပြိုင်ပွဲ အတွေ့အကြုံရှိသူကို လက်ခံသော်လည်း ဆုမရရှိဖူးသူဖြစ်ရမည်။ ပညာအရည်အချင်း အထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည် စသည့်စည်းကမ်းချက်များ သတ်မှတ်ထားသည်။

အဆိုပါစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိကို နိုင်ငံတကာအလှမယ်များ စစ်ဆေးရေးအဖွဲ့က နိုင်ငံများသို့ လိုက်လံစစ်ဆေးမှုများရှိနေသည်။ မြန်မာအလှမယ်များကို Miss Universe ပြိုင်ပွဲဝင်နိုင်ရန်အတွက် နောက်ဆုံးအဆင့်ရွေးချယ်မှုများအား အမျိုးသားကဇာတ်ရုံ၌ နိုင်ငံတကာမှ ပညာရှင်များနှင့် ပြည်တွင်းမှ ပုဂ္ဂိုလ်များက စိစစ်ရွေးချယ်ပေးကြမည်ဖြစ်သည်။

ရုရှားနိုင်ငံ မော်စကိုမြို့၌ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်မည့် Miss Universe ပြိုင်ပွဲသည် (၆၂) ကြိမ်မြောက်ပြိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲဝင်ရန် လျှောက်လွှာတင်ထားသည့် မြန်မာအလှမယ်များကို စက်တင်ဘာ ၉ ရက်၌ စတင်ရွေးချယ်မှုပြုလုပ်မည်ဖြစ်သည်။

ထို့ကြောင့် အဆိုပြုလွှာတင်ထားသူများကို စနစ်တကျမှန်မှန်ကန်ကန် ရွေးချယ်မှုများပြုလုပ်ကာ ရွေးချယ်ခံရသူအား နိုင်ငံတကာအဆင့်ပြိုင်ပွဲသို့ ထိုက်တန်စွာတက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေး ကူညီဆောင်ရွက်ပံ့ပိုးပေးသွားမည်ဖြစ်သည်။

Miss Universe ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်မှုမှာ ၁၉၆၁ ခုနှစ်က နောက်ဆုံးသွားရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခြင်းမရှိတော့ဘဲ ပြတ်တောက်သွားခဲ့ခြင်းဖြစ်သည်။

၁၉၆၁ ခုနှစ်က သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအလှမယ်မှာ မမြင့်မြင့်မေဖြစ်ပြီး ပြိုင်ပွဲ၌ Miss Universe ဆုမရရှိခဲ့သော်လည်း ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးဆု ရရှိခဲ့သည်။ ယခုအခါ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင် စတင်ကြိုးစားခဲ့ပြီး မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနကလည်း ခွင့်ပြုခဲ့သဖြင့် ပြိုင်ပွဲဝင်ရန် အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။

မြန်မာအလှမယ်များ နိုင်ငံတကာအဆင့် ပြိုင်ပွဲများအထိ တက်လှမ်းကာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းသည် နယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းနိုင်သည့်စိတ်ဓာတ်နှင့် လုပ်ရပ်များအပြင် အရည်အချင်းများလည်းရှိကြောင်း ပြသခြင်းလည်း ဖော်ဆောင်နိုင်သဖြင့် ကမ္ဘာတွင် မြန်မာမည့်ကြောင်း ပြသမည့်ပြိုင်ပွဲအဖြစ်လည်း ရှုမြင်နိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဆရာအတတ်ပညာ လေ့လာသုံးသပ်ရေးလုပ်ငန်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံဆရာအတတ်ပညာ လေ့လာသုံးသပ်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပါမောက္ခများက သက်ဆိုင်ရာနိုင်ငံများ၏ ဆရာအတတ်ပညာအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သင်ရိုးညွှန်းတမ်းနှင့် သင်တန်းများ ဆရာအတတ်သင်သင်တန်းဆရာ ဆရာမများ လေ့ကျင့်ပျိုးထောင်ရေး၊ အဆောက်အအုံနှင့် ပရိဘောဂ၊ ဆရာအတတ်သင်ဌာနများ၏ လိုအပ်ချက်များအကြောင်းကို အုပ်စုလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လားရှိုးမြို့တွင် ဝန်ထမ်းအိမ်ရာများ

လားရှိုး စက်တင်ဘာ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ဖြင့် ခြောက်ခန်းတွဲ RC နှစ်ထပ် ဝန်ထမ်းအိမ်ရာနှစ်ဆောင်ကို အထက်မန်အိုင် နမ့်စန်လမ်း ရပ်ကွက်(၅) ဝန်ထမ်းအိမ်ရာစခန်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဝင်းဝင်းအောင်ကုမ္ပဏီတို့က ဆောက်လုပ်လျက်ရှိသည်။ **(ယာပုံ)**

ရှင်းပြ

ခြောက်ခန်းတွဲ RC နှစ်ထပ်ဆောင် နှစ်ဆောင်ကို ကျပ်သိန်း နှစ်ထောင်ကျော်ကုန်ကျမည်ဖြစ်ပြီး အဆောက်အအုံမှာ RC၊ လေးဘက်ချခေါင်ချိုးဖြစ်ကာ ဥရောပပုံစံဒီဇိုင်းဖြစ်ပြီး အနံ ၂၆ ပေ၊ အလျား ၁၅၃ ပေ၊ အမြင့် ၁၈ ပေရှိကာ တစ်စတုရန်းပေလျှင် ငွေကျပ် ၂၈၀၀၀



၂၀၁၃ ခုနှစ် စက်တင်ဘာလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှလည်းကောင်း အသီးသီးဆုတ်ခွာသွားဖွယ်ရာရှိသည်။

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၁၄ ရက်မှ ၁၈ ရက်ခန့် ရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။



ကမ္ဘာ့နိုင်ငံများမှ ပုံစံတူစေတီငယ်များ တည်ထားကိုးကွယ်သွားမည်

မန္တလေး စက်တင်ဘာ ၁

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ခြေရှိ ဝိပဿနာအကယ်ဒမီ၌ ကမ္ဘာ့နိုင်ငံအသီးသီး၌ တည်ထားကိုးကွယ်ထားရှိသည့် စေတီတော်များ၏ပုံစံတူ စေတီငယ်များအား တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင်ကျင်းပခဲ့သည့် ရတနာပုံမြို့တည်နန်းတည်သတ္တဌာနအပါအဝင် အသစ်ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းကော်မတီ တတိယအကြိမ်အစည်းအဝေးတွင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt,Ph.D) က မိန့်ကြားသည်။

တို့သီတဂူ ဗုဒ္ဓတက္ကသိုလ်မှာ International Buddhism Academy လို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓကျမ်းစာ လေ့လာသင်ကြားတဲ့ဌာန လို့ဆိုတဲ့အတွက်ကြောင့် ဗုဒ္ဓကျမ်းစာ တစ်ခုတည်းကို သင်ကြားပို့ချခြင်း မဟုတ်ဘဲနဲ့ ဗုဒ္ဓယဉ်ကျေးမှုတွေကိုပါ သင်ကြားပို့ချတယ်၊ ဗုဒ္ဓတက္ကသိုလ်မှာ ပထဝီဝင်ရော၊ ရှေးဟောင်းရော၊ သမိုင်းကြောင်းရော၊ ယဉ်ကျေးမှုရော၊ ဘာသာရေးရော၊ Art ရော၊ Architect ရောသင်ကြားပေးတယ်။ ဗုဒ္ဓတက္ကသိုလ်မှာ နိုင်ငံစုံ၊ ခေတ်စုံ၊ ယဉ်ကျေးမှုအစုံ၊ ဗုဒ္ဓဆင်းတုတွေ အဆူပေါင်း ၁၀၀ လောက် စစ်ကိုင်းမှာ အကုန်ထုထားတယ်။

အဲဒီဆင်းတုကို ကြည့်လိုက်ခြင်းအားဖြင့် အဲ့ဒီနိုင်ငံရဲ့နောက်ခံသမိုင်းကြောင်းတွေရော၊ ယဉ်ကျေးမှုတွေရော၊ ဘာသာရေးအမွေအနှစ်တွေကိုပါ ဆင်းတုလေးတစ်ဆူက သင်လို့ရတယ်၊ ပြောလို့ရတယ်။ ပြည်ပက သုတေသနလာလုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း သင်ပေးတယ်၊ ဝိပဿနာအကယ်ဒမီဆိုတဲ့ ကျောင်းတိုက်မှာ စေတီတွေ၊ အိန္ဒိယပြည်က စေတီတွေ၊ ဒီကနေ့ အိန္ဒိယပြည်မှာ စေတီတွေဆိုလို့ရှိရင် ဆန်ချီနဲ့ မဟာဗောဓိနှစ်ခုပဲ ရှေးဟောင်းအနေနဲ့ တွေ့ရတော့တယ်၊ အသောကမင်းတည်ခဲ့တဲ့ စေတီတွေအားလုံးမြေကြီးထဲရောက်သွားပြီ၊ အဲ့ဒါတွေကိုရှာဖွေပြီးတော့ ဘာပုံဖြစ်နိုင်မယ်ဆိုတာ ပြန်လည်ဖော်ထုတ်ပြီးတော့ တမွဝတီဦးဝင်းမောင်နဲ့ စေတီတော်တွေကို ပြန်တည်မယ်၊ ပုံတူလေးတွေပေါ့။

"နောက်တစ်ခါ နီပေါစေတီ၊ တိဗက်စေတီ၊ တရုတ်စေတီ၊ ကိုရီးယားစေတီ၊ ဂျပန်စေတီ၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ နိုင်ငံစုံမှာရှိဖူးတဲ့ စေတီတော်တွေ ခေတ်လိုက် စနစ်လိုက် အဲဒါတွေကို ပြန်တည်မယ်၊ ပုံစံတူစေတီလေးတွေတည်ပြီးတော့ဖူးရခြင်းဖြင့် အဲဒီခေတ် အဲဒီအခါတုန်းက အဲဒီအရပ်ဒေသရဲ့ဘာသာရေး၊ သာသနာရေး၊ ယဉ်ကျေးမှု၊ ပြီးတော့ဟိုဘက်နိုင်ငံနဲ့ ဒီဘက်နိုင်ငံရဲ့ယဉ်ကျေးမှု ရောယှက်ပုံ အဲ့ဒါတွေကို လေ့လာခွင့်ရမယ်၊ အဲဒီအတွက် စေတီတော်တွေကို သုတေသနလုပ်ပြီး ပုံထုတ်နေကြတယ်။ တစ်ဝက်ကျော်ကျော်လောက်ပြီးသွားပြီ။ မကြာမီစတည်တော့မယ်၊ ရှာမရတာက လာအိုကစေတီနဲ့ ကမ္ဘောဒီးယားက စေတီတွေကို ရှာမရဘူး။

"အင်တာနက်မှာ ရှာရင်နဲ့ ကမ္ဘောဒီးယားက စေတီတစ်ဆူတော့ တွေ့တယ်။ အစည်းအဝေးသွားတက်ရင်းနဲ့တစ်နေရာမှာ စေတီဟောင်းလေးတစ်ဆူကို တွေ့တယ်။ အဲဒါတွေကို သွားလေ့လာပြီး အကောင်းဆုံးနဲ့၊ ရှေးအကျဆုံးနဲ့၊ အခိုင်မာဆုံး စေတီတော်တွေကို ပုံတူတွေပြန်လုပ်ပြီးတော့ ဝိပဿနာအကယ်ဒမီမှာ တည်ထားမယ့် စေတီတော်အဟောင်းများ ခေတ်စုံ စနစ်စုံ နိုင်ငံစုံတည်ထားမယ့် စီမံကိန်းကို တမွဝတီဦးဝင်းမောင်တို့နဲ့ ဆောင်ရွက်နေတယ်"ဟု မိန့်ကြားသွားသည်။

ပုံစံတူစေတီတော်များတည်ထားခြင်းအတွက် အချိန်ကာလ နှစ်နှစ်ကျော် သုံးနှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး စေတီတော်တစ်ဆူလျှင် ငွေကျပ်သိန်း ၂၀၀ ဖြင့် လှူဒါန်းနိုင်ကြောင်း၊ လိုအပ်ပါက ဆရာတော်ကြီးက ဖြည့်ဆည်းလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ စေတီတစ်ဆူချင်းအတွက် ငွေကျပ်သိန်း ၂၀၀ ကုန်ကျခြင်းမရှိပါက ပိုငွေကို တခြားလိုအပ်သည့် စေတီများ တည်ထားရေးတွင် ထည့်ဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ စေတီအရေအတွက် သုံးပုံနှစ်ပုံခန့် အလှူရှင်ရရှိနေပြီဖြစ်ကြောင်း ဆရာတော်ကြီးက ဆက်လက်မိန့်ကြားသည်။

တည်ထားပြီးစီးသော စေတီတော်နှင့်ပတ်သက်၍ ဆရာတော်ကြီးက မိန့်ကြားရာတွင် "အင်ဒိုနီးရှားက ဗောရောဗုဒုစေတီ ပုံစံတူတည်ထားတုန်းက အင်ဒိုနီးရှားကို ငါးခေါက်လောက်သွားရတယ်။ ဗောရောဗုဒုဘုရားကြီးပေါ် တက်လိုက်တိုင်း ဘုရားကြီးအနီးက ကျောက်ဆစ်ပညာရှင်တွေရဲ့ Workshop မှာ အဲ့ဒီမှာပဲလုပ်တယ်၊ အစိတ်အပိုင်းပေါင်းသုံးထောင်ကျော်တယ်၊ အဲဒါကို သင်္ဘောနဲ့သယ်လာပြီး ဒီမှာပြန် ဆင်တယ်။ စစ်ကိုင်းရောက်ရင် ဝင်ဖူးနိုင်တယ်" ဟု မိန့်ကြားသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရသည် ပြည်တွင်းပြည်ပသာသနာပြု လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအစရှိသည့် ပရဟိတလုပ်ငန်းများတွင်လည်း နှစ်ပေါင်းများစွာ ဦးစီးဦးဆောင်ပြု ဆောင်ရွက်နေသော ဆရာတော်ကြီးတစ်ပါးဖြစ်သည်။

ညွန့်ဇော်(မန်းကိုယ်ပွား)

သင်္ဘောတူးရေယာဉ်နှင့် အထောက်အကူရေယာဉ်များတင်ဆောင်လာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ BBC SUMMER ရေယာဉ်ကြီး ရန်ကုန်မြစ်အတွင်းသို့ရောက်ရှိ

သတင်း - ဇော်မင်းလတ်
ဓာတ်ပုံ - ကိုကိုဇော်(ဒလ)

ရန်ကုန် စက်တင်ဘာ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC ကုမ္ပဏီမှ သင်္ဘောတူးရေယာဉ်များနှင့် အထောက်အကူပြုရေယာဉ်များ စုစုပေါင်း ၁၉ စင်းအား ဝယ်ယူရေး စာချုပ်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စာချုပ်ချုပ်ခဲ့သည်။

သင်္ဘောတူး ရေယာဉ်များကို CATIC ကုမ္ပဏီက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဖွန်လ၌ တည်ဆောက်ပြီးစီးခဲ့သည်။ သင်္ဘောတူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ် ၁၄ စင်းကို ပထမအသုတ်အနေဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၉ ရက်တွင် Tianjin မြို့မှ BBC Amber ရေယာဉ်ကြီးဖြင့် သယ်ဆောင်ခဲ့ရာ ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

သင်္ဘောတူးရေယာဉ် စုစုပေါင်း ၁၉ စင်းအနက် ကျန်ရှိနေသော သင်္ဘောတူးရေယာဉ် နှစ်စင်း၊ အထောက်အကူပြုရေယာဉ် သုံးစင်း၊ စုစုပေါင်းငါးစင်းနှင့် ရေယာဉ်အပိုပစ္စည်းများကို ဒုတိယသုတ်အဖြစ် Tianjin မြို့မှ BBC Summer ရေယာဉ်ကြီးဖြင့် သယ်ဆောင်လာရာ ယခုဆိုလျှင် ဗိုလ်အောင်ကျော် ဆိပ်ကမ်းရှေ့ရှိ ဖော်ယာသို့ဆိုက်ကပ်လာပြီဖြစ်သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဝယ်ယူထားသော သင်္ဘောတူးရေယာဉ်အမျိုးအစားများမှာ သောင်ခုတ်သဲစုပ်ရေယာဉ် (Cutter Suction Dredger) ငါးစင်း၊ မြေတူးရေယာဉ် (Back Hoe Dredger)နှစ်စင်း၊ တွန်းရေယာဉ်(Tug Boat) တစ်စင်း၊ ကမ်းထိုးရေယာဉ် (Landing Craft) တစ်စင်း၊ မြေသယ်ယာဉ် (Split Hopper Barge) လေးစင်းနှင့် အထောက်အကူပြုရေယာဉ် Work Boat ခြောက်စင်းတို့ဖြစ်သည်။

သင်္ဘောတူး ရေယာဉ်များကို ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ရှိ မြစ်ကြောင်းများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်္ဘောတူးဖော်ရာမှ ထွက်ရှိလာသော တူးစာများကို ပိုက်ဖြင့်သယ်ပို့စွန့်ပစ်နိုင်သည့် နေရာများတွင် သောင်ခုတ်သဲစုပ်ရေယာဉ်များဖြင့်လည်းကောင်း၊ ပိုက်ဖြင့်စွန့်ပစ်ရန် ခက်ခဲသော နေရာများတွင် မြေတူးရေယာဉ်နှင့် မြေသယ်ယာဉ်တို့နှင့်တွဲဖက်၍လည်းကောင်း အသုံးပြုသွားမည်ဖြစ်သည်။

အသစ် ရောက်ရှိလာသော သင်္ဘောတူးရေယာဉ်များနှင့် မူလရှိပြီးသော သင်္ဘောတူးရေယာဉ်များကို အသုံးပြုကာ မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားခြင်းဖြင့် မြစ်ကြောင်းရေလမ်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ခရီးသည်နှင့် ကုန်စည်များ လွယ်ကူလျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဟု သိရသည်။

ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်
ဓာတ်လှေကားသစ်နှစ်စင်းတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် စက်တင်ဘာ ၁

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှုများကို စေတီတော်ဂေါပကအဖွဲ့က အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့အနက် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၌ ဓာတ်လှေကားသစ်နှစ်စင်းကို ထပ်မံတည်ဆောက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့သော ဓာတ်လှေကားသစ်နှစ်စင်း တည်ဆောက်မှုမှာ ယခုအခါ ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးပြီဖြစ်ကြောင်း၊ ဓာတ်လှေကားတစ်စင်းကို အတက်/အဆင်းတစ်ကြိမ်လျှင် ဘုရားဖူးခရီးသည် ၂၀ စီ စီးနင်းတက်ဆင်းနိုင်ပြီး တစ်စင်းလျှင် ၁၃၉၀ ကီလိုဂရမ် ခံနိုင်ဝန်အားရှိကြောင်း၊ ယခုလာမည့်အောက်တိုဘာလတွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါဓာတ်လှေကားသစ်နှစ်စင်း တည်ဆောက်ပြီးစီးဖွင့်လှစ်ပါက ဘုရားဖူးရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ကလေးသူငယ်များနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ရွှေတိဂုံစေတီတော်ရင်ပြင်သို့ လွယ်လင့်တကူတက်ရောက်ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်သည်။ **ခင်ချိုဝင်း(သတင်းစဉ်)**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ရုပ်သံဇာတ်လမ်း ရိုက်ကူးတင်ဆက်မည်

ရန်ကုန် စက်တင်ဘာ ၁

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်နှင့် ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်သည့် **"လွတ်လမ်းမရှိ"** ဖြစ်ရပ်မှန် မြန်မာနိုင်ငံရုပ်သံဇာတ်လမ်းကို ရွှေပြည်သာ သုံးလောင်းပြိုင်လူသတ်မှုအား အခြေခံ၍ ဇာတ်လမ်းကျောရိုးယူကာ ညွှန်းဖွဲ့ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ရုပ်သံဇာတ်လမ်းကို ဝတ္ထု၊ ဇာတ်လမ်း စုံထောက်မောင်ရေခဲ၊ မြမြင့်မိုရ်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမီးပွားက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူများနှင့် ပူးပေါင်းကာ အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းထောက်လှမ်းမှုများကို ရုပ်ရှင်အသွင်ဖြင့် အများပြည်သူစိတ်ဝင်စားစေရန် အနုပညာဖန်တီးမှုရိုက်ချက်များစွာတို့ဖြင့် ပုံဖော်ရိုက်ကူးသွားမည်ဖြစ်သည်။

"လွတ်လမ်းမရှိ" ဖြစ်ရပ်မှန် ရုပ်သံဇာတ်လမ်းကို ရိုက်ကူးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့၏ စုံစမ်းဖော်ထုတ် အထူးဆောင်ရွက်ချက်များကို အများပြည်သူအတွက် မှုခင်းဗဟုသုတရရှိစေပြီး ကြိုတင်ကာကွယ်တားဆီးရန် ရဲတပ်ဖွဲ့၏ အခက်အခဲများ၊ စွန့်စားလုပ်ဆောင်ချက်များကို ပေါ်လွင်အောင် ရည်ရွယ်ကာ အဆင့်မီဆန်းသစ်သော ရိုက်ချက်များ၊ တင်ပြချက်များနှင့်အတူ ရိုက်ကူးတင်ဆက်သွားမည်ဖြစ်သည်။

ဇာတ်လမ်းတွင် မှုခင်းတပ်ဖွဲ့မှ အမှုမှန်ပေါ်ပေါက်ရေးအတွက် အချိန်ကြာကြာ ဇွဲရှိရှိ တာဝန်သိသိဖြင့် စုံစမ်းဖော်ထုတ်ခဲ့မှုများ၊ သရုပ်ပြကွက်များကို ဖြစ်စဉ်ဖြစ်မှန်များဖြင့် နောင်ကြောင်းပြန် တိုက်ရိုက်တင်ပြရိုက်ကူးပြီး ပရိသတ်နားလည်နိုင်ရန် အဆင့်မြင့်ပြကွက်များဖြင့် တည်းဖြတ်ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ ဇာတ်လမ်းတွင် သရုပ်ဆောင်များဖြစ်ကြသည့် ဖြိုးငွေစိုး၊ အေးမြတ်သူ၊ သားညီ၊ ညီညီမင်းထက်၊ အောင်လွင်၊ အောင်ခိုင်၊ ဝင်းမြိုင်၊ သက်ဦးကို၊ ချမ်းသာ၊ ချိုပြုံး၊ ထက်ထက်စုလှိုင်၊ ဧကရီပိုင်မှူး၊ ဘေဘီမောင်၊ မိုးယသော်၊ ချမ်းမေမြတ်နိုးနှင့် ရုပ်ရှင်သရုပ်ဆောင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းကို စက်တင်ဘာ ၂ ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ရီရီသန့်(သတင်းစဉ်)**

...အိမ်ရာများ ဆောက်လုပ်

...၆ ပေ၊ အလျား ...ပေရှိကာ တစ်... ...ကျပ် ၂၈၀၀၀ ခန့်ကုန်ကျမည်ဖြစ်ကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ S.A.E ဦးခင်မောင်ထွေးက တစ်ဆောင်၊ ဝင်းဝင်းအောင်ကုမ္ပဏီက တစ်ဆောင် တာဝန်ယူ ဆောက်လုပ်မည်ဖြစ်သည်။ ယခင်ဆောက်လုပ်ခဲ့ပြီးသော ဒီဇိုင်းမျိုးမဟုတ်ဘဲ အသစ်ဒီဇိုင်းပုံစံဖြင့် ဆောက်လုပ်နေကြောင်း အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ မီးဖိုဆောင်တစ်ခန်း၊ အိမ်သာနှင့် ရေချိုးခန်းတစ်ခန်းစီတို့ ပါဝင်ပြီး ရှေ့နောက် လေးပေ၊ ရှစ်ပေရှိ ဝရန်တာပါဝင်မည် ဖြစ်ကြောင်းကို ဆောက်လုပ်ရေးတာဝန်ခံ ဦးသန်းထွန်းအောင်က ရှင်းပြသည်။

ရည်ရွယ်ထား

ယခုဆောက်လုပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများပြီးစီးသွားပါကလည်း နောက်ထပ်နှစ်အလိုက် ဘတ်ဂျက်များပေါ်မူတည်ပြီး ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ရန် ရည်ရွယ်ထားပြီး ဖြစ်ကြောင်းကိုလည်း သိရသည်။

ဟန်ငွေးအောင်(ဘော်တွင်း)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၂၆ ရက်ညတွင် ရန်ကုန်(အရှေ့)မူးယစ်(အထူး)အဖွဲ့မှတပ်ဖွဲ့ဝင်များသည် သာကေတမြို့နယ်ရှိ Beautiful Hotel အခန်းအမှတ်(၃၂)၌ ရှာဖွေရာ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်နေ ကိုကိုထွန်း(ခ)ထူးနိုင်ကို Good Morning တံဆိပ်ပါ ပေါင်မုန့်ထုပ်အတွင်း ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ၎င်း၏ ပိုက်ဆံအိတ်အတွင်းတို့မှ ဆေးပြား ၃၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထူးနိုင်အား စစ်ဆေးချက်အရ ကွင်းဆက်ဖြစ်သူ အင်းစိန်မြို့နယ် မြို့သစ်ရပ်ကွက်နေ ခင်ဇော်(၃၈ နှစ်) **(အပေါ်ပုံ)**အား တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မေတ္တာရိပ်မွန်အိမ်ရာရှေ့တွင် ၎င်းမောင်းနှင်လာသည့် ယာဉ်အမှတ် ၂၈/... မော်တော်ယာဉ် ရှေ့ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀ နှင့် အတူဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင်လမ်းဆုံနေ ကျော်ကြီး(ခ)ကျော်စည်သူငွေး(၃၂ နှစ်) တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်အား Platinum Hotel ရှေ့တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျော်ကြီး(ခ)ကျော်စည်သူငွေးအား စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ နှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံ့အကျိုးဆောင်များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မန္တလေး စက်တင်ဘာ ၁

ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို နိုင်ငံတော်သမ္မတက ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများအား နိုင်ငံတော်သမ္မတကိုယ်စား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။ **(ယာပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က စတင်ခဲ့သည့် နိုင်ငံတော်အစိုးရသစ် သက်တမ်းကာလ နှစ်နှစ်ပြည့်ပြီးချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများနှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ခဲ့ကြသည့် ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုအသီးသီးကို ဇူလိုင် ၃၀ ရက်က နေပြည်တော်၌ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်လေးဦးတို့ချီးမြှင့်ခံရပါကြောင်း၊ ယခုလည်း တိုင်းဒေသကြီး အတွင်း လူမှုရေးဆိုင်ရာများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အသင်းအဖွဲ့သုံးခု၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လက်မှုအနုပညာများ ထိန်းသိမ်းဆောင်ရွက်နေသော လူပုဂ္ဂိုလ်ငါးဦးတို့သည် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခံရပါကြောင်း၊ တိုင်းဒေသကြီးအတွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် ယခုကဲ့သို့ ချီးမြှင့်ခံရမှုများအပေါ် တိုင်းဒေသကြီး အစိုးရက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတကိုယ်စား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ မင်းကွန်းဘိုးဘွားရိပ်သာ၊ မလွန်ဆန်လျှုအသင်း၊ ဦးစိန်မြင့်(မြန်မာမှုရွှေချည်ထိုး)၊ ဦးသူတော်(ရွှေစင်အကယ်ဒမီရွှေဆိုင်းလုပ်ငန်း)၊ ဦးဝင်းမောင်(တမ္ပဝတီ)မြန်မာ့ဗိသုကာပညာရှင်၊ ဦးကျော်ခင် (မိသားစု)ကျောက်ပန်းချီလုပ်ငန်း၊ ဦးဘညိမ်း ယွန်းထည်လုပ်ငန်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ရွှေဇရပ်တော်ကြီး၊ ရွှေသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီးတို့ အသစ်ပြန်လည်တည်ဆောက်ရန် စည်းဝေး

မန္တလေး စက်တင်ဘာ ၁

ရတနာပုံမြို့တည် နန်းတည် သမိုင်းဝင် သတ္တဌာနအပါအဝင်ဖြစ်သော သုဓမ္မာသံဃသဘာ ရွှေဇရပ်တော်ကြီး၊ မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီးနှင့် ဆရာတော်ကြီးများ သီတင်းသုံးရာ သုဓမ္မာ ကျောင်းတော်ကြီးတို့ အသစ်ပြန်လည်တည်ဆောက်ခြင်း စီမံကိန်း တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် ညနေ ၄ နာရီက မန္တလေးတောင်ခြေရှိ စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ ကြွရောက်၍ ဩဝါဒကထာ မိန့်ကြားတော်မူသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များဖြစ်ကြသော မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်၊ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မန္တလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သန်း(မန်းမြေရာဇာ အိမ်ခြံမြေရောင်းဝယ်ရေးကုမ္ပဏီ) မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး သီတဂူဆရာတော်ကြီးက စီမံကိန်းနှင့်ပတ်သက်၍ အစည်းအဝေးကို စဉ်ဆက်မပြတ် ပြုလုပ်သွားရေး၊ သမိုင်းကြောင်းကောင်းရန်နှင့် မှတ်တမ်းတင် ကောင်းရန်အတွက် ဆောင်ရွက်သွားရေးတို့လိုကြောင်းဖြင့် ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ဆက်လက်၍ မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဦးဟန်တို့က တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့်ဗိသုကာဆိုင်ရာ အချက်အလက်များကို ဖြည့်စွက်ရှင်းလင်း လျှောက်ထားတင်ပြကြသည်။

ထို့နောက် ဘဏ္ဍာရေးဝန်ကြီးနှင့် အလှူရှင် ဦးကျော်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့က တည်ဆောက်ရေး စီမံကိန်းနှင့် ပတ်သက်၍ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လျှောက်ထားကြပြီး အထွေထွေ ဆွေးနွေးလျှောက်ထားကြရာ သီတဂူဆရာတော်ကြီးက လိုအပ်သည်များကို ဩဝါဒကထာမိန့်ကြား၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)



မိုးစပါးများစိုက်ပျိုး၊ ထွန်တုံးပိတ်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ပုသိမ်ကြီး စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံသော မြို့ဖြစ်သည်နှင့်အညီ ဆည်ရေသောက်ဧက၊ မိုးကောင်းသောက်ဧကများရှိသည်။ ၂၀၁၃ ခုနှစ်အတွက် မိုးစပါးလျာထားဧက ၂၉၃၈၂ ဧက သတ်မှတ်ထားရာ ဩဂုတ်လကုန်အထိ ၁၇၅၂၁ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ထွန်တုံးပိတ်ရန် ၁၁၈၆၁ ဧကခန့်ကျန်ရှိနေရာ တောင်သူများနှင့် စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပုသိမ်ကြီးမြို့နယ်တွင် အဓိကမိုးစပါးမှာ ဧရာမင်းစပါး (မဂျမ်းတော)၊ မနောသုခ၊ ရွှေသွယ်ရင်၊ ပုလဲသွယ်စပါးများစိုက်ပျိုးကြကြောင်း သိရသည်။ **(ဓါတ်ပုံ)**

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အသိတရားနှင့်သတိတရားအမြဲထားရှိရမည့်တောင်ပေါ်လမ်းများ

ကလေးမြို့နှင့် ချင်းပြည်နယ်သွားရာ တောင်ပေါ်လမ်းများသည် အတက်အဆင်း၊ အကွေ့အကောက်များစွာ ကျော်ဖြတ်မောင်းနှင်ရသည့်အပြင် လမ်းမြေသား၏ အကျယ်မှာလည်း သာမန်အားဖြင့် ၁၂ပေ အကျယ်သာ ရှိသည်။

နှစ်စဉ် မိုးရာသီများတွင် မြေပြိုခြင်း၊ လမ်းမြေသားပြိုခြင်းများ ဖြစ်လေ့ရှိပြီး လမ်းပျက်သည့်နေရာများတွင် ဆောက်လုပ်ရေးဌာနနှင့် လမ်းအထူးအဖွဲ့တို့က တာဝန်ယူလျက် မြေကော်စက်၊ မြေတူးစက်ယန္တရားများဖြင့် လမ်းများကို အချိန်မီပြုပြင်ရှင်းလင်းပြီးမှသာ မော်တော်ယာဉ်များ ဖြတ်မောင်းကြသည်။

အဆိုပါ လမ်းမြေပြိုသည့်နေရာများတွင် လမ်းမြေသားကျဉ်းကျဉ်းသာ ကျန်ရှိသည့်အပြင် လမ်းမြေသားများလည်း အိပျော့နေခြင်းကြောင့် မော်တော်ယာဉ်များဖြတ်မောင်းသည့်အချိန်တွင် ယာဉ်မောင်းသူနှင့် ယာဉ်အကူများသည် အသိတရားနှင့်သတိတရားအမြဲထားရှိရန် လိုအပ်ပြီး မဆင်မခြင် ဖြတ်မောင်းခြင်းများ မပြုလုပ်ရန် အလွန်အရေးကြီးပါသည်။

ယခင်ကာလများတွင်လည်း မိုးတွင်းအချိန် လမ်းမြေသားပြိုသည့်နေရာများကို အသိတရားမရှိ၊ သတိတရားမရှိ မဆင်မခြင်ဖြတ်မောင်းခြင်းကြောင့် သိုင်ငင်းကျေးရွာအနီးတွင် ကုန်အပြည့်၊ ခရီးသည်အပြည့်တင်ဆောင်လာသည့် ဟီးနိုးကားတစ်စီးနှင့် ဗားလုံကျေးရွာအနီးတွင် ကုန်အပါ ခရီးသည် အပြည့်တင်ဆောင်လာသော မှန်လုံကားတစ်စီးတို့ တိမ်းမှောက်ခြင်းကြောင့် ခရီးသည်အများအပြား သေဆုံးကြပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြသည်။

ဩဂုတ် ၂ ရက်က ဖလမ်းမြို့အနီး ကုန်အပါခရီးသည်အပြည့်တင်ဆောင်လာသောရွှေခြသေ့်ခရီးသည်တင်မှန်လုံကားတစ်စီးသည် လမ်းမြေပြိုသည့်နေရာကို အသိတရား မရှိ၊ သတိတရားကင်းမဲ့စွာ မဆင်မခြင်ဖြတ်မောင်းခြင်းကြောင့် ယာဉ်တိမ်းမှောက်မှုဖြစ်ပြီး လမ်းအောက်ချောက်ထဲသို့ ပေ ၄၀၀ ခန့်အထိ ကျသွားကာ ခရီးသည်ငါးဦး သေဆုံးပြီး ၂၀ မှာ အပြင်းအထန်ဒဏ်ရာများဖြင့် ဖလမ်းမြို့ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာအဖြစ် ရောက်ခဲ့ကြသည်။

သို့ဖြစ်၍ မိုးရာသီအချိန် ကလေးမြို့နှင့် ချင်းပြည်နယ်သွားရာ တောင်ပေါ်လမ်းတွင် သွားလာနေကြသော မော်တော်ယာဉ်များသည် လမ်းပြို၊ မြေပြိုသည့်နေရာများသို့ ရောက်ရှိသည့်အချိန်တွင် ယာဉ်မောင်းသူနှင့် ယာဉ်အကူများသည် အသိတရားရှိရှိ ခရီးသည်များကိုဆင်းခိုင်းပြီး တန်ပိုကုန်များချပြီးမှ လမ်း၏အကျယ်၊ လမ်းမြေသားအမာအပျော့များကို သတိတရားရှိရှိ စစ်ဆေးပြီးနောက် ယုံကြည်စိတ်ချမှုရှိမှသာ ဆင်ဆင်ခြင်ခြင် မောင်းနှင်ပါမှ မိမိခရီးသည်များ၏ လုံခြုံဘေးကင်းမှုကို ကာကွယ် စောင့်ရှောက်ရာ ရောက်သည့်အပြင် မလိုလားအပ်သော ပြဿနာများလည်း ကင်းရှင်းနိုင်မည်ဖြစ်ကြောင်း ယာဉ်မောင်းသူများ အသိတရား၊ သတိတရား အမြဲထားရှိနိုင်ကြရန် ရည်ရွယ် ရေးသားလိုက်ပါသည်။

ဂျူနိုင်း

ပြည်ထောင်စုဝန်ကြီး မန္တလာကောလိပ်စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့ရှိ မန္တလာကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တာဝန်ရှိသူများအား တွေ့ဆုံကာ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စည်းကမ်း ပြည့်ဝသည့် လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော အတွေ့အကြုံကောင်းများနှင့် သင်ခန်းစာများကို မျှဝေပေးရန်၊ မိမိဆောင်ရွက်နေရသည့် လုပ်ငန်းနှင့်တာဝန်ဝတ္တရားများကို မြတ်နိုးတန်ဖိုးထားရန်မှာကြားပြီး ကျောင်းဝင်းအတွင်း သုံးထပ် စာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂန့်ဂေါ-ကလေးရထား ပြန်လည်ပြေးဆွဲ

ဂန့်ဂေါ စက်တင်ဘာ ၁

မြန်မာ့မီးရထား ဂန့်ဂေါ-ကလေး ခရီးစဉ်ကို မြောင်းချောင်းတံတားမြေထိန်းနံရံနှင့် ကမ်းကပ်ခုံရေတိုက်စားသဖြင့် ပြုပြင်စဉ် ဩဂုတ် ၂၀ ရက်က ခေတ္တရပ်နားခဲ့ရာ ဩဂုတ် ၂၉ ရက်၌ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ရထားခရီးစဉ် ခေတ္တရပ်နားစဉ်ကာလ၌ ဂန့်ဂေါမြို့တွင် ကလေးမြို့မှ ဂန့်ဂေါမြို့သို့ ရထားဖြင့်သယ်ယူကြရသည့် စားကုန်သီးနှံများ ဈေးတက်သွား၍ ခရီးသွားပြည်သူများ ကားဖြင့်သွားရောက်ကြရသဖြင့် စရိတ်ပိုမိုကုန်ကျမှုများရှိခဲ့ပြီး ယခုပြန်လည်ပြေးဆွဲနိုင်သည့်အတွက် ကုန်စည်စီးဆင်းမှုလည်း ပုံမှန်ဖြစ်လာပြီဖြစ်သည်။

(၁၀၁)

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု၊ သင်ကြားမှုဆိုင်ရာ ဆွေးနွေး

သာစည် စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ခမရ(၄၁၉) အခြေခံပညာမူလတန်းကျောင်းတွင် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု၊ သင်ကြားရေးနှင့် ပတ်သက်၍ အုပ်စုတွင်းဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းကြင်က တက်ရောက်ကြသော ဆရာ ဆရာမများကို ယခင်လများက ကျင်းပသကဲ့သို့ လက်တွေ့သင်ကြားပြသရာတွင် လိုအပ်သည်များကို ဝေဖန်ထောက်ပြအကြံပြုကြရန် တိုက်တွန်းပြောကြားသည်။

ထိုကဲ့သို့ ဆွေးနွေးပွဲများကို သာစည်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများက ခြောက်ကျောင်း တစ်အုပ်စု၊ ခုနစ်ကျောင်း တစ်အုပ်စု စသည်ဖြင့် အုပ်စုများဖွဲ့ကာ လစဉ် ဆရာ ဆရာမများ၏ သင်ကြားမှု၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုများ တိုးတက်မှု ရှိ မရှိကို ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖမ်းဆီးရမိ ကျွဲ၊ နွားများ တောင်သူများသို့ ပြန်ရောင်း

ရွှေကူ စက်တင်ဘာ ၁

ရွှေကူမြို့နယ်အတွင်း တရားမဝင်မှောင်ခိုကူးသန်းရောင်းဝယ်သူများထံက ဖမ်းဆီးရမိသည့် ခိုင်းကျွဲ ၄၄ ကောင်၊ ခိုင်းနွား ၄၄ ကောင်ကို ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သက်သာချောင်ချိရေးကို ဦးတည်လျက် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့်အညီ ဩဂုတ် ၉ ရက်က မြို့နယ်အားကစားကွင်း၌ တောင်သူများသို့ မဲနှိုက်ရောင်းချပေးခဲ့သည်။

လဘန်အောင်(ကချင်မြေ)

မိတ္ထီလာမြို့၌ ကုန်သည်များစုပေါင်း၍ ကုန်စည်ဒိုင်ဖွင့်မည်

မိတ္ထီလာ စက်တင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ကုန်စည်ဒိုင်ဖွင့်လှစ်ရန် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။**(အောက်ပုံ)**

ကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ရန်အတွက် ယာယီလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး မိတ္ထီလာမြို့၏ ကုန်စည်ဒိုင်ရုံးခန်းကို ဈေးအရှေ့ပြင်ရပ်ကွက် သမဝင်းအဆောက်အအုံ၌ စက်တင်ဘာ ၁၂ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်

သတင်းဆောင်းပါး

တံခါးခေါက်ဝင်ရောက်သူ ပိုမိုများပြားနိုင်ရေး အားလုံးတွင်တာဝန်ရှိပါသည်

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အားကောင်းလျက်ရှိပြီး လက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၂ဘီလီယံကျော်ရှိလာနေပြီဖြစ်ပါသည်။ သို့ရာတွင် ရရှိလာခဲ့သည့် အခွင့်အရေးများကို ဆက်လက်အသုံးချပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက တစ်ဆင့် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက်စေရေးအတွက် လိုအပ်ချက်များကိုဝိုင်းဝန်းစဉ်းစား အကောင်အထည်ဖော်ကြရန် လိုအပ်ပါသည်။

(ဩဂုတ် ၃၀ရက်ထုတ် ရှေ့ဖုံးမှ ခင်ရတနာ၏ သတင်းဆောင်းပါး အဆက်)

ခင်ရတနာ

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အခု အများကြီးဝင်လာပါတယ်။ သို့သော် ထပ်ပြီး ဝင်ရောက်ဖို့လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ အစိုးရပိုင်းကလည်း ဥပဒေ၊နည်းဥပဒေတွေ ပြုပြင်သင့်ပြုပြင်ဖို့လည်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဥပမာပြောရရင် သူတို့တွေက လေ့လာကြတယ်။ စဉ်းစားသုံးသပ်တယ်၊ ဖြစ်နိုင်ခြေနဲ့ ရလာနိုင်မယ့် အကျိုးအမြတ်ကို တွက်ချက်ကြည့်ကြမှာပဲ။ မသေချာဘဲ ဘယ်သူမှလက်မတွဲဘူး။ ဒါပေမယ့် ကိုယ်ဘက်ကတော့ အကုန်စဉ်းစားပြီးဖြည့်ဆည်းသင့်တာ ဖြည့်ဆည်းထားရမှာပဲ။ ကိုယ့်တိုင်းပြည်ကို ဝင်ရောက်ဖို့ အခက်အခဲတွေ ရှိနေရင် ကိုယ်ရမယ့်အကျိုးအမြတ်က အခြားနိုင်ငံကို ရောက်သွားမှာပဲ။ လက်ရှိအချိန်က အောင်မြင်မှုရနေပြီလို့ပြောလို့ရတယ်။ ဒါပေမယ့် ဆက်လက်ပြီး အောင်မြင်အောင်လုပ်နိုင်မှ အဆင်ပြေမယ်။ တိုင်းပြည်တစ်ခုအလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားကောင်းမှုဖြစ်မယ်ဆိုတာတော့ အသေအချာပါပဲ"ဟု နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

မျှော်မှန်းသလောက် ဝင်ရောက်မှုမရှိဘဲ အားနည်းရခြင်းအပေါ် စီးပွားရေးပညာရှင်အချို့က သုံးသပ်ကြရာတွင် အိမ်ခြံမြေနှင့် စက်မှုဇုန်ဈေးမြင့်တက်ခြင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန် ခက်ခဲနေသေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ထွက်ပေါ်လာခဲ့သော်လည်း မူပိုင်ခွင့်ဆိုင်ရာများ၊ ပိုင်ဆိုင်မှုဆိုင်ရာ၊ အလုပ်သမားအရေးဆိုင်ရာ ၊ အကျိုးအမြတ်ဆိုင်ရာ မူဝါဒများကို ရှင်းလင်းပြတ်သားစွာ သိရှိလိုကြသည့်အပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ မူဝါဒသဘောတရားများကို လေ့လာစောင့်ကြည့်နေကြခြင်းကြောင့် ဖြစ်ကြောင်း သုံးသပ်ကြသည်။

ဇွန်လအတွင်းပြုလုပ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အတွင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိနေသေးကြောင်း ထောက်ပြခဲ့သည်။

"ပုဂ္ဂလိကပိုင်မြေတွေ အဆမတန်ဈေးမြင့်နေတဲ့ အကြောင်းအရင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စိတ်ပျက်ကြပါတယ်။ ဥပမာပြောရရင် ဒေါ်လာ ငါးသိန်းကို အဆောက်အအုံအတွက် တစ်ခုတည်းတင် ရင်းနှီးရမယ့်အစား စင်ကာပူလို နေရာမှာ ဒေါ်လာ ငါးသိန်းတန် အခန်းကောင်းကောင်း ဝယ်ပြီး ရင်းနှီးဖို့ ပိုပြီးလွယ်ကူတယ်လို့ မြင်ကြတယ်။ အဲဒီလိုဖြစ်လာလို့ သူတို့တွေက အိမ်ခြံမြေစက်မှုဇုန်အပိုင် ဝယ်ဖို့ထက် အစိုးရပိုင်စက်ရုံမြေနေရာ လိုမျိုးတွေကို ပိုပြီး အကျိုးတူပူးပေါင်းမှုလုပ်လာကြမယ်ဆိုရင် အဝယ်မရှိလို့ ပြည်တွင်းအိမ်ခြံမြေဈေး ရင်းနှီးမြှုပ်နှံထားသူတွေ အခက်အခဲကြုံလာနိုင်လို့ ဈေးကွက်ကို ထိန်းညှိဖို့မဖြစ်မနေ လိုအပ်ပါတယ်။ လက်ရှိမှာလည်း မြေကွက်အများစုက ဈေးကစားသူ လက်ထဲမှာ ရှိနေတာကို တွေ့ရတယ်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့ ညအလှ မြင်ကွင်း။

အမြန်ဆုံးပြုပြင်ပြီးမှသာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်မယ်"ဟု အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပေးသည်။

"ကျွန်တော်တို့ရတဲ့ အမြတ်အချို့က ဂျင်နရေတာနဲ့လည်ပတ်ဖို့ စက်သုံးဆီအဖြစ် ပြောင်းလဲရမယ်ဆိုရင် စိန်ခေါ်မှုအကြီးကြီးတစ်ခုဖြစ်နေပြီ" ဟု ဂျပန်နိုင်ငံမှ လာရောက် စီးပွားရေးရင်းနှီးမြှုပ်နှံရန် လေ့လာသူတစ်ဦးက သူ့အမြင်ကို ပြောကြားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည့် အချက်များအနက် အပါအဝင်ဖြစ်သည့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် ပုဂ္ဂလိကသို့ချထားပေးမှုများ၊ နည်းပညာမြင့် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပြည်တွင်းဖူလုံစွာသုံးစွဲနိုင်ခွင့် ရရှိရေးအပြင်အခြားစွမ်းအင်ဆိုင်ရာကဏ္ဍများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်ခွင့်ရရှိရေးကို အစိုးရဘက်က နည်းဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိနေပြီး ဝင်ရောက်မှု အချို့လည်း ထင်သာမြင်သာ အခြေအနေသို့ ရောက်ရှိနေပြီး လျှပ်စစ်ဓာတ်အားပြည့်မီစွာ ရရှိပါက ရင်းနှီးမြှုပ်နှံလိုသူများ ဝင်ရောက်လာမည် ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ အကြံပေးတစ်ဦးက ထင်မြင်ချက်ပေးသည်။

ကမ္ဘာ့စွမ်းအင်သိုက် ပေါကြွယ်ဝသည့် နံပါတ် ၃၄ နေရာရှိ မြန်မာနိုင်ငံအဖို့ အကျိုးရှိစွာ ဆောင်ရွက်မှုနိုင်နင်းပါက လျှပ်စစ်အပြင်အခြားစွမ်းအင်အသုံးပြု နည်းပညာများအတွက် ပြည်တွင်းသို့ များစွာအကျိုးပြုနိုင်သေးကြောင်း ပြည်ပစီးပွားရေးဆိုင်ရာများ ရေးသားသူ ဆောင်းပါးရှင်တစ်ဦးက ပရက်စ်တီဗွီ သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နှစ်ပတ်လည်အစီရင်ခံစာအရ မြန်မာနိုင်ငံသို့ တစ်နှစ်အတွင်း လာရောက်ဆွေးနွေးသူ၊ ရင်းနှီးမြှုပ်နှံရန်လုပ်ငန်းရှင်နှင့် သံတမန်ဦးရေ ၆၀၀၀ အထိ ရောက်ရှိလာခဲ့ကြောင်း သိရှိရပြီး ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံရန် အမြင့်ဆုံးဝင်ရောက်သူဖြစ်ကြောင်း ဖော်ပြထားသည်။

"မော်တော်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဖို့ ပြည်တွင်းကုမ္ပဏီတွေနဲ့ ပေါင်းစည်းလုပ်ကိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေကတော့ အများကြီးရှိပါတယ်။ မြေနေရာရရှိမှု၊ လိုအပ်တဲ့လျှပ်စစ်ဓာတ်အားအပြင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းနည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ညှိနှိုင်းမှုအပိုင်းတွေဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံခွင့်ရလို့ ကျေနပ်အားရမိပါတယ်။ အထူးသဖြင့် လက်ဦးမှုရယူထားနိုင်တဲ့အတွက် စိန်ခေါ်မှုတွေကို ကြုံရပေမယ့် ရေရှည်မှာ မြန်မာ့စီးပွားရေး မြေပြင်မှာ ရှေ့တန်းကရောက်ရှိနေမှာ အသေအချာပါပဲ" ဟု မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံသူ Mitsubishi မှ ပြန်ကြားရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နိုင်ငံရဲ့ တိုးတက်မှုနှုန်းကတော့ နိုင်ငံအသီးသီးက အသိအမှတ်ပြုရလောက်အောင် များပြားကောင်းမွန်ခဲ့ပါတယ်။နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း အများကြီး ဝင်လာနေပါပြီ။ ကျွန်တော်တို့ အနေနဲ့ကတော့ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ယခုထက်ပိုပြီး ဝင်လာအောင် မူဝါဒသဘောတရားတွေ ချမှတ်တာ၊ အမြန်ဆုံး အကောင်ထည်ဖော်တာတွေ ပြုလုပ်ပေးနေသလို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်လည်း ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေတာ အားလုံးအမြင်ပါပဲ။ အကောင်းဆုံးကတော့ မကြာမီကြုံလာရတော့မယ့် တိုးတက်ဖွံ့ဖြိုးမှုတွေကို အရည်အချင်းပြည့်မီစွာ ပူးပေါင်းဆောင်ရွက်နိုင်အောင် လူတစ်ဦးချင်းစီရဲ့ Capacity ကို မြှင့်တင်ထားကြဖို့ လိုအပ်ပြီး အစိုးရရဲ့ ဆောင်ရွက်မှုတွေကို ပူးပေါင်းအကောင်အထည်ဖော်ကြဖို့ လိုအပ်ပါတယ်" ဟု နိုင်ငံတော်သမ္မတအကြံပေး ဦးကိုကိုလှိုင်က ပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေးအတွက် ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို မြန်ဆန်စွာပြဋ္ဌာန်းနိုင်ခဲ့သော်လည်း လိုအပ်ချက်များဖြစ်သည့် နိုင်ငံခြားသားများ၏ အိမ်ခြံမြေကဏ္ဍ ပိုင်ဆိုင်ခိုင်မာမှု၊ မူပိုင်ခွင့်ဆိုင်ရာ မူဝါဒသဘောတရားများ၊ အလုပ်သမား အခွင့်အလမ်း၊ သဘောတူညီမှုဆိုင်ရာ အချက်အလက်နှင့် ဥပဒေ၊ နည်းဥပဒေများအပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သတ်မှတ်ထားသည့် အချက်အချို့တို့သည် ပြင်ပလုပ်ငန်းရှင်များအတွက် ထောက်ပြစရာ အချက်အလက်အချို့ ဖြစ်လာခဲ့ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာမြတ်သူက သုံးသပ်တင်ပြသည်။

"FDI ဖွင့်လာတဲ့အတွက် အလွန်ကောင်းပါတယ်။ အခုဆိုရင် နေ့စဉ်ကြားနေကြရတာ ဂျပန်ကလာတယ်၊ တရုတ်၊ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ယူရို၊ ဂျာမနီ၊ ဟောင်ကောင် စသည်ဖြင့်နိုင်ငံစုံ၊ လုပ်ငန်းစုံဝင်လာကြတယ်။ နည်းပညာပိုင်းဆိုင်ရာမှာလည်း အများကြီးအကောင်အထည်ဖော်လာပြီ။ ကျွန်တော်တို့ ပြင်ဆင်လို့ရနိုင်သလောက် လွှတ်တော်ကလည်း လုပ်ပေးလို့ရနိုင်သလောက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး ပြင်ဆင်ဖြည့်ဆည်းပြီး အမြန်ဆုံးအကောင်အထည်ဖော်နေတယ်။ ဒါပေမယ့် သူတို့စိတ်ပူစရာရှိတာတွေကတော့ ရှိနေမှာပဲလေ။ ဥပမာပြောရရင် တိုင်းပြည်မှာက ဒီမိုကရေစီစနစ်နဲ့ အသားမကျသေးတဲ့ အနေအထား အနည်းငယ်ကျန်နေသေးတာတွေရှိတယ်။ အပေါ်က ပြောင်းပေမယ့် အောက်ခြေက မပြောင်းနိုင်သေးတာတွေ ရှိနေသေးတယ်။ ပေါ်ပင်လိုက်ကြတဲ့အတွက် သူများက အိမ်ခြံမြေဈေးကို ကိုင်လှုပ်ရင် ကိုယ်လည်း အိမ်ခြံမြေ လိုက်ဝယ်တယ်။ ဘယ်နေရာမှာဖြင့် စက်မှုဇုန်လုပ်မယ် ပြောလိုက်တာနဲ့ အနီးအနားက မြေကွက်တွေရဲ့ ဈေးတွေ ထိန်းမနိုင် သိမ်းမနိုင်တက်ကုန်တယ်။ အဲဒီလို ပေါ်ပင်စီးပွားရေးမျိုးတွေကို ရပ်ကြပြီး အခုအကောင်အထည်ဖော်နေတဲ့ ကိုယ်ပိုင်အသေးစား၊ အလတ်စားလုပ်ငန်းမျိုး ရေတိုမဟုတ်ဘဲ ရေရှည် အကျိုးစီးပွားကြည့်ရှုပြီး လုပ်ကိုင်ကြဖို့ ပြောင်းသင့်ပြီလို့မြင်ပါတယ်။ မြေဈေးတွေတက်နေတာက ဈေးကွက် သဘောအရ အဝယ်ရှိမယ်ထင်လို့ ဖြစ်ပါတယ်။ မြေလွတ်မြေရိုင်းတွေ ဖော်ထုတ်လိုက်ရင် ဈေးကွက်သဘောအရ အရောင်းအဝယ်မျှမယ်ဆို ဈေးပြန်ကျနိုင်ပါတယ်။ လျှပ်စစ်ဓာတ်အားပိုင်းမှာဆိုလည်း ပြည်တွင်း ထွက်ရှိနေတဲ့ စွမ်းအင်ရင်းမြစ်တွေကို အကျိုးရှိရှိနဲ့ နည်းပညာ ပေါင်းစပ်ပြီး အကောင်းဆုံးကျင့်သုံးနိုင်မယ်ဆိုရင် ပူစရာမလိုဘူး။ အချိန်တစ်ခုတော့ စောင့်ပေးရမှာပါ။ အခွင့်အရေးဆိုတာ အကြိမ်ကြိမ် မရနိုင်တဲ့အတွက် ရတဲ့အချိန်မှာ ပါးစပ်နားကိုရောက်နေတဲ့ အစာလို သဘောထားပြီး ကျိန်းသေပေါက်အသုံးချနိုင်ရမယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ပြောကြားသည်။

လက်ရှိ မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် အားကောင်းလာသော စီးပွားရေးအခြေအနေများ ရှိလာခဲ့ပြီး နိုင်ငံတော်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးထားသော်လည်း ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အချို့မှာမူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်းသည် ပြည်တွင်းလုပ်ငန်းငယ်များ ပျက်စီးရန် ဖြစ်လာနေကြောင်း စိုးရိမ်မှုများရှိကြသည်။ လွှတ်တော်အတွင်း၌လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများအပေါ် အငြင်းပွားမှုအချို့ရှိနေပြီး နိုင်ငံခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များအတွက် နိုင်ငံတကာဘဏ် အသီးသီးတွင်အခြားနိုင်ငံများနည်းတူ ငွေချေးခွင့်ရရှိရန် လိုကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရသည်။

"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ ပြိုလဲမှာမဟုတ်ဘဲ ပိုမိုအားကောင်းလာမှာပါ။ ယှဉ်ပြိုင်မှုတွေ ရှိလာမယ်။ ကောင်းမွန်တဲ့ အရည်အချင်းမီစက်ရုံ အလုပ်ရုံတွေ ပေါ်ထွက်လာမယ်။ အကျိုးတူ ပူးပေါင်းခြင်းဖြင့်လည်း အကောင်းဆုံးရလဒ်တွေ ရလာနိုင်တယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရခြင်းရဲ့ ရည်ရွယ်ချက်ကိုက ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးဖို့အတွက် ရည်ရွယ်ပါတယ်။ အဲဒါအပြင် ပြည်တွင်းဒေသဖွံ့ဖြိုးရေး လုပ်ဆောင်မှု၊ အလုပ်သမားအခွင့်အရေးနဲ့ ရပိုင်ခွင့်တွေ ပိုမိုရရှိလာစေဖို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ဆောင်ရွက်ပေးနေပါတယ်"ဟု လက်ရှိ ပြည်တွင်းလုပ်ငန်းရှင်အချို့က စိုးရိမ်မှုဖြင့် မေးမြန်းရာတွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြန်လည် ဖြေကြားခဲ့သည်။

လက်ရှိတွင် ဂျီအမ်၊ ကိုကာကိုလာ၊ မစ်ဆူဘီရှီ၊ တယ်လီနော အစရှိသည့် ထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပါအဝင် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံသူ အများအပြားဝင်ရောက်လာပြီဖြစ်သော်လည်း လက်ရှိရရှိနေသည့် အနေအထားကို အမိအရမဆုပ်ကိုင်နိုင်ပါက ထပ်မံဝင်ရောက်ရန် လေ့လာစောင့်ကြည့်နေသူများကို စိတ်ပျက်နောက်တွန့်သွားစေမှုများ မဖြစ်ပေါ်စေရန်အတွက် လိုအပ်ချက်များကို အမြန်ဆုံးပြည့်မီစေရန် ဖြည့်ဆည်းရင်း တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှု အရေး ဝိုင်းဝန်းဆောင်ကြဉ်းပေးကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

လျှပ်စစ်မီးမရရှိသဖြင့် နေရောင်ခြည်သုံး ဆိုလာပြားများဖြင့် မီးလင်းနေရ

မော်လူး စက်တင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ မာန်ဟဲအုပ်စု ဟောင်းတုန်းကျေးရွာနှင့်မြေပလ္လင်ကျေးရွာများတွင် လျှပ်စစ်မီးဓာတ်အားလိုင်း နီးကပ်စွာ ဖြတ်သန်းသွားသော်လည်း ၂၄ နာရီ လျှပ်စစ်မီးမရရှိသဖြင့် နေရောင်ခြည်သုံး ဆိုလာပြားများဖြင့် လျှပ်စစ်မီး လင်းနေရကြောင်း သိရသည်။

အဆိုပါ ဟောင်းတုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာ နှစ်ရွာပေါင်း အိမ်ခြေ ၂၇၀ ကျော်ရှိပြီး ၂၄ နာရီ လျှပ်စစ်မီးလိုင်း နီးကပ်စွာ ဖြတ်သန်းသွားသော်လည်း လျှပ်စစ်မီးမရရှိသဖြင့် နေရောင်ခြည် သုံးဆိုလာပြားများဖြင့် အိမ်ခြေ ၈၀ ခန့် မီးလင်းနေရကြောင်း၊ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် မြေပလ္လင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ကျေးရွာတာဝန်ရှိသူများက ကြိုးစားဆောင်ရွက်နေသော်လည်း ငွေကြေးမပြည့်စုံသေးသဖြင့် နေရောင်ခြည်သုံးဆိုလာပြားများဖြင့် မီးလင်းနေရကြောင်း၊ နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးနိုင်လျှင် ကူညီပေးစေလိုကြောင်း ဒေသခံရွာသူ ရွာသားများက ပြောကြားနေကြကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

ပြည်တွင်းသတင်း

တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးအတွက် ကျပ် ဘီလီယံ ၁၂၀ လျာထား

တီးတိန် စက်တင်ဘာ ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာနက ၂၀၁၃ ခုနှစ်အတွင်း တိုင်းရင်းသားဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရန် ဘတ်ဂျက် ကျပ် ဘီလီယံ ၁၂၀ လျာထားကြောင်း သိရသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် ပြည်နယ်ခုနစ်ခုတို့ကို တာဝန်ယူထားရပြီး ယခုနှစ်အတွက်လျာထားငွေများကိုအဆိုပါဒေသအသီးသီးတွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်း၊ တံတားအပါအဝင် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တိုင်းရင်းသား ဒေသများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအတွက်လည်းပါဝင်ပြီး အဆိုပါဒေသများ၌ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်လိုအပ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ပြောကြားသည်။

"တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝတိုးမြှင့်ဖို့၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးဖို့ ကဏ္ဍပေါင်းစုံက လိုအပ်တာမှန်သမျှကို ဘက်ပေါင်းစုံကဆောင်ရွက်နေပါတယ်။ ဒီတက္ကသိုလ်တွေမှာ လေးနှစ်ပညာသင်ရမယ်၊ စားစရိတ်၊ သောက်စရိတ်၊နေစရိတ်အကုန် ဘာမှမလိုဘူး၊ ကျောင်းဆင်းရင် ဘွဲ့ပေးမယ်၊ ဒီဘွဲ့ဟာ ရန်ကုန်တက္ကသိုလ်ကပေးတဲ့ဘွဲ့ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်က ကျွန်တော်တို့ တိုင်းရင်းသားလူငယ်များကို ဘွဲ့ပေးပါတယ်၊ ဒီကလေးတွေကို ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနအသီးသီးမှာ တစ်ခါတည်းအလုပ်ခန့်လိုက်ပါတယ်၊ ဒီထက်ပိုပြီး ကျွန်တော်တို့ဆောင်ရွက်ရမယ်" ဟု နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

အခမဲ့သင်ကြား

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ဒီဂရီကောလိပ် နှစ်ခု၊ တက္ကသိုလ်တစ်ခု၊ ဖွံ့ဖြိုးမှုကျောင်း ၃၆ ကျောင်း၊ လူငယ်သင်တန်းကျောင်း ၂၅ ကျောင်းနှင့် စက်မှု၊ လက်မှုသင်တန်းကျောင်းနှစ်ကျောင်းရှိကြောင်း၊ အဆိုပါကျောင်းများတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအားခေါ်ယူ၍ အစိုးရစရိတ်ဖြင့် စားဝတ်နေရေးတာဝန်ယူပြီး အခမဲ့သင်ကြားပေးကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရွှေဈေး ၁-၉-၂၀၁၃ (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၁၉၈၀၀-၆၇၇၀၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၁၉၅၀၀-၆၇၇၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၇ - ၉၈၇	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၅ - ၁၃၀၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅ - ၇၇၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅ - ၃၀. ၉၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃ - ၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၇၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈ - ၃၁၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၁၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၈၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ကြိမ်ပင်ဆည်-စကြေ့လမ်းပိုင်းမှ ကုန်တင်ယာဉ်များ မဖြတ်သန်းရန် အသိပေးစာများ ထုတ်ပြန်ထား

ရန်ကုန် စက်တင်ဘာ ၁

ပုသိမ်-ရန်ကုန်သွား ကုန်တင်ယာဉ်များ ကြိမ်ပင်ဆည်-စကြေ့လမ်းပိုင်းမှ ဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် အသိပေးစာများ ထုတ်ပြန်ထားသော်လည်း ယာဉ်+ကုန် ၁၆ တန်ရှိ ခြောက်ဘီး ကုန်တင်ယာဉ်များသည် ထိုလမ်းမှတစ်ဆင့် ဧရာဝတီ(ရထား+ကားလမ်း) ညောင်တုန်းတံတားသစ်မှ ယနေ့ထိ ဖြတ်သန်းသွားလာနေဆဲရှိကြောင်း သိရသည်။

မိုးရာသီတွင် ယာဉ်+ကုန်တန်ချိန် ကန့်သတ်မှုများမှာ အောက်တိုဘာလတွင် ကုန်ဆုံးတော့မည်ဖြစ်ရာ အဆိုပါလမ်းပိုင်းနှင့် ဧရာဝတီ-ညောင်တုန်းတံတားသစ်တွင် ကုန်တင်ယာဉ်များ ယာဉ်အမျိုးအစားအလိုက် သတ်မှတ် ယာဉ်+ကုန်တန်ချိန်အတိုင်း တင်ဆောင်သွားလာနိုင်မည်ဖြစ်ကြောင်း၊ တန်ပိုတင်ဆောင်လျှင် လမ်းတံတားအသုံးပြုခတွင် ဒဏ်ကြေးငွေများ ပေးဆောင်ရမှုရှိသည်ဟု ယာဉ်လုပ်သားများက ဆိုသည်။

နှစ်စဉ်မိုးရာသီရောက်တိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ လမ်းများတွင် ရန်ကုန်-ပုသိမ် ၁၁၃ မိုင် လမ်းမကြီးမှလွဲ၍ လမ်းများပျက်စီးမှု ရှိနိုင်၍ဆိုကာ ယာဉ်+ကုန်တန်ချိန် ကန့်သတ်မှုများ ပြုလုပ်ခြင်းများ တွေ့ကြုံလာရရာ ယာဉ်+ကုန် ၁၆ တန်ရှိသော ခြောက်ဘီးကုန်တင်ယာဉ်များပင်လျှင် လမ်းအများစုတွင် သွားလာခွင့်မရှိကြောင်း၊ ယာဉ်+ကုန် ၃ တန်နှင့်အထက် သွားခွင့် မိုးရာသီတွင်ခွင့်မပြုထားသော လမ်းတွင် ယာဉ်+ကုန် ၃ တန်ထက်ပိုသော ပိဿာ ၃၀ ဝင်အိတ်ရေ ၁၀၀ ဝန်းကျင် တင်ဆောင်သော မြစ်သားဒိန်းဒေါင်းများ သွားလာခွင့်ပြု၍ ယင်းယာဉ်များထံမှ ခေါက်တိုသယ်ယူရသဖြင့် ကုန်ကျစရိတ် ပိုမိုများလာကြောင်း၊ အချို့သောလမ်းများတွင် ယာဉ်+ကုန် ၁၀ တန် ဖြတ်ပိုင်းရရန် လမ်းအသုံးပြုခကောက်ခံစခန်း ဖြတ်ကျော်ချိန်တွင်သာ ခေါက်တိုကုန်ချိန်းပြီး ပြန်လည်တင်ဆောင်သွားကြသည်ဟု ယာဉ်လုပ်သားများကဆိုရာ မိုးတွင်းကာလ ယာဉ်+ကုန်ကန့်သတ်မှု အချို့မှာ တိကျစွာလိုက်နာမှု အားနည်းနေဆဲရှိသည်ဟု ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ခင်ဆိုင်

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေး

ချောင်းဦး စက်တင်ဘာ ၁

ချောင်းဦးမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နှီးနှောဖလှယ်ဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်သန်းလှနှင့် လယ်ယာသစ်တောစိုက်ပျိုးရေးဂျပန်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးပညာရှင် ဦးဝေလင်းအောင်က ဂျပန်သင်တန်းကျောင်း၏ ဆောင်ရွက်ချက်များ၊ အပင်အတွက် လိုအပ်သော အာဟာရများအကြောင်းကိုလည်းကောင်း၊ ဆက်လက်ပြီး စိုက်ပျိုးရေးပညာရှင် ဦးထိန်လင်းက ဘိုကာရှိ မြေဆွေးပြုလုပ်နည်းများနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်နည်းများကိုရှင်းလင်းဆွေးနွေးသည်။ **(ဝဲပုံ)**

ဆွေးနွေး

ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

Fix Mobile Phone ပြုပြင်ရေးအတတ်သင် သင်တန်း

၃၁လမ်း၊ ၇၅×၇၆ လမ်းကြား

ဖုန်း-၀၉-၂၂၁၀၅၆၂၊ ၀၉-၄၂၈၃၁၃၄၅၂၊

၀၉-၃၃၁၇၃၃၇၆၊ ၀၉-၄၉၃၅၁၁၈၀

သင်တန်းစရက် - Software (၆-၉-၂၀၁၃)ရက်

- Hardware (၂၁-၉-၂၀၁၃)ရက်

ယခုချက်ချင်း ဆက်သွယ်စုံစမ်းပါ။

Phone ပြုပြင်နည်းစာအုပ် မကြာမီ ထွက်မည်။

သင်တန်းကာလ(၁)လ၊ လက်တွေ့ Phone ပြင်(၁)လ အလုပ်ဆင်းရမည်။

အများသိစေရန်

ကျွန်မ ဒေါ်အေးချမ်း ၁၄/မမန(နိုင်) ၁၄၃၉၁၄ ၏ ခင်ပွန်းဖြစ်သူ ဦးကျော်ဇေယျာဦး ၇/ပခန(နိုင်)၂၁၉၂၀၇အား အမြန်ပြန်လာရန် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်း ခေါ်ယူထားပြီးဖြစ်ပါ၍ဦးကျော်ဇေယျာဦးနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ဦးကျော်ဇေယျာဦး ပြန်လည်ရောက်ရှိမှသာလျှင် ဖြေရှင်းပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးချမ်း

၁၄/မမန(နိုင်)၁၄၃၉၁၄

ဖုန်း-၀၉-၈၆၂၂၀၈၅၊ ၀၉-၄၃၀၇၇၀၄၂

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပန်းတောရပ်၊ ကမ်းနားလမ်းနေ ဒေါ်ထိုက်ထိုက်ဝင့် ၅/စကန(နိုင်) ၂၄၅၆၇၃ သည် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များပြုမူ၍ ၎င်း၏စိတ်ဆန္ဒသဘောအတိုင်း နေအိမ်မှ ၂၆-၈-၂၀၁၃ ရက်တွင် ထွက်ခွာသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမျိုးသိန်း

WMDY-၃၄၀၄၈၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁/ခ) နှင့် (၅၁၉/က) ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန်(၁)၊ အကွက်အမှတ်(A/၁၀၅)၊ ဧရိယာ ၅ ဒသမ ၀၀ ဧက၊ ၁ယူနှစ်အား သက်ဆိုင်ရာဌာနတွင် ဦးသိန်းဦး BLM-၀၆၈၉၈၁ အမည်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားပါသည်။ ဦးသိန်းဦးထံမှတစ်ဆင့် ပိုင်ဆိုင်လုပ်ပိုင်ခွင့်ရရှိသော ဦးအက်စ်ဂဲနေ(စ်) ၁၂/လမန(နိုင်)၁၂၈၅၇၇ နှင့် ဒေါ်လှလှဝင်း တီကေအေ-၀၈၃၈၂၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ၃၀-၈-၂၀၁၃ ရက်တွင် စရန်ငွေပေးချေခဲ့ပြီးဖြစ်၍ အပြီးသတ်ငွေချေပြီး အမည်ပြောင်းဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို(စဉ်-၆၃၂၀)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၅)ရပ်ကွက်၊ ရွှေဒဂုံလမ်း၊ မြေကွက်အမှတ် သကမ-၁၄/၁၃၈၈ ဦးဝင်းဟန်အမည်ပေါက်နှင့် ၁၃၈၉/ဦးအေးကျော်အမည်ပေါက် မြေကွက် နှစ်ကွက်၊ မြေအကျယ် ပေ (၅၀×၆၀)နှင့် နေအိမ်နှစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးသိန်းထွန်း ၁၁/သတန(နိုင်)၀၅၂၄၂၉နှင့် ဒေါ်ခင်သီတာ ၁၂/အစန(နိုင်)၁၁၆၅၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ထွေး ၁၀/ပမန(နိုင်)၀၈၆၈၂၇က ဝယ်ယူရန် သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ကျွန်ုပ်ထံ သို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။

ဦးအောင်သိန်း (စဉ်/၂၂၀၁၉)

အထက်တန်းရှေ့နေ

တိုက် (၂)၊ အခန်း (၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊

(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၈၆၇၉၈၊ ၀၁-၅၃၉၆၅၃၊ ၀၉-၅၁၀၇၁၅၉

'ကံကောင်း'

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)

အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ

သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။

(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇

၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

အများသိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်(၅၄)ရှိ ခုနစ်လွှာ ညာဘက်အခန်း၊ အကျယ်အဝန်းပေ(၂၀×၆၀) စတုရန်းပေ ၁၂၀၀ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ယင်းတိုက်ခန်းအား လက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမောင်သိန်း ၁၂/မဂတ(နိုင်) ၀၄၃၃၉၆ထံမှ ဝယ်ယူရန်အတွက် ကျွန်တော်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုသည့်တိုက်ခန်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်တော့်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးလှိုင်ဘွား LL.B	**ဒေါ်မေသီဂီလှိုင် LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၈၁၃၀	**စဉ်-၃၈၀၆၆**
ဖုန်း-၀၉-၈၅၅၂၂၀၄	**ဖုန်း-၀၉-၇၃၁၇၀၁၆၀**

အမှတ်(၄၇၅) မြေညီထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သွားလာမှုအဆင်ပြေစေရေး လှည်းတန်းဈေး အုတ်နံရံ ရှင်းလင်းပေး

ရန်ကုန် စက်တင်ဘာ ၁

လှည်းတန်းဈေးနှင့် ဈေးဝန်းကျင်သည် စည်ကားသည့်နေရာတစ်ခုဖြစ်ပြီး ဈေးကို ၁၉၈၇ ခုနှစ်က အသစ်တည်ဆောက်ခဲ့ပြီး ဈေးလုံခြုံရေးအတွက် အုတ်နံရံခတ်ခဲ့သည်။

လမ်းကကျဉ်းကျဉ်း၊ ယာဉ်အစီးရေကများများ လမ်းခရီးသွားဦးရေတို့က တိုးပွားလာမှုကြောင့် ယာဉ်၊ လူ၊ ဆိုင်များ ရှုပ်ရှုပ်ထွေးထွေးဖြစ်ခဲ့ရသည်။ ယာဉ်တိုက်မှုအန္တရာယ်များ ဖြစ်လာနိုင်သည့်အပြင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့သော နည်းလမ်းတစ်သွယ်အဖြစ် သက်ဆိုင်ရာတာဝန်ရှိသူတို့က လမ်းဘေးဈေးသည်များကို ရှင်းလင်းပေးခဲ့သည်။

ယခု လမ်းမပေါ်သို့ထွက်နေသည့် အုတ်နံရံကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ထပ်မံဖြိုဖျက်ပေးခဲ့သည်။ ထို့ကြောင့် ယာဉ်ကြောကျပ်တည်းမှုအတွက် တစ်စိတ်တစ်ဒေသအကျိုးသက်ရောက်ခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

"အုတ်တံတိုင်းဖျက်ပေးလိုက်တဲ့အတွက် အခုဆိုဈေးရှေ့မှာ ပေ ၂၀ လောက်ကျယ်သွားပါပြီ"ဟု လှည်းတန်းဈေးတာဝန်ခံ ဦးထွန်းထွန်းဝင်းက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

အုတ်နံရံ ဖျက်ပေးလိုက်ခြင်းကြောင့် ဈေးကြီးလုံခြုံရေးအတွက် ရှေ့မျက်နှာစာဆိုင်ခန်းများနှင့် ကပ်လျက်သံပန်းများပြန်လည်ကာရံပေးခဲ့သည်။ ထို့အပြင် ယခင်က ရှေ့အုတ်နံရံ၌ ကပ်၍ရောင်းချနေသော သစ်သီးဆိုင်၊ ပန်းဆိုင်(၃၈)ဆိုင်ကိုလည်း ဈေးများဌာနက ကုန်ကျစရိတ်ခံလျက် ဈေး၏အနောက်ဘက်နှင့် ဘေးဘက်တို့တွင် ဆိုင်ခန်းများပြန်လည်ဆောက်ပေးခဲ့သည်ဟု ဈေးတာဝန်ခံက ပြောကြားသည်။

အဆင်ပြေ

သို့အတွက် ယခင်က လှည်းတန်းဈေးအတွင်း ဈေးဝယ်လာသူတို့ အဖို့ကားရပ်ရန် အခက်အခဲရှိကြသော်လည်း ယခုအခါ ဈေးရှေ့မျက်နှာစာ ကွက်လပ် ကျယ်ဝန်းလာသည့်အတွက် ဈေးဝယ်လာကားများ ခေတ္တရပ်နားနိုင်သည်ကို တွေ့ရသည့်အပြင် ဈေးရှေ့၌ လမ်းသွားခရီးသည်တို့အဖို့ အထိုက်အလျောက် အဆင်ပြေလာသည်ကို တွေ့မြင်ခဲ့ရသည်။

ကိုကြီးတင်

၂၀၁၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများ ကြေညာ

နေပြည်တော် စက်တင်ဘာ ၁

၂၀၁၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများစာရင်းကို သက်ဆိုင်ရာက ဩဂုတ် ၂၉ရက်က ထုတ်ပြန်ကြေညာလိုက်ရာ အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ၂၁ရာစု စာတတ်မြောက်ရေးဆောင်ရွက်ဖို့ အကောင်းဆုံးတီထွင်ကြံဆဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ပထမဆုကို ရန်ကုန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မေးရိုးနှင့် ခံတွင်းဆေး ပညာဌာန၊ ကထိက ဒေါက်တာဆန်းဝင်း(ဒေါက်တာဆန်းဝင်း-မေးရိုးနှင့်ခံတွင်းဆေးပညာ)၊ ဒုတိယဆုကို နေပြည်တော် ဗဟိုစာရင်းအင်းအဖွဲ့ ဦးစီးအရာရှိ ဦးဇော်မင်းဌေး(မင်းမင်း-ထားဝယ်)နှင့် တတိယဆုကို စစ်ကိုင်းသမဝါယမတက္ကသိုလ်၊ မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါ်ခိုင်ခိုင်ရီ (ခိုင်-မိတ္ထီလာ)တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် လူမှုဘဝမြင့်မားဖို့ စာတတ်မြောက်ရေး ကြိုးပမ်းစို့ ခေါင်းစဉ်ဖြင့် ပထမဆုကို မန္တလေးပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ပထမနှစ်သင်တန်းသား မောင်အောင်ပြည့်ဖြိုး၊ ဒုတိယဆုကို ပုသိမ်ပညာရေးကောလိပ်မှ ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းသူ မအေးသန္တာနှင့် တတိယဆုကို သဃ်န်းကျွန်း ပညာရေးကောလိပ်မှ ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်းသူ မနန်းထိုက်အောင်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တစ်ကမ္ဘာလုံးဖွံ့ဖြိုးဖို့ စာမတတ်သူလျှော့ချစို့ ခေါင်းစဉ်ဖြင့် ပထမဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမှအဋ္ဌမတန်းကျောင်းသူ မရှိုင်းနေခြည်၊ ဒုတိယဆုကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မအိစက်ဝေနှင့် တတိယဆုကို ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အဋ္ဌမတန်းကျောင်းသူ မခင်ရတနာဆန်းတို့က ရရှိကြသည်။

အခြေခံပညာ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် လက်တွဲညီညီစာတတ်မြောက်ရေးနေ့ဆီ ခေါင်းစဉ်ဖြင့် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသရဖိဝင်း၊ ဒုတိယဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၃)မှ သတ္တမတန်းကျောင်းသူ မဟန်နွေထွန်းနှင့် တတိယဆုကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ချောက်ကြားမှ သတ္တမတန်းကျောင်းသား မောင်ရဲဇော်ထက်တို့က ရရှိကြသည်။

ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၅ ရက်(ကြာသပတေးနေ့)ညနေထက် နောက်မကျဘဲ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင် (မပျက်မကွက်)သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ပတ်မီးရထား တန်ဆာတင်ဆောင်မှု ပြုပြင်ပေးစေချင်

ရန်ကုန်မြို့ပေါ်၌ မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှုများပြားလာသဖြင့် မြို့ပတ်ရထားစီးနင်းသူ အရေအတွက် ပိုမိုများလာသည်။ ထို့အပြင် အထူးတွဲများ ချိတ်ဆက်ပေးထားသဖြင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များအတွက်လည်း အဆင်ပြေနေသည်ကို တွေ့မြင်ရသည်။

အချို့သော စည်းကမ်းပျက် ခရီးသည်များကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ဖြစ်ရသည်ကို တွေ့မြင်နေရဆဲ ဖြစ်သည်။အထူးသဖြင့် ဝန်ကျယ်သော တန်ဆာပစ္စည်းများ သယ်ယူသူများသည် ထုပ်ပိုးမှုများကို စနစ်တကျပြုလုပ်မှုမရှိဘဲ တင်ဆောင်ခြင်း၊ အတက်အဆင်းပေါက်များတွင်ချထားခြင်းတို့ဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရသည်။

သို့ဖြစ်ပါ၍ တာဝန်ရှိသူများက တန်ဆာတင်ဆောင်မှုကို စနစ်တကျစိစစ်ဆောင်ရွက်ပေးခြင်းဖြင့် ရထားစီးခရီးသည်များအတွက် ပိုမိုအဆင်ပြေစေရေး ဆောင်ရွက်ပေးသင့်ကြောင်း ရေးသားလိုက်ရသည်။

ဇေဒါပုံ

ကျောင်းသား ကျောင်းသူများကို အာဟာရတိုက်ကျွေး

ပဲခူး စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ ဟင်္သာကုန်းရပ်ကွက်ရှိ မူလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၂၇၅ ဦးအား အာဟာရပြည့်ဝစေရန်အတွက် ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မာလာမြင့်နှင့် အဖွဲ့၊ ဟင်္သာကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ကြက်သားဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

သန့်စင်

ဖားဆောင်းမြို့နယ်ကျေးရွာများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်

လှိုင်ကော် စက်တင်ဘာ ၁

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်အတွင်းရှိ ပါပုကျေးရွာနှင့် နမ့်ကစ်ကျေးရွာများကို ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး အိမ်ခြေ ၄၀ ရှိ ပါပုကျေးရွာ၌ 33/0.4KV၊ 100KVA ထရန်စဖော်မာနှင့် အရှည် ပေ ၃၀၀၀ 400V လိုင်းတည်ဆောက်ခြင်း၊ အိမ်ခြေ ၉၃ အိမ်ရှိ နမ့်ကစ်ကျေးရွာ၌ 33/0.4KV၊ 160 KVA ထရန်စဖော်မာနှင့် တစ်မိုင်အရှည်ရှိ 400V လိုင်းတည်ဆောက်ခြင်း လုပ်ငန်းတို့ကို မတ်လက ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်၌ပြီးစီးနေပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရန်သာ ကျန်ရှိတော့သည်။

လောပိတအမှတ်(၂)လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားပို့လွှတ်သော လောပိတ-ဖားဆောင်း 33KV ဓာတ်အားလိုင်း ၇၇ မိုင် တည်ဆောက်ခြင်းကို ၂၀၀၉ ခုနှစ် ဇွန် ၁၈ ရက်က စတင်ခဲ့ပြီး ယင်းဓာတ်အားလိုင်းမှ ဖားဆောင်းမြို့နယ်၊ ဘော်လခဲမြို့နယ်၊ ဖရူဆိုမြို့နယ်တို့၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးမှု စတင်ခဲ့ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

စက်မှုလက်မှုအထက်တန်းကျောင်း (မေမြို့)

တတိယအကြိမ် အာစရိယပူဇော်ပွဲအတွက် ညှိနှိုင်းတိုင်ပင်ရင်း အကြိုညစာစားပွဲ ပြုလုပ်ရန်အတွက် ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံ၊ ခရေပင်လမ်းခွဲ မြနန္ဒာဟိုတယ်အနီးရှိ ရှိုင်းစားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ပါ၍ ညီနောင်သူငယ်ချင်းများ မပျက်မကွက်တက်ရောက်နိုင်ရန် ဖိတ်ကြားလိုက်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စား-
မောင်ယုနိုင်
အောင်မြန်မာဆောက်လုပ်ရေး
ဖုန်း-၀၁-၉၄၁၀၀၃၀၊ ၀၉-၄၄၈၅၄၀၈၇၀

ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)ရှိ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ ရောင်းချမည်ဖြစ်၍ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ကြည့်ရှုရမည့်နေရာ	-	အမှတ် (၂၄) အကြီးစားစက်ရုံ(ဒဂုံ)
လေလံပိတ်ရက်	-	၄-၉-၂၀၁၃ရက်၊ ၁၆း၀၀နာရီ
လေလံဖွင့်ရက်	-	၆-၉-၂၀၁၃ရက်၊ ၁၃း၀၀နာရီ
တင်သွင်းရမည့်နေရာ	-	စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
အသေးစိတ်သိရှိလိုပါက ဖုန်း-		၀၆၇-၄၀၅၁၂၃၊ ၀၆၇-၄၀၅၁၅၁၊ ၀၉-၅၀၇၉၈၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ခင်နန္ဒာ သို့ မွေးနေ့ကဗျာ

မွေးနေ့မင်္ဂလာ မှာခြွေစကား
သိထားကဗျာ ဖတ်ကြည့်ပါ ...။
လောကစံရှုစ်ပါး ရင်ထဲမှာထား
ပွားများဆင်ခြင် သတိယှဉ်၍
မမေ့ရိုးရာ ဒိုဘာသာအား
ပွားတင့်စေရာ မြေကမ္ဘာသို့
ပို့ဆောင်ချိုမြှင့် အစဉ်တင့်စေ
ရေရှည်တွက်ချက် ခရီးဆက်ပါ
ရင်နှစ်သည်းချာ ခင်နန္ဒာ ... ။

ဖေကြီး + မေကြီး
ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)+ဒေါ်တင်တင်ကြည်
(၂-၉-၂၀၁၃ မွေးနေ့အမှတ်တရ)

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်မည့်သူကို ရှာဖွေလျက်ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီတွင် နိုင်ငံတကာအဆင့်မီ စိတ်ကူးနှင့် ဘဏ္ဍာရေးလုပ်ငန်းလုပ်ကိုင်မှုအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားပါသည်။ မြေပိုင်ရှင်များအနေဖြင့် ၎င်းတို့၏မြေပေါ်တွင် အဆောက်အအုံဆောက်လိုပါက ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးဆောက်လုပ်ပေးပါမည်။ မြန်မာနိုင်ငံမှ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါသည်။ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအင်ဂျင်နီယာများကိုလည်း နိုင်ငံတကာစံချိန်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်နှင့် နိုင်ငံခြားအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင်တန်းများပို့ချကူညီပေးသွားမည်ဖြစ်ပါသည်။

(၁) ပုဂ္ဂလိက(သို့မဟုတ်) ကုမ္ပဏီဧရိယာ ၂ ဧကမှ ဧက ၂၀အတွင်း နေရာကောင်း အဆောက်အအုံ ဆောက်နိုင်သောနေရာ။
(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း။
(၃) မြို့လယ်ကောင်မြေနေရာ (သို့မဟုတ်) ယာဉ်အသွားအလာများသော လမ်းမကြီးဘေး။

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၀၉၉
E-mail:braver 2013 ww.@gmail.com

ပြည်တွင်းနှင့် နိုင်ငံတကာအားကစားသတင်း

ရက်ပေါင်း ၉၉ ရက်သာ လိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆင်နွှဲ

မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁

စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ထိုင်းတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမား၁၁ဦးပါဝင်သော မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည်**(အောက်ပုံ)** ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့သည် မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ အပြေးနှင့် သံလုံးပစ်၊ သံပြားပစ်၊ ကြိုးတပ်သံလုံးပစ်၊ လှံတံပစ်အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံ ၁၁ နိုင်ငံအပြင် သီရိလင်္ကာ၊ တိုင်ပေ၊ ဟောင်ကောင်၊ ကိုရီးယား၊ အီရန်၊ အိန္ဒိယနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဆီးဂိမ်းအကြို ပီတန်းပြိုင်ပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအကြိုပီတန်းပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်၊ ၁၆ ရက်များတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အိမ်ရှင်မြန်မာ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ထိုင်းနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကြိုးစားလေ့ကျင့်

အိမ်ရှင်မြန်မာအနေဖြင့် အောင် မြင်မှုရရှိရေးအတွက် နိုင်ငံခြားသား နည်းပြများနှင့် ကြိုးစားလေ့ကျင့်လျက်ရှိပြီး ပီတန်းအားကစားနည်း တာဝန်ခံအဖြစ် ဦးနေမျိုးလွင်(လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒုတိယတာဝန်ခံ အဖြစ် ဦးသန်းထွဋ်(ဦးစီးအရာရှိ)၊ အဖွဲ့ဝင် ဒေါ်သက်ထားခိုင်ဝေစိုး(ဦးစီးအရာရှိ)၊ နိုင်ငံခြားသား နည်းပြများဖြစ်သည့် Mr.Kasem Promgen၊ Mr. Songkron Pintadid တို့က တာဝန်ယူကာ ကစားသမားများအဖြစ် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပီတန်း အားကစားနည်းသည် မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ကစားနေကြသည့် ကျောက်ဒိုးကစားနည်း၊ ထွေခင်းကစားနည်းများနှင့် နီးစပ်သည့်အတွက် မြန်မာလူမျိုးများနှင့် မစိမ်းသည့်အားကစားနည်းတစ်ခု ဖြစ်သည်။ ကမ္ဘာ့ပီတန်းအားကစား အဖွဲ့ချုပ်၊ ဥရောပပီတန်းအားကစားအဖွဲ့ချုပ်တို့ဖွဲ့စည်းထားပြီး နိုင်ငံတကာတွင် ကစားနေကြသည့် ရှေးဟောင်းကစားနည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပီတန်းပြိုင်ပွဲ နည်းစနစ်များ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများရှိလာပါက အောင်မြင်မှုရရှိနိုင်သည့် ကစားနည်းတစ်ခုဖြစ်သည်။

သတင်း-ကိုကိုစိုးညွန့်

မန်စီးတီးနိုင်ပြီး အဲဗာတန်တို့သရေကျခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃)

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်စီးတီးတို့ အိမ်ကွင်းမှာ နိုင်ပွဲရအောင်ကစားပြီး အမှတ်ပြည့်ရယူနိုင်ခဲ့လို့ နည်းပြပယ်လီဂရင်းနီ စိတ်သက်သာရာရခဲ့ပါတယ်။ ဒါပေမယ့် တန်းတက် ကာဒစ်ဖ်ကိုတော့ အဲဗာတန်တို့ အနိုင်မကစားနိုင်ဘဲ တစ်မှတ်နဲ့ကျေနပ်ပြီး အိမ်ပြန်ခဲ့ရပါတယ်။

မန်စီးတီးနှင့် ဟားလ်စီးတီး

မန်စီးတီးဟာ အိမ်ကွင်းဖြစ်ပေမယ့် အဂူရို၊ ဇက်ကို၊ နာဇက်၊ ဆေးလ်ဗား၊ ယာယာတိုရေးစတဲ့ အမာခံကစားသမားတွေကို ထုတ်သုံးခဲ့ရပါတယ်။ နည်းပြ ပယ်လီဂရင်းနီဟာ ဒီပွဲကို ၄း၄း၂ အခင်းအကျင်းနဲ့ ပွဲထွက်ခဲ့ပေမယ့် ဟားလ်စီးတီးတို့က အဝင်အထွက်ရဲရဲနဲ့ ကစားခဲ့တာမို့ ပထမပိုင်း ပွဲချိန်အတွင်းမှာ မန်စီးတီးတို့ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ပထမပိုင်း ပွဲချိန် အတွင်းမှာ နှစ်သင်းစလုံး အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးကောင်းတွေ မဖန်တီးနိုင်ခဲ့ပါဘူး။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ မန်စီးတီးတို့က တိုက်စစ်နေရာမှာ ဇက်ကိုအစား နီဂရီဒိုကိုအစားထိုးထည့်သွင်းခဲ့တာမို့ ပွဲချိန် ၆၅ မိနစ်မှာ ဘာလက်တာရဲ့ ဖြတ်တင်ဘောမှ တစ်ဆင့် နီဂရီဒိုက ခေါင်းတိုက်သွင်းယူခဲ့တာမို့ မန်စီးတီးတို့အဖွင့်ဂိုးစတင်ရရှိသွားပါတယ်။

ဟားလ်စီးတီးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် အရာမထင် ဖြစ်နေခဲ့ပြီး ပွဲချိန် မိနစ် ၉၀ မှာ ယာယာတိုရေးက တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ပွဲအပြီးမှာ မန်စီးတီးက နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရပြီး အမှတ်ပြည့် သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ကာဒစ်ဖ်နှင့် အဲဗာတန်

ခြေစွာတဲ့ တန်းတက်ကာဒစ်ဖ်ဟာ အဲဗာတန်ကို သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ကာဒစ်ဖ်ဟာ မန်စီးတီးကို အနိုင်ကစားခဲ့တာမို့ ဒီပွဲမှာ အဲဗာတန်တို့လည်း စနစ်တကျပြင်ဆင်ကစားခဲ့ရပါတယ်။ အော့စမန်၊ ပီနား၊ ဖယ်လိုင်နီ၊ ဂျီလာဗစ်စတဲ့ ကစားသမားတွေနဲ့ ပွဲထွက်ခဲ့တဲ့ အဲဗာတန်ဟာ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့ပေမယ့် ကာဒစ်ဖ်နောက်တန်းနဲ့ ဂိုးသမား မာရှယ်ရဲ့ပါးနပ်မှုတွေကြောင့် ဂိုးမရရှိခဲ့တာဖြစ်ပါတယ်။ ပွဲချိန်ပြည့်တဲ့အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့တာမို့ တစ်မှတ်စီခွဲယူခဲ့ကြခြင်း ဖြစ်ပါတယ်။

နယူးကာဆယ်နှင့် ဖူလ်ဟမ်

နယူးကာဆယ်တို့ကံကောင်းစွာနဲ့ နောက်ကျဂိုးသွင်းပြီး အနိုင်သုံးမှတ်ကို ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ နယူးကာဆယ်အတွက် ဂိုးကို ပွဲချိန် ၈၆ မိနစ်မှာ ဘင်အာဖာက သွင်းယူခဲ့ခြင်း ဖြစ်ပါတယ်။

နော့ဝှစ်ချ်နှင့် ဆောက်သမ်တန်

ဆောက်သမ်တန်ဟာ နော့ဝှစ်ချ်ကို ခက်ခဲစွာကစားရပေမယ့် အပိုင်ဂိုးသွင်းခွင့်အချို့ကို အကျိုးရှိစွာအသုံးမချနိုင်ခဲ့ပါဘူး။ အိမ်ရှင်နော့ဝှစ်ချ်တို့ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၈ မိနစ်မှာ ရက်မွန်းက သွင်းယူပေးခဲ့ပြီး အဲဒီတစ်ဂိုးနဲ့ပဲ နော့ဝှစ်ချ်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

အက်သလက်တီကို နောက်တန်းလူ မန်စီးတီးခေါ်မည်

မန်စီးတီးအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းမှ နောက်တန်းကစားသမား မာတင်ဒီမစ်ချယ်လီအား ပေါင် ၄ ဒသမ ၂ သန်းဖြင့် စာချုပ်ရန်သဘောတူလိုက်ပြီဖြစ်သည်။ အသက် ၃၂ နှစ်အရွယ်ရှိ အာဂျင်တီးနား လက်ရွေးစင် ဒီမစ်ချယ်လီသည် ဇူလိုင်လတွင် မာလာဂါအသင်းမှ အက်သလက်တီကိုသို့ အလွတ်ပြောင်းရွှေ့လာသူဖြစ်သည်။ အက်သလက်တီကိုက ၎င်းနေရာတွင် အိုင်းယက်စ်နောက်တန်းလူ တိုဘီဝီယာကို စာချုပ်ရန်ပြင်ဆင်လျက်ရှိသည်။ မန်စီးတီးသည် ကွန်ပါနီ ဏ်ရာရနေ၍ ခံစစ်ကောင်းကောင်းလိုအပ်နေသည်။ ဒီမစ်ချီလစ်သည် မာလာဂါ၌ရှိစဉ် လက်ရှိ မန်စီးတီးနည်းပြ ပယ်လီဂရီနီလက်အောက်တွင် ကစားခဲ့သူဖြစ်သည်။

အဇာရင်ကာ နောက်တစ်ဆင့်တက်လှမ်း

ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာသည် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ပြင်သစ်မှ အလစ်ကော်နက်ကို အနိုင်ကစားပြီး စတုတ္ထဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ ပြင်သစ်တင်းနစ်မယ် ကော်နစ်သည် ပထမပွဲငယ်တွင်အနိုင်ရသော်လည်း အဇာရင်ကာက နောက်ပွဲငယ်တွင် ပြန်နိုင်သွားခဲ့သဖြင့် အရှုံးဖြင့်ရင်ဆိုင်လိုက်ရသည်။ ကော်နစ်သည် ၆-၇၊ ၆-၃၊ ၆-၂ဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ပြီးခဲ့သည့်နှစ်က ဒုတိယဆုနှင့်သာ ကျေနပ်ခဲ့ရသော အဇာရင်ကာသည် စတုတ္ထအဆင့်တွင် အနာအီဗာနိုဗစ်နှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်ယူတိုက်စစ်မှူးဗန်ပါစီက မိမိ၏ဘောလုံးသမားဘဝကို မန်ယူ၌သာ ကုန်ဆုံးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်ယူကွင်းလယ်ကစားသမားနာနီက မိမိ အသင်းပြောင်းရွှေ့လိုသောဆန္ဒ ပြင်းပြစွာဖြစ်ပေါ်နေကြောင်း ပြောကြားသည်။
- ဘိုင်ယန်မြူးနစ်သည် ချန်ပီယံလိဂ်ဖလားကာကွယ်ရန် အသင့်ရှိနေကြောင်းတောင်ပံကစားသမားရော်ဘင်က ထုတ်ဖော်ပြောကြားသည်။
- ဂျူဗင်တပ်စ်အသင်းက တာဝန်ရှိသူများက မိမိတို့အသင်းသည် ထိုက်တန်သောကစားသမားအချို့မဝယ်နိုင်ခဲ့ကြောင်းဝန်ခံပြောကြားသည်။
- ရိုင်ယန်ဂစ်သည် မန်ယူအတွက် အသုံးဝင်နေဆဲ ကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြမိုယက်စ်က ချီးကျူးလိုက်သည်။
- ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အင်္ဂလန်အသင်း၏ အနေအထားမှာ အားရဖွယ်မရှိကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားသည်။
- အာဆင်နယ်တွင် အဓိကတိုက်စစ်မှူးတစ်ဦးလိုအပ်နေကြောင်း နည်းပြအာစင်ဝင်းဂါးက ဝန်ခံလိုက်သည်။
- တောရက်စ်ခြေစွမ်းမပြနိုင်ပါက အရန်ခုံတွင်သာ ထိုင်ခိုင်းထားမည်ဟု နည်းပြမော်ရင်ဟိုက သတိပေးလိုက်သည်။
- ယခုနှစ် ချန်ပီယံလိဂ်ဖလားကို ပရီမီယာလိဂ်အသင်းများ ရယူနိုင်ရေးမှာ ခက်ခဲမည်ဖြစ်ကြောင်း လီဗာပူးနည်းပြရော်ဂျာက သတိပေးလိုက်သည်။

မွေးနေ့ဆုတောင်း

ဖေဖေ ဦးသန်းဖိုလ်-မေမေ ဒေါ်သူဇာငြိမ်းတို့၏ တစ်ဦးတည်းသော အချစ်ဆုံးသားလေး **မောင်ကျော်စိုးထွဋ်(ခ) ထွဋ်ထွဋ်** ၏ မွေးနေ့၊ လ၊ ရက် တစ်ထပ်တည်းကျရောက်သော ၂-၉-၂၀၁၃ရက်မှစ၍ ဖေဖေ-မေမေ၊ အမြွှာညီမလေးများနှင့်အတူ နှောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ - ဦးသန်းဖိုလ် (ဒုတိယညွှန်ကြားရေးမှူး၊ ဝင်ငွေခွန်ဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန (နေပြည်တော်)
ချစ်မေမေ - ဒေါ်သူဇာငြိမ်း
- နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ
- ဘဘတီတီ၊ ဦးငယ်၊ ညီလေး
- အမြွှာညီမ မနှင်းရနံ့ဖိုလ်နှင့် မနှင်းမိုးပွင့်ဖိုလ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမင်းမင်းကျော်၏သမီး မသဲစုခိုင် MME-၆၅၇၁၇၆ နှင့် မော်လမြိုင်တက္ကသိုလ် ဒုတိယနှစ် ဓာတုဗေဒမှ မသရဖီမင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မသဲစုခိုင်(ခ)မသရဖီမင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် စောကျော်စွာဟိန်း ၁၂/မရက(နိုင်)၁၃၀၅၀၂၏ နိုင်ငံကူးလက်မှတ်အမှတ်-၈၃၉၉၃၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၆၆၆၈၂၉**

ပျောက်ဆုံးကြောင်း

မောင်ဝင်းလင်းထွန်း၏ Passport M-856846သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၁၀၉၀၉၆

အမြန်လမ်းမကြီးတွင် အရှိန်တိုင်းကိရိယာများ တပ်ဆင်

နေပြည်တော် စက်တင်ဘာ ၁

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မောင်းသူများ အနေဖြင့် မိမိမောင်းနှင်နေသော ယာဉ်၏ အရှိန်ကိုသိရှိနိုင်ရန် အရှိန်တိုင်းကိရိယာများ (Driver Feedback Sign) တပ်ဆင်ပေးထားသည့် အတွက် ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်ကို မေးမြန်းရာ ယင်းကိရိယာများကို ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်စေရန် ရည်ရွယ်တပ်ဆင်ပေးထားခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

"ယာဉ်မောင်းတွေအနေနဲ့ လမ်းကိုကြည့်ပြီး မောင်းနေရတဲ့အတွက် ဒက်ရှ်ဘုတ်မှာပြနေတဲ့ယာဉ်ရဲ့အမြန်နှုန်းကို သတိထားချင်မှ ထားမိပါလိမ့်မယ်၊ ဒါကြောင့် လမ်းမကြီးရဲ့ဘေးမြင်သာထင်သာတဲ့နေရာတွေမှာ ဒီအရှိန်တိုင်းကိရိယာကို တပ်ဆင်ပေးထားခြင်းဖြစ်ပါတယ်။ ဒီကိရိယာက ပေ ၂၅၀ လောက်အကွာကို ယာဉ်တစ်စီးရောက်တာနဲ့ အရှိန်နှုန်းကို တိုင်းတာပြီး ဖော်ပြပေးပါတယ်၊ ယာဉ်မောင်းသူတွေအနေနဲ့ ဒီကိရိယာကပြတဲ့အရှိန်ကိုကြည့်ပြီး ကိုယ့်အရှိန်နှုန်းကို သတိပြုမောင်းနှင်စေချင်ပါတယ်၊ ဒီကိရိယာက အမြန်နှုန်း ကီလိုမီတာ ၁၀၀ အောက်ယာဉ်ဆိုရင် ရှိန်နှုန်းပြဂဏန်းကို အစိမ်းရောင်နဲ့ပြပြီး ကီလို ၁၀၀ ကျော်နေပြီဆိုရင် အနီရောင်နဲ့ ပြပါတယ်"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

အဆိုပါအရှိန်တိုင်း ကိရိယာများကို အမြန်လမ်းမကြီး၏ အသွားလမ်းတွင် ငါးနေရာ၊ အပြန်လမ်းတွင် သုံးနေရာ စုစုပေါင်းရှစ်နေရာ တပ်ဆင်ထားပြီး ကိရိယာ အခု ၃၀ အထိ တပ်ဆင်သွားမည်ဟု သိရသည်။ အဆိုပါကိရိယာများကို ဆိုလာလျှပ်စစ်စနစ်ဖြင့် ချိတ်ဆက်ထားရာ နေ့ရောညပါ ယာဉ်၏ အရှိန်ကိုတိုင်းတာ ပြသပေးလျက်ရှိသည်။

"ဒီကိရိယာက ယာဉ်အရှိန်နှုန်းကိုကြည့်ပြီး အရေးယူဖို့ မဟုတ်ပါဘူး၊ ယာဉ်မောင်းတွေ သတိထားမောင်းနှင်ကြဖို့နဲ့ ယာဉ်အန္တရာယ်ကင်းရှင်းဖို့အတွက် ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ဦးမျိုးမြင့်က ဆက်လက်ပြောကြားသည်။

ထို့အပြင် လမ်းမကြီး၏ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သော နေရာများ၌ သတိပေးအချက်ပြမီးဖြစ်သည့် Single Flash Light များကိုလည်း တပ်ဆင်ထားကြောင်း လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်)ဦးစသန်းဌေးက ပြောကြားသည်။ အထူးသဖြင့် ညဘက်တွင် ဖြတ်သန်းသွားလာသည့် ယာဉ်များအနေဖြင့် ယင်းအချက်ပြမီးကိုကြည့်၍ ယာဉ်ကို သတိထား မောင်းနှင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စီစဉ်လျက်ရှိ

အမြန်လမ်းတစ်လျှောက်တွင် ယင်းအချက်ပြကိရိယာ ၁၀ ခု၊ Yellow Flash ခေါ် အဝါရောင်အချက်ပြမီး အခု ၂၀ တပ်ဆင်ထားပြီး တံတားထိပ်များတွင်လည်း ညအချိန်တွင် တံတားရှိမှန်းသိအောင် အချက်ပြမီးများ တပ်ဆင်ရန် စီစဉ်လျက်ရှိသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ လမ်းမကြီးပေါ်မှာ ယာဉ်တွေအန္တရာယ်နည်းသထက်နည်းအောင် နည်းပညာတွေနဲ့ပေါင်းစပ်ပြီး အမြဲကြိုးစားဆောင်ရွက်သွားမှာပါ၊ ဒီလမ်းကြီးကို အသုံးပြုသွားလာနေတဲ့ ပြည်သူတွေအနေနဲ့ လမ်းမကြီး ပိုမိုတိုးတက်ကောင်းမွန်ဖို့အတွက် အကြံဉာဏ်တွေပေးလိုတယ်ဆိုရင် ဖုန်း-၀၉-၈၆၁၈၀၀၀ နဲ့ ၀၉-၄၃၅၁၈၀၀၀ တို့ကို ဆက်သွယ် အကြံပြုနိုင်ပါတယ်။

မေတ္တာရပ်ခံ

ယာဉ်မောင်းတွေ အနေနဲ့လည်း လမ်းတစ်လျှောက်မှာ ပြသထားတဲ့ လမ်းညွှန်အမှတ်အသားတွေ၊ သတိပေးဆိုင်းဘုတ်တွေနဲ့ ဒီအရှိန်တိုင်း ကိရိယာတွေကိုကြည့်ပြီး သတိနဲ့ အမြဲမောင်းနှင်ဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု အင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အောင်သိန်း

သတင်းဆောင်းပါးနှင့်နယ်သတင်း

ကြံခင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးကူညီထောက်ပံ့

ရန်ကုန် စက်တင်ဘာ ၁

ကြံခင်းမြို့နယ် မြတ်ဒါနကုသိုလ်ဖြစ် အခမဲ့ဆေးခန်းအဖွဲ့နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်အောင် ဦးဆောင်သည့်အဖွဲ့သည် ကြံခင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာမှ ကျန်းမာရေးချို့တဲ့သည့် ပြည်သူများကို ဩဂုတ် ၂၄ ရက်မှစ၍ နယ်လှည့်သွားရောက်ပြီး အခမဲ့ဆေးကုသပေးခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

ရေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသပေးရေးအဖွဲ့တွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်အောင်နှင့်အတူ မြတ်ဒါနကုသိုလ်ဖြစ် အခမဲ့ဆေးခန်းမှ ဒေါက်တာသန်းထွေး၊ ကျန်းမာရေးဌာနမှ သူနာပြုဆရာမ ခုနစ်ဦး၊ မြို့မိမြို့ဖ ဦးစိုးမြင့်ဦးဆောင်သည့်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့တို့ လိုက်ပါကုသဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသရာတွင်လည်း ကျေးရွာများ၌ ယာယီဆေးခန်းများ ဖွင့်လှစ်ပေးပြီး ကုသပေးခဲ့ရာ ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အမျိုးသား ၆၄ ဦး၊ အမျိုးသမီး ၁၄၈ ဦး စုစုပေါင်း ၂၁၂ ဦးကို ကုသပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ လူနာတစ်ဦး ပို့ဆောင်ပေးခဲ့သည်။ ထို့အပြင် ရွှေပန်းတောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများရှိ အိမ်ခြေ ၃၇၅ စုမှ လူနာ ၂၃၂ ဦးကိုလည်း ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ကုသပေး

အဆိုပါနယ်လှည့်ဆေးအဖွဲ့သည် ဩဂုတ်လမှစတင်ပြီး တနင်္ဂနွေနေ့တိုင်း ကြံခင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို လှည့်လည်ကုသပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်

ပြန်ကြားရေးဝန်ကြီးဌာန

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်

စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)အတွက် 500 KVA Generator(Open type)(1 Lot)အား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၈-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန် ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော် တပ်ကုန်း
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)

ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်းအား ရက်ထပ်မံတိုးမြှင့်ခြင်း

၁၆-၇-၂၀၁၃ရက်မှ ၁၈-၇-၂၀၁၃ရက်အထိ မြန်မာ့အလင်းသတင်းစာပါ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ၁၂-၈-၂၀၁၃ရက် နောက်ဆုံးဖိတ်ခေါ်ခြင်းအစား ၁၆-၉-၂၀၁၃ရက်အထိ ရက်ထပ်မံ တိုးမြှင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ နေပြည်တော်သာသနာရေးမှူးရုံး (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၉၄·၅'×၃၈'×၂၀') (RC-နှစ်ထပ်) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗိသုကာပုံစံများကို ၂-၉-၂၀၁၃ရက်မှ ၇-၉-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၁၀း၀၀နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၉-၂၀၁၃ရက် ၁၀း၀၀နာရီမှ ၁၀း၃၀နာရီအတွင်း သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါများကို သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်သို့ တင်သွင်းရန်ဖြစ်ပြီး အသေးစိတ်သိလိုသည်များကို ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **သာသနာရေးဦးစီးဌာန**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆောင်ရွက်မည့် ခုတင်(၁၀၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံနှစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ(၂၁)ရုံနှင့် (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံအတွက် စိတ်ဝင်စားသောဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများအား ၂-၉-၂၀၁၃ရက်မှစ၍ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးများအသေးစိတ်စာရင်းကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၀၆၀ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက် ၂-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန
တောင်ကြီးမြို့

စွမ်းအင်ဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ တင်ဒါအမှတ် MOE/LP/COM/T/1 (2013-2014)ဖြင့် ကွန်ပျူတာ (Server/ Personal Computer) နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၃-၁၀-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၁၁၃၃၂၊ ၄၁၁၄၈၇၊ ၄၁၁၁၃၇

စက်မှုဝန်ကြီးဌာန

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်သွင်းလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Mini Excavator	၁၂ စီး	HIE-1/020
(ခ)	Casting Parts and Accessories for Mini Excavator	၈ စုံ	HIE-1/021

၂။ တင်သွင်းသူများသည် လိုအပ်သော ငွေကြေးကို(၆)လမှ(၁)နှစ်အတွင်း ခေတ္တ စိုက်ထုတ်ထားနိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၄-၉-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၃-၉-၂၀၁၃ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးသည် အောက်ဖော်ပြပါ ဥပဒေရုံးအဆောက်အအုံများ အသေးစားနှင့် အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

(က) ရန်ကင်းမြို့နယ် ဥပဒေရုံး၊ ကြမ်းခင်းကွန်ကရစ်လောင်းခြင်း၊ အမိုး၊ မျက်နှာကြက် အသစ်လဲခြင်း၊ တံခါးများပြင်ဆင်ခြင်း၊ အခန်းကာရံခြင်း၊ ဆေးသုတ်ခြင်း။

(ခ) ရွှေပြည်သာမြို့နယ် ဥပဒေရုံး၏ အုတ်ခြံစည်းရိုးကာရံခြင်း။

(ဂ) သုံးခွမြို့နယ်ဥပဒေရုံး၏ ရုံးဝင်ပေါက်သံပန်းတံခါးတပ်ဆင်ခြင်း၊ ရုံးမျက်နှာကြက်များ၊ ကြမ်းခင်းများ၊ ရုံးခန်းဖွဲ့စည်းမှုအကာအရံများနှင့် ရုံးမျက်နှာခြံစည်းရိုးများပြင်ဆင်ခြင်း၊ ရုံးတွင်းရုံးပြင် နံရံဆေးသုတ်ခြင်းလုပ်ငန်း။

(ဃ) သာကေတမြို့နယ် ဥပဒေရုံး၏ ပြတင်းပေါက်၊ မျက်နှာကြက်၊ အမိုးများ၊ ရုံးတံခါးများနှင့် အိမ်သာပြုပြင်ခြင်းလုပ်ငန်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်း။

(င) မင်္ဂလာဒုံမြို့နယ် ဥပဒေရုံး၏ ခြံစည်းရိုးပြုပြင်ခြင်း၊ မျက်နှာကြက်၊ ကြမ်းခင်း၊ အမိုးပြုပြင်ခြင်း။

(စ) ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဥပဒေရုံး ကြမ်းခင်းနှင့် ရုံးပတ်လမ်း ကွန်ကရစ်များ ပြုပြင်ခြင်း၊ ရုံးဝင်းတံခါးနှင့် ခြံစည်းရိုးပြုပြင်ခြင်း၊ အခန်းဖွဲ့ခြင်း။

(ဆ) တာမွေမြို့နယ် ဥပဒေရုံး၏ ကားပတ်လမ်းမြေဖို့ ကွန်ကရစ်ခင်းခြင်း၊ မျက်နှာကြက် နံရံများပြုပြင်ခြင်းလုပ်ငန်း။

(ဇ) ဗဟန်းမြို့နယ် ဥပဒေရုံး၏ ဆေးသုတ်ခြင်း၊ အမိုးပြုပြင်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ အိမ်သာပြုပြင်ခြင်းလုပ်ငန်း။

(ဈ) ဗိုလ်တထောင်မြို့နယ် ဥပဒေရုံး၏ အခန်းဖွဲ့ နံရံကာခြင်း၊ ဆေးသုတ်ခြင်း၊ လျှပ်စစ်မီး သွယ်ခြင်းလုပ်ငန်း။

(ည) မြောက်ဥက္ကလာပမြို့နယ် ဥပဒေရုံး ကြမ်းခင်းနှင့် လျှောက်လမ်းများ နိမ့်ကျရေဝင်သဖြင့် မြှင့်တင်ရန်နှင့် မျက်နှာကြက်ကျောက်ပြားနှင့် အမိုးကျောက်ပြားများ အသစ်လဲလှယ်ရန်၊ တံခါးနှင့်ဘောင်များပြုပြင်ရန်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များအား ၂-၉-၂၀၁၃ ရက်မှ ၃၀-၉-၂၀၁၃ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ (မြေညီထပ်)
ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး
အမှတ် ၁၀၁၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၁-၃၈၅၉၅၁

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁-၁၀-၂၀၁၃ ရက် ၁၂း၀၀ နာရီဖြစ်ပြီး မွန်းတည့် ၁၂း၀၀ နာရီမှ ၄း၀၀ နာရီအတွင်း တင်ဒါဖွင့်ဖောက်စိစစ်၍ တင်ဒါအောင်မြင်သူကို အဆိုပါနေ့ ညနေ ၄း၀၀ နာရီတွင် ကြေညာမည်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ နယ်မြေ(၂)၊ ဆရာစံလမ်းနေ ဦးတင်မောင်ဝင်း-ဒေါ်ခင်နွဲ့တို့၏သား မောင်မျိုးမင်းထွန်း ၅/ကလထ(နိုင်)၁၂၈၉၄၇ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲမိမိသဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးတင်မောင်ဝင်း-ဒေါ်ခင်နွဲ့
ကလေးမြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိုးခေါင်မှုအကျိုးဆက်များကြောင့် နှမ်းအထွက်နှုန်းလျော့ကျ နှမ်းစိုက်တောင်သူများ လုပ်အားနှင့် အရင်းအနှီးဆုံးရှုံးရ

နေပြည်တော် စက်တင်ဘာ ၁

မြန်မာနိုင်ငံတစ်ဝန်း နေရာဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေချိန်တွင် နိုင်ငံအတွင်း အချို့ဒေသများ၌လည်း မိုးခေါင်မှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ အခက်ကြုံတွေ့နေကြရသည်။

ဇူလိုင်လအတွင်းက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၌ မိုးရွာသွန်းမှုများ အလွန်အမင်းလျော့နည်းခဲ့ပြီး အချို့နေရာများတွင် မိုးရွာသွန်းမှုမရှိသည်မှာ တစ်လကျော် ကြာခဲ့သည်ဟုသိရသည်။ ထို့ကြောင့် တောင်သူများ၏ နှမ်းစိုက်ခင်းများ ဆိုးဆိုးရွားရွားပျက်စီးထိခိုက်ခဲ့ပြီး မှန်းချက်နှင့်နှမ်းထွက်မှာ မကိုက်ဘဲဖြစ်ခဲ့ကြောင်း၊ နှမ်းစိုက်တောင်သူအချို့သည် အသီးမအောင်သည့် နှမ်းခင်းများကို ရိတ်သိမ်းပြီး နွားစာအဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။ မိုးရွာသွန်းမှုအားနည်းသည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ နှမ်းစိုက်သူများသည် ဇူလိုင်လအတွင်းနှမ်းရိတ်သိမ်းချိန်တွင် လုပ်အားနှင့် နှမ်းမျိုးများ ဆုံးရှုံးခဲ့ကြသည်ဟု သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆတ္တိုးပေါက်ကျေးရွာမှ နှမ်းအများအပြားစိုက် တောင်သူတစ်ဦးဖြစ်သူ ဦးခင်မောင်ဝင်းက "ကျွန်တော်တို့တစ်ရွာလုံးက နှစ်စဉ်နှမ်းကိုပဲ အဓိကစိုက်ပျိုးကြပါတယ်။ ဒီနှစ်မိုးလေဝသကမမှန်တော့ နှမ်းစိုက်ပျိုးရတာ အဆင်မပြေပါဘူး။ အစောပိုင်း နှမ်းစိုက်ချိန်ကတော့ မိုးရွာတယ်။ နှမ်းပင်တွေပွင့်ဖူးချိန်ကျတော့ မိုးက တဖြည်းဖြည်း နည်းလာတယ်။ အသီးသီးချိန်ကျတော့ မိုးက ရက်အကြာကြီး ပြတ်လပ်သွားတာပဲ။ အဲဒီတော့ နှမ်းအသီးတွေက မအောင်ဘဲ ဖြစ်ကုန်တာပေါ့။ နှမ်းတွေက ရိတ်ကတည်းက အားကိုမရပါဘူး။ အသီးမအောင်တဲ့ အပင်တွေကို နွားစာပဲ အသုံးပြုလိုက်တယ်။ နှမ်းတွေက ခါတော့လည်း အစေ့ကမထွက်နဲ့ ဒီနှစ် နှမ်းအထွက်နှုန်းကတော့ တော်တော်ကို လျော့ပါတယ်"ဟု ၎င်း၏အတွေ့အကြုံကို ပြောပြသည်။ နေပြည်တော် ဇေယျာသီရိမြို့နယ်မှ နှမ်းစိုက်တောင်သူတစ်ဦးကလည်း "ဒီနှစ် နှမ်းထွက်ကတော့ မှန်းချက်နဲ့ မကိုက်ပါဘူး။ မျိုးတောင် ရရင်ကံကောင်းပေါ့။ နှမ်းအပင်တွေ ပွင့်ချိန်ကတည်းက မိုးကမရွာတာပါ။ မိုးမရွာတော့ သီးချိန်မှာ နှမ်းအပင်တွေက ခြောက်ကုန်တော့ အသီးတွေသီးသလောက်မအောင်ဘူးဖြစ်ကုန်တယ်။ နှမ်းတွေလည်း ရိတ်သိမ်းပြီးရောအခုတော့ မိုးက ဆက်တိုက်ရွာတော့တာပဲ" ဟု ပြောကြားသည်။

မိုးခေါင်မှုသည် ယာပိုင်ရှင်တောင်သူလယ်သမားကြီးများအတွက် ဆုံးရှုံးမှုများရှိစေခဲ့သလို အခစား ယာအလုပ်သမားများ အတွက်လည်း အလုပ်အကိုင်ရှားပါးမှုများ ကြုံတွေ့စေခဲ့ရသည်။ နှမ်းခင်းများ ပျက်စီးခဲ့ခြင်းကြောင့် နှမ်းရိတ်သိမ်းမှုနှင့် ခြွေလှေ့ခါရမည့် လုပ်ငန်းများအတွက် အလုပ်သမားများစွာ ငှားရမ်းရန် မလိုအပ်တော့ခြင်းကြောင့် ဒေသတွင်း အခြေခံလူတန်းစားများ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

မိုးခေါင်မှုကြောင့် တောင်သူလယ်သမားအများအပြား တစ်နှစ်တာ စိုက်ပျိုးစရိတ်နှင့်လုပ်အား ဆုံးရှုံးမှုများဖြစ်ခဲ့သည်ဟု ယေဘုယျမှတ်ယူနိုင်သော်လည်း နောက်ဆက်တွဲဆိုးကျိုးများ ရှိနေပြန်သည်။ မိုးခေါင်သော ဒေသတွင် နေထိုင်သူများသည် ၎င်းတို့ ဝင်ငွေနည်းပါးလာသည့်အတွက် ဒေသကိုစွန့်ခွာပြီး အခြားသောဒေသများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်လိုသူများ ပိုမိုများပြားလာသည်။

ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ယခုနှစ်အတွင်း ဆိုးဆိုးရွားရွားမိုးခေါင်မှု၊ ရေကြီးရေလျှံမှုများသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် ပိုမို ဖြစ်ပေါ်လျက်ရှိသည်။ စိမ်းလန်းစိုပြည်ရေး စီမံကိန်းများကို အမှန်တကယ် အသက်ဝင်လာစေရေးအတွက် သစ်အလွန်အမင်း ခုတ်ယူမှုများကိုလည်း အမြန်ဆုံး ရပ်တန့်နိုင်ရန် လိုအပ်သည်။

တင်မောင်လွင်(မြန်မာ့အလင်း)

နွားနို့နှင့် အာဟာရတိုက်ကျွေး

ကွတ်ခိုင် စက်တင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အနာဂတ်ကလေးငယ်များ ကျန်းမာသန်စွမ်းဉာဏ်ရည်ဖွံ့ဖြိုးစေရန်အတွက် နွားနို့နှင့်အာဟာရတိုက်ကျွေးခြင်းကို ဩဂုတ် ၂၇ ရက်နံနက် ၁၀ နာရီခွဲက ကွတ်ခိုင်မြို့ အထက (မြို့မ) မူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ နွားနို့နှင့်အာဟာရတိုက်ကျွေးရာတွင် မူဆယ်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင့်ဇင်မောင်က နွားနို့နှင့်ကြက်ဥတိုက်ကျွေးရခြင်းသည် ကလေးသူငယ်များငယ်ရွယ်စဉ်မှစ၍ မှတ်ဉာဏ်စွမ်းရည် ထက်မြက်စေပြီး ကိုယ်ကာယသန်မာဖွံ့ဖြိုးမှုတွင် များစွာအထောက်အကူပြုကြောင်း ဟောပြော၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာက ကျေးဇူးတင်စကားပြောကြားသည်။

ကျောင်းသား ကျောင်းသူ ၃၅၀ ကို နွားနို့နှင့်ကြက်ဥအာဟာရ တိုက်ကျွေးရာတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ဒါနပြုအလှူအဖြစ် ငွေကျပ် ၁၅၀၀၀၀ ပါဝင်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(Iprd)**

အင်္ဂလိပ်စာ ဆရာ ဆရာမများ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

အင်္ဂလိပ်စာ ဆရာ ဆရာမများ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲ (14 th ELT Conference for Teachers of English)ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် အရာရှိကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများမှ အင်္ဂလိပ်စာ ဆရာ ဆရာမများ၊ ပြည်ပနိုင်ငံများရှိ ဗြိတိသျှကောင်စီများနှင့် အဖွဲ့အစည်းများမှ အင်္ဂလိပ်စာ ဆရာ ဆရာမများ စုစုပေါင်း ၄၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အင်္ဂလိပ်စာနှီးနှောဖလှယ်ပွဲကို ဗြိတိသျှကောင်စီက ဦးစီး၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၉၉ ခုနှစ်မှစ၍ ရန်ကုန်မြို့၌ နှစ်စဉ် ကျင်းပခဲ့ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တာယာအမျိုးမျိုး(၈)မျိုး ၄၃ လုံး
(ခ) အင်ဂျင်ဝိုင်(SAE-50) ၂ ပီပါ
(ဂ) ဂီယာဝိုင်(SAE-90) ၁ ပီပါ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၆-၉-၂၀၁၃ရက် မွန်းလွဲ ၁နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့တွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ဖန်းမော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ဖန်းမော်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို	၅ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၀-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ဖန်းမော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၂-၉-၂၀၁၃ရက်နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ဖန်းမော်) ဖုန်း-၀၇၄-၅၀၉၄၆ တွင် စုံစမ်းနိုင်သည်။ **အစိုးရနည်းပညာအထက်တန်းကျောင်း(ဖန်းမော်)**

ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၈၁၇၉၅ SHAYAN 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမော် ၉/တတဥ(နိုင်)၀၉၅၄၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဖန်းမော်)**

မွေးသက္ကရာဇ်အမှန်

ဖန်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်တူးလွမ်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၁၁-၉-၁၉၉၅ ဖြစ်ပြီး ဖခင်အမည်မှာ ဦးကျော်တန် ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

မစန်းစန်းထက်၏ နိုင်ငံကူးလက်မှတ် အမှတ်-၈၇၄၇၈၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။ **ဖုန်း-၀၉-၄၃၀၈၇၇၈၀**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ယ/၂၇၃၄၀၊ Honda Dream ND 125m m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးချိုကျိုင် ၆ လလန(နိုင်)၀၇၇၁၄၇၂မှ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

တ. ည. န၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ထားဝယ်မြို့

စက်မှုဝန်ကြီးဌာန
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
စက်ရုံငှားရမ်းခြင်း/အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ မော်တော်ယာဉ်တာယာထုတ်လုပ်သည့်စက်ရုံများဖြစ်သော အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ)နှင့် အမှတ် (၂၂) အကြီးစားစက်ရုံ(ဘီးလင်း)တို့အား ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ငှားရမ်းခြင်း(Lease)/အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း(Joint Venture)တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူများအနေဖြင့် စက်ရုံများသို့သွားရောက်လေ့လာပြီး မိမိတို့၏လုပ်ငန်း၊ကုမ္ပဏီမှ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအမျိုးအစား၊ ကုမ္ပဏီဆိုင်ရာအထောက်အထားများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်လိုသောလုပ်ငန်းအမျိုးအစားအလိုက် အမြင့်ဆုံးပေး သွင်းနိုင်မည့်ဈေးနှုန်းတင်ဒါကို အောက်ပါလိပ်စာသို့(၁၆-၉-၂၀၁၃)ရက်နေ့(၁၆း၀၀)နာရီနောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

-အမှတ် (၂၁)အကြီးစားစက်ရုံ (သထုံ)၊ မွန်ပြည်နယ်။
-အမှတ် (၂၂)အကြီးစားစက်ရုံ (ဘီးလင်း)၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၄၃၀၀၅၈၉၅၊ ၀၉-၄၃၀၀၅၈၉၆၊ ၀၉-၂၅၅၇၀၃၀၆၀
၀၉-၂၅၅၇၀၄၇၈၁၊ ၀၉-၄၉၈၁၅၉၄၂
-ပစ္စည်းစီမံရေးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ် (၃၀)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမည်
(၁)	12(T) 9/MR (ML/ISN)	Spare Parts for 60 Ton,40 Ton Diesel Crane and MDCC သံလမ်းပြေးယာဉ် (347)Items
(၂)	15(T) 5/MR (E)	60 Lb (BS) Fish Plate (1500 -Pairs) နှင့် Fish Bolt & Nut(6000-Nos)
(၃)	15(T) 6/MR (E)	75 Lb Point & Crossing (50 -Sets)
(၄)	၂၃၅/မမ/ CME	Brake Block (၄)မျိုး (39250-Nos)
(၅)	၂၃၆/မမ/ CME	တွဲပြုပြင်မှုပစ္စည်းများ(448 -Items) (Aluminium Composite/ Moulding /Checkered Plate , Ball Bearing, Hard wood Scantling, Twist Drill, Bolt , Nut,Bush, Vee Belt, Pipe & Pipe Connections, Electric Hand Tools, Coach & Wagon Spare Parts)
(၆)	၂၃၇/မမ/ CME	သုတ်ဆေးရောင်စုံ (23000-Gals) နှင့်ဆက်စပ်ပစ္စည်းများ
(၇)	၂၃၈/မမ/ CME	မီးသတ်ဆေး(၆)မျိုး(1558 -Nos)
(၈)	၂၃၉/မမ/စီးပွား	White Board ဆိုဒ်စုံ (323-Nos)
(၉)	၂၄၀/မမ/ CE	သံချောင်းလုံးနှင့် 7 Strand Wire များ (402.645) Tons အားရန်ကုန်မှ ကျောက်တော် သို့သယ်ပို့ခြင်း
(၁၀)	၂၄၁/မမ/ CE	သရက်ဘိလပ်မြေစက်ရုံမှ ခင်ဦး၊မြစ်ငယ်နှင့် ရွှေညောင်ကွန်ကရစ်ဇလီဖား စက်ရုံများသို့ ဘိလပ်မြေသယ်ပို့ခြင်း
(၁၁)	၂၄၂/မမ/ CME	နေပြည်တော်ဘူတာရှိ အလုပ်ရုံနှင့် အဆောက်အဦးများအတွက် လျှပ်စစ်ပစ္စည်းများ (80)Items
(၁၂)	၂၄၃/မမ/ CME	ရွှေညောင်ကွန်ကရစ်ဇလီဖား စက်ရုံ Internal Wiring အတွက် လျှပ်စစ်ပစ္စည်းများ(45)Items

တင်ဒါပိတ်မည့်နေ့/အချိန် - ၃၀.၉ .၂၀၁၃ (တနင်္လာနေ့)(၁၂း၀၀)နာရီမှ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၀.၈.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291985,291994.

ဆောင်းပါးနှင့်ကြော်ငြာ

မော်တော်ယာဉ်များနှင့် ရဲမှုများ

ရဲဂုဏ်မြင့်

မကြာသေးမီက နေပြည်တော် ပျဉ်းမနားမြို့နေ ပုဂ္ဂိုလ်တစ်ဦးသည် တိုယိုတာကိုရိုလာယာဉ်တစ်စီးကို အခြားတစ်ဦးထံမှ လက်ပြောင်းဝယ်ယူခဲ့ပြီးနောက် တစ်ပတ်အကြာတွင် ယာဉ်မှတ်ပုံတင်သက်တမ်းတိုး သွားရောက်ဆောင်ရွက်စဉ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ရဲမှုရှိကြောင်း ပြောကြားသဖြင့် ရန်ကုန်တိုင်းဒေသကြီး ၅၁ လမ်း ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးသို့ သွားရောက်စုံစမ်းခဲ့သည်။

ထိုအခါမှသာ ၎င်းယာဉ်သည် ၂၀၀၉ ခုနှစ်တွင် စတစ်ကာကပ်မှု သုံးမှု၊ ၂၀၁၀ ပြည့်နှစ်တွင် စတစ်ကာကပ်မှု တစ်မှု၊ ၂၀၁၁ ခုနှစ်တွင် မျဉ်းသေဖြတ်မှု တစ်မှု၊ ၂၀၁၂ ခုနှစ်တွင် ကွေ့ထွက်မှု တစ်မှု စုစုပေါင်း ခြောက်မှု ဖြေရှင်းရမည်ဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အဆိုပါကားသည် မူလပိုင်ရှင်အပါအဝင် ပိုင်ရှင် သုံးဦး ပြောင်းလဲခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ယခုပုဂ္ဂိုလ်အနေဖြင့် ယင်းကားကို ဝယ်ယူထားသည်မှာ ရက်ပိုင်းသာရှိသေးသောကြောင့် ယခင်ကာလက ဤသို့ နှစ်စဉ်လိုင်စင်သက်တမ်းတိုးဆောင်ရွက်စဉ်တွင် ရဲမှုများကိုထိမ်ချန်ထားခဲ့ပြီး သူ့လက်ထဲရောက်မှ နောက်ကြောင်းပြန်အမှုများဖြင့် ဒဏ်ဆောင်ရမည် ဆိုခြင်းမှာ တရားမျှတမှုမရှိဟု ယူဆသဖြင့် မကျေမနပ်ဖြစ်ကာ အထက်ဌာနများသို့ တိုင်ကြားခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း နေ့စဉ်မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များအနက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သော မော်တော်ယာဉ်များကို ချလန်ဖြတ်ဖမ်းဆီးခြင်း၊ ဓာတ်ပုံရိုက်ဖမ်းဆီးခြင်း၊ မှတ်သားဖမ်းဆီးခြင်း၊ e-Police Red Light Camera များဖြင့် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရေးယူရာ၌အချိန်နှင့်တစ်ပြေးညီ ယာဉ်စည်းကမ်းတရားရုံးများတွင်ဒဏ်ငွေလာရောက်ပေးဆောင်ခြင်းမရှိသေးသော မော်တော်ယာဉ်များကို ရဲမှုရင်မဆိုင်ရသေးဟုသတ်မှတ်ပြီး အဆိုပါ ယာဉ်စည်းကမ်းချိုးဖောက်သည့် စာရင်းများကို ယာဉ်ထိန်းကွန်ပျူတာများတွင် ထည့်သွင်းထားရှိလျက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ပေးပို့၍ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ယာဉ်များသက်တမ်းတိုးသည့်အခါ ရဲမှုကင်းရှင်းမှုရှိမှသာ လိုင်စင်ထုတ်ပေးရမည်ဖြစ်သည်။ သို့သော် ယခင်က အချို့သောကားများသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ထံလာရောက်စိစစ်မှုခံယူခြင်းမရှိဘဲ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခဲ့သည်များ ရှိကောင်းရှိနိုင်သည်။ ထို့အတွက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ စည်းကမ်းချိုးဖောက်သည့်ယာဉ်များ၏ ရဲမှုကြွေးကျန်များ လျော့နည်းစေရန်နှင့် ရဲမှုကြွေးကျန်များ ကင်းရှင်းစေရန် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်အခါ One Stop Service ဖြင့် ဆောင်ရွက်သကဲ့သို့ ပုံမှန်လိုင်စင်သက်တမ်းတိုး ဆောင်ရွက်လျက်ရှိသော ယာဉ်များကိုလည်း ရဲမှုကြွေးကျန်ကင်းရှင်းမှ လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးရန် တင်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၅၁ လမ်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ယာဉ်များနှင့်ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ရဲမှုရင်မဆိုင်လက်ကျန်အမှုဟောင်းများ ရှိမရှိ စိစစ်ပေးရန် တောင်းခံခဲ့ရာမှ ယခုကဲ့သို့ ရဲမှု စုစုပေါင်းခြောက်မှု ရှိကြောင်း စိစစ်တွေ့ရှိရခြင်းဖြစ်ပါသည်။ မော်တော်ယာဉ်များကို နှစ်စဉ်သက်တမ်းတိုး ဆောင်ရွက်ပေးခြင်းလုပ်ငန်းသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ပေးသည့်လုပ်ငန်းဖြစ်သည်။

ထို့ကြောင့် ယခုကဲ့သို့ဝယ်ယူခဲ့သောကားများကို လိုင်စင်သက်တမ်းတိုးရန် ဆောင်ရွက်ချိန်တွင်မှ အမှုလက်ကျန်များ ပေါ်ပေါက်ခဲ့ရခြင်းသည် ယခင်ပိုင်ရှင်များလက်ထက်က သက်တမ်းတိုးဆောင်ရွက်စဉ် ရဲမှုရင်မဆိုင်အမှုကင်းရှင်းခြင်း ရှိ/မရှိကို ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ညှိနှိုင်းစိစစ်အကြောင်းကြားခဲ့ခြင်းမရှိဘဲ သက်တမ်းတိုးဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်ရရှိခဲ့ပြီးနောက်ပိုင်း၌ သက်တမ်းတိုးသည့်နေရာများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုပါ တာဝန်ချထားပြီး ပူးပေါင်းဆောင်ရွက်ခွင့်ပေးခဲ့သဖြင့် ယခုကဲ့သို့ ရဲမှုလက်ကျန်များကို ပြန်လည်စိစစ်ဖော်ထုတ်ကာ ဒဏ်ကြေးဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့အစိုးရသစ်လက်ထက်တွင် မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ ဖြေလျှော့ပေးမှုများရှိခဲ့ပြီးနောက် မော်တော်ကားဈေးနှုန်းများ ကျဆင်းလာသကဲ့သို့ ယာဉ်ဟောင်းအပ်နှံခြင်း၊ အသစ်ဝယ်ယူခြင်းများ ဆောင်ရွက်လာကြသည်။ ပြည်သူလူထုအနေဖြင့် မော်တော်ကားဝယ်ယူခြင်း၊ ရောင်းချခြင်း၊ Model မြင့်ကားများ လဲလှယ်၍ အသုံးပြုခြင်းများ ပြုလုပ်ရာတွင် ၎င်းမော်တော်ကားများနှင့်ပတ်သက်၍ ရဲမှုရင်မဆိုင် အမှုကင်းရှင်းမှု ရှိ မရှိကို ယာဉ်ထိန်းရဲတပ်ဖွဲ့တွင် လာရောက်တောင်းခံ၍ စိစစ်ကြရန်လိုသည်။ ထိုသို့ ပြုလုပ်ပြီး **ရဲမှုကင်းရှင်းမှသာ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းပြုလုပ်ကြရန်နှင့် ထိုသို့စစ်ဆေး၍ ရဲမှုရင်မဆိုင်အမှုလက်ကျန်များ ရှိခဲ့ပါက ဝယ်ယူသူ အနေဖြင့် မူလပိုင်ရှင်သို့ ရဲမှုလက်ကျန်များအတွက် တာဝန်ယူဖြေရှင်းပေးရန် ကြိုတင်သဘောတူညီချက်ရယူသင့်**သည်။ ထိုသို့ မဆောင်ရွက်ထားပါက ဝယ်ယူသူ၏ လက်ဝယ်သို့ရောက်ရှိပြီးမှ ယာဉ်သက်တမ်းတိုးဆောင်ရွက်သည့်အခါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့၏ ညှိနှိုင်းဆောင်ရွက်ချက်ကြောင့် ရဲမှုရင်မဆိုင်အမှုများပေါ်ပေါက်လာပါက ယာဉ်လက်ဝယ်ရှိသူ၏တာဝန်သာဖြစ်နေမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့လက်ဝယ်ရှိယာဉ်များ ရဲမှုလက်ကျန်ရှိ၊ မရှိကို ရန်ကုန်တိုင်းဒေသကြီး ၅၁ လမ်းရှိ ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူးရုံးသို့ အချိန်မရွေးသွားရောက်မေးမြန်းနိုင်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ ရုံးကလည်း သတင်းအချက်အလက်များကို အခမဲ့ထုတ်ပေးလျက်ရှိသည်။ ပြည်သူဗဟိုပြု ရဲတပ်ဖွဲ့ဖြစ်လာစေရေးဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့သည် လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသောပြည်သူတို့ကို ဝန်ဆောင်မှုပေးနိုင်သည့် တပ်ဖွဲ့ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်နေကြပါသည်။ ထို့အပြင် ပြည်သူလူထု အမြင်၌ အထင်လွဲမှားဖွယ်ရာများ၊ မကျေနပ်ဖွယ်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မေးမြန်းလိုသည့်အချက်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို အမြဲတမ်းကြိုဆိုလက်ခံလျက်ရှိရာ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးတွင် ပြည်သူလူထု၏ တိုင်ကြားချက်၊ သတင်းပေးချက်များကို ဖုန်းနံပါတ် ၀၆၇-၄၁၃၈၅၃၊ ၀၆၇-၈၁၀၄၀၀၈ နှင့် Trafficpolice.myanmar@gmail.com တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၊မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
1		မင်းဘူး-အမ်း-စစ်တွေ လမ်းပိုင်း
	၂၄၄/မမ/CE	- မြောက်ဦးဘူတာ အဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
	၂၄၅/မမ/CE	- တိမ်ညိုဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
	၂၄၆/မမ/CE	- လမ်းမတော်ဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
	၂၄၇/မမ/CE	- ဝေသာလီဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
	၂၄၈/မမ/CE	- မဟာမုနိဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
	၂၄၉/မမ/CE	- ဓမ္မရာဇ်ဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
	၂၅၀/မမ/CE	- တောင်ဦးဘူတာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း
2	၂၅၁/မမ/CE	မုတ္တမကွန်ကရစ်ဇလီဖားစက်ရုံ တွင် Pump House တည်ဆောက်ခြင်း

တင်ဒါပိတ်မည့် နေ့/အချိန် - ၂. ၁၀ .၂၀၁၃(ဗုဒ္ဓဟူးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃၀. ၈ .၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းတောင့်၊ ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့၊ဖုန်း -294352,291994

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်သွင်းလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	70 HP Combine Harvester	၅၀၀ စီး	HIE-1/018
(ခ)	85 HP Combine Harvester	၅၀၀ စီး	HIE-1/019

၂။ တင်သွင်းသူများသည် လိုအပ်သောငွေကြေးကို ခြောက်လမှ တစ်နှစ်အတွင်း ခေတ္တစိုက်ထုတ်ထားနိုင်သူများဖြစ်ရန် လိုအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၂-၉-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၃-၉-၂၀၁၃ ရက် ၁၆:၀၀ နာရီ ဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

ဗသက(၉၅)မှ သူငယ်ချင်းများသို့
အသိပေးကြေညာခြင်း

၂၃-၈-၂၀၁၃ရက်တွင် ကျရောက်သည့် (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့တွင် ရန်ကုန်ရှိ သူငယ်ချင်းများတွေ့ဆုံပြီး ကျဆုံး/သေဆုံးသွားသော သူငယ်ချင်းများ၏ မိသားစုများအား ကူညီရန်နှင့် ထူးချွန် သား၊ သမီးများအား ထောက်ပံ့ရန်အတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြပါသည်။ ၎င်းသဘောတူညီချက်အရ ရန်ကုန်မြို့ရှိ မွေး/ရေဘဏ်ရုံးချုပ်တွင် M- 1033 ဖြင့် ငွေစာရင်းဖွင့်လှစ်ပြီး မတည်ငွေကျပ်တစ်သိန်းတိတိအား ၂၈-၈-၂၀၁၃ရက်တွင် ဦးစန်းမောင်+၂ ဖြင့် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ အဆိုပါဘဏ်ငွေစာရင်းသို့ လစဉ်အနည်းဆုံးတစ်လလျှင် ကျပ် ၅၀၀၀ိ/နှုန်းဖြစ်စေ၊ ခြောက်လ (သို့မဟုတ်) တစ်နှစ်စာ စုပေါင်း၍ဖြစ်စေ ထည့်ဝင်ကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်နိုင်ကြပါသည်-

ဗက စန်းမောင်(ငြိမ်း)	ဗက ရဲမင်းထွဋ် (ငြိမ်း)	ဗက မိုးစိုး(ငြိမ်း)
ရုံးဖုန်း-၀၁-၂၄၉၆၂၁	ဖုန်း-၀၉-၄၂၅၀၀၂၉၂၃	ဖုန်း-၀၉-၄၉၂၇၃၁၀၄
အိမ်ဖုန်း-၀၉-၈၆၂၄၈၇၂		

မွေး/ရေဘဏ်(ရုံးချုပ်)၊ ရန်ကုန်

ငါ့သရောက်၊ အခြေခံပညာအထက်တန်းကျောင်း
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ညောင်ဦးခရိုင် ငါ့သရောက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် အထက ငါ့သရောက်ဗိုလ်ချုပ်ခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ငါ့သရောက်၊ အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်အငြိမ်းစားယူခဲ့သော အသက် ၆၀ ပြည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့နိုင်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဦးဝင်းဇော် ဖုန်း-၀၉-၆၈၀၁၄၀၅၊ ၀၉-၄၀၂၆၈၂၇၀၃
ဦးဟန်မျိုးလင်း KBZ Bank (Nyaung Oo) Account No.0671220002734

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ထားဝယ်မြို့၊ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအတွက် လိုအပ်သည့်ကတ္တရာများအား (မြိတ်ဂိုဒေါင်အရောက်) မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ကတ္တရာ (၈၀/၁၀၀)	၄၁၁ မက်ထရစ်တန်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၂-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ထားဝယ်မြို့
ဖုန်း- ၀၅၉-၂၃၄၇၉၊ ၀၅၉-၂၃၄၈၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မကွေး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မကွေး)အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ် လုပ်ငန်းအမျိုးအမည်

၁။ ၁၀၀'×၃၀'×၁၄' အုတ်ညှပ်တစ်ထပ်စာသင်ဆောင်(၅)ဆောင် ဆေးသုတ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မကွေး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၇-၉-၂၀၁၃ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မကွေး) ဖုန်း-၀၆၃-၂၈၃၀၉ နှင့် စီမံဌာနရုံးတို့တွင် စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(မကွေး)

"လူတိုင်းနားလည်အောင် ဦးစိုးတင့် ရေးသားတဲ့"
PLC လမ်းညွှန်
စာအုပ် + CD
မိုးမြင့်ကြယ်စာပေ 09 5155373 မှ ဖြန့်သည်

အမည်မှန်

ဦးမောင်မောင်သန်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မောင်လဝင်းမောင်၏ အမည်မှန်မှာ မောင်လဝန်းမောင် ဖြစ်ပါသည်။

မောင်လဝန်းမောင်

ဖခင်အမည်မှန်

နေပြည်တော် အထက (၁၆) ကျည်တောင် နဝမတန်း(C)မှ မနှင်းထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နှင်း ၉/ပမန(နိုင်)၁၇၂၀၃၄ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက၊ တာဝရေတံခါး တက္ကသိုလ်ဝင်တန်းမှ မပြည့်ပြည့် ၇/သနပ(နိုင်)၁၃၀၅၄၄၏ဖခင် ဦးအောင်နိုင်(ခ)ဦးမောင်နိုင် ၇/သနပ(နိုင်)၀၀၀၆၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးတောင်ရပ်ကွက်နေ ဦးဒဘန်ဇလွမ်း(ခ)ဦးဇော်လွန်း၏ဇနီး မြစ်ကြီးနားမြို့၊ စီတာပူရပ်နေ မအင်ခွမ်ဆိုင်းရော်(ဘ) ဦးအင်ခွမ်တူးခွမ် ၁/မကန(နိုင်)၁၁၉၇၇၃သည် ခင်ပွန်း၏ဆိုဆုံးမမှုအား နာခံမှုမရှိခြင်း၊ နှစ်ဖက်ရိုးရာယဉ်ကျေးမှု လူကြီးများ၏ ဆိုဆုံးမခြင်းနှင့် ကတိဝန်ခံချက် ပျက်ကွက်ခြင်းကြောင့် တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

သို့ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ မအင်ခွမ်ဆိုင်းရော်နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေးကိစ္စအဝဝအားလုံးတို့သည် ကျွန်တော်ဦးဒဘန်ဇလွမ်း(ခ) ဦးဇော်လွန်းနှင့် လုံးဝပတ်သက် ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မှတ်ချက်။ ။စုံစမ်းမေးမြန်းနိုင်သည်။

ဦးဒဘန်ဇလွမ်း(ခ)ဦးဇော်လွန်း ၁/မညန(နိုင်)၀၂၃၁၁၇

မှုခင်းသတင်းနှင့်ကြော်ငြာ

စကားများရန်ဖြစ်ရာမှ လူငှားပြီး ရန်ပြုသူအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း (၄၃နှစ်)သည် သားဖြစ်သူအား ကျောင်းကြိုရန်ဆိုက်ကားဖြင့်ထွက်လာစဉ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းလမ်းမနှင့်အသက(၂၅)လမ်းဆုံ အရောက်၌ လူငယ်နှစ်ဦးအနက် တစ်ဦးက ဆိုက်ကားကိုတားပြီး အခြားတစ်ဦးက လေးစင်တီမီတာခန့်ရှိ သံပြားဝိုင်းဖြင့် ဒေါ်ချိုချိုဝင်း၏ယာဘက်ပါးကို ဆွဲခြစ်ထွက်ပြေးသွားခဲ့သဖြင့် ယာပါးတွင် သုံးလက်မခန့် ဒေါင်လိုက်ပြတ်ရှဒဏ်ရာတစ်ချက် ရရှိခဲ့သောကြောင့်အရေးယူပေးပါရန် တိုင်တန်းခဲ့၍ တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

စုံစမ်းချက်အရ ဒေါ်ချိုချိုဝင်းနှင့် အိမ်ချင်းကပ်နေထိုင်သူ မြေပဲယိုလုပ်ငန်းလုပ်ကိုင်သည့် ဦးလှငွေး(၅၉နှစ်)တို့သည် မုန့်လုပ်၍ အညှော်ညှော်သည့်ကိစ္စနှင့်ပတ်သက်၍ မကြာခဏ စကားများခဲ့ကြောင်း၊ ဦးလှငွေးမှာ ဒေါ်ချိုချိုဝင်းအား မျက်နှာရုပ်ဆင်းပျက်အောင်ပြုလုပ်ရန် မကြာခဏ ပြောဆိုကြောင်း သိရှိရသဖြင့် ဦးလှငွေးကို ခေါ်ယူစစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ဦးလှငွေးသည် အခင်းမဖြစ်မီ တစ်ပတ်ခန့်တွင် ယခင်က ခင်မင်ရင်းနှီးခဲ့သူနှစ်ဦးအား ဒေါ်ချိုချိုဝင်းမှာ အလှအပ ကြိုက်သဖြင့် မျက်နှာအလှပျက်ရုံလောက်သာ လုပ်ဆောင်ပေးရန်ပြောကြားခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးက ငွေကျပ် ငါးသိန်းတောင်းခံသဖြင့် စရန်ငွေကျပ် တစ်သိန်းကို နှစ်ကြိမ်ခွဲ၍ပေးခဲ့ကြောင်း၊ လုပ်ဆောင်ပြီးသည့်နောက် ကျန်ငွေလေးသိန်းကိုထပ်မံပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက် စုံစမ်းရှာဖွေခဲ့ရာ ဩဂုတ် ၂၉ ရက် ညနေ ၄နာရီတွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဆိပ်ကြီးခနောင်တိုမြို့နယ် မိုးကောင်းဘုန်းကြီးကျောင်းဝင်းနောက်အားကစားဝင်းနေ ဟိန်းမင်းလတ်(ခ)အောင်အောင်(၃၂နှစ်)အား ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ လှတိုး (၅၃ နှစ်)အား မရမ်းကုန်းမြို့နယ် မြကျွန်းသာ အားကစားကွင်းရှေ့၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ၎င်းတို့နှစ်ဦးသည် ပြစ်မှုကို ကိုယ်တိုင်ကျူးလွန်ခဲ့ခြင်းမဟုတ်ဘဲ ဆိုက်ကားအတူနင်းသူ ဒလမြို့နယ်နေသူများဖြစ်သည့် မိုးသူ (၂၇နှစ်)နှင့် ရာကွတ် (၃၅နှစ်) တို့အား ခိုင်းစေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထွက်ဆိုချက်များအရ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက တောင်ဥက္ကလာပမြို့နယ် (၁)ထိပ် မှတ်တိုင်အနီးရှိ ဘီယာဆိုင်၌ လှတိုး၊ အောင်အောင်၊ ရာကွတ်နှင့်မိုးသူတို့ လေးဦးတွေ့ဆုံပြီး ဘီယာသောက်ရင်း ဒေါ်ချိုချိုဝင်းအလာကို စောင့်ဆိုင်းနေခဲ့ကြောင်း၊ ထို့နောက် ရာကွတ်နှင့်မိုးသူတို့နှစ်ဦးက(၂၅)လမ်းနှင့်အသကလမ်းဆုံ၌ စောင့်ဆိုင်းနေပြီး အောင်အောင်က လက်ဖက်ရည်ဆိုင်တွင် ထိုင်စောင့်နေကြောင်း၊ ထို့နောက် ဒေါ်ချိုချိုဝင်း ဆိုက်ကားစီးလာသည်ကို အောင်အောင်က အချက်ပြသဖြင့် ရာကွတ်က ဆိုက်ကားရှေ့မှ ပိတ်ရပ်ပြီး မိုးသူကအသင့်ပါလာသော ခဲတံချွန်သည့် ခေါက်ဓားဖြင့် ဒေါ်ချိုချိုဝင်း၏ ယာပါးကိုဆွဲခြစ်လိုက်ပြီး လုပ်ဆောင်ခယူပြီးထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း စစ်ဆေး သိရှိရသည်။

မိုးသူထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ခဲတံချွန်သည့် ခေါက်ဓားတစ်ချောင်းကို သိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း အမှုမှန်ဖော်ထုတ်နိုင်ခဲ့ကာ ၇၂ နာရီအတွင်း ပြစ်မှုကျူးလွန်သူ ငါးဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တံတားကေဘယ်ဝိုင်ယာကြိုးဖြတ်တောက်ခိုးယူသူများအား ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁

ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ထွန်းသည် အေးမြင့်သာယာတံတားအမှတ် (၁/၂)ရှိ မီးတိုင်များ မီးမလင်း၍ လိုက်လံစစ်ဆေးစဉ် ကော်ပိုက်များအတွင်း ထည့်သွင်းသွယ်တန်းထားသည့် ကေဘယ်ဝိုင်ယာကြိုး ၅၉၄ ပေခန့်၊ တန်ဖိုးငွေကျပ် ၅၁၆၄၀၀၀ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် တိုင်တန်းခဲ့သည်။ ထို့နောက် ရဲတပ်ဖွဲ့က အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးရာ အေးမြင့်သာယာတံတားအမှတ်(၁)၏ တံတားအောက်ခြေချုံနွယ်များကြားမှ ကေဘယ်ဝိုင်ယာကြိုးအရှည်ပေ၃၄၀ခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ကေဘယ်ကြိုး ဦးတည်ရာလမ်းကြောင်းမှာ အေးမြင့်သာယာကျေးရွာဘက်သို့ ဦးတည်နေကြောင်းတွေ့ရှိရပြီး ဆက်လက်စုံစမ်းချက်အရ အေးမြင့်သာယာ ကျေးရွာအလုပ်သမားတန်းလျားနေ ခင်မောင်ညွန့်ထံ၌ ကြေးနီနန်းကြိုးများ ရောင်းရန်ရှိကြောင်း သိရသည်။

အဆိုပါသတင်းအရ ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ခင်မောင်ညွန့် (၃၉ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ ကြေးနီနန်းကြိုးအသစ် လေးပိဿာ ၅၀ ကျပ်သား၊ ကြေးနီနန်းကြိုးအဟောင်း နှစ်ပိဿာခန့်နှင့် နေအိမ်အနောက်ဘက်ခြံစပ်အတွင်းမှ ကေဘယ်ဝိုင်ယာကြိုး ကာဘာအခွံအပိုင်းအစများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခင်မောင်ညွန့်အား အမှုဖြင့်ဖမ်းဆီးခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူများဖြစ်သည့် အေးမြင့်သာယာကျေးရွာ အလုပ်သမားတန်းလျားနေ အောင်ငွေးလှိုင်(ခ)ဖိုးလုံး (၂၂ နှစ်)နှင့် အောင်လှိုင်ဝင်း(ခ)ဖိုးပြား (၂၄ နှစ်)တို့ နှစ်ဦးအား ဩဂုတ် ၂၅ ရက်တွင်လည်းကောင်း၊ ဆန်းဝင်းနိုင် (၂၈ နှစ်)နှင့် သီဟ(ခ)တရုတ်ကြီး(၁၈ နှစ်)တို့နှစ်ဦးကို ဩဂုတ် ၂၇ ရက်တွင်လည်းကောင်း ထပ်မံဖမ်းဆီးအရေးယူခဲ့သည်။

ကေဘယ်ကြိုးများကို ဆက်လက်ရောင်းချထားကြောင်း သိရှိရသဖြင့် ငြိမ်းချမ်း(ခ) နေဇာ(၂၈ နှစ်)နှင့် ဝင်းလှိုင် (၃၅ နှစ်)တို့နှစ်ဦးအား အမှုဖြင့် ဆက်လက်ဖမ်းဆီးအရေးယူခဲ့ပြီး သက်သေခံပစ္စည်း ကြေးနန်းကြိုး ၁၀ ပိဿာ ၅၀ ကျပ်သားခန့်ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား ထိုက်သင့်သည့်ပြစ်ဒဏ်များရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ရဲ

ရှမ်းပြည်နယ်တရားလွှတ်တော်ရုံး၊ ဘီလစ်မှတစ်ဆင့်

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရှမ်းပြည်နယ်တရားလွှတ်တော်၊ တောင်ကြီးမြို့
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၇

ဒေါ်မိမိသက် နှင့် ဒေါ်စန္ဒာမြင့်(ခ)ဖန်ရှင်း
တရားနိုင် **တရားရှုံး**

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈ တွင် ရရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၀ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချရမည့်ပစ္စည်းစာရင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ အကွက်အမှတ်(၅)၊ မင်္ဂလာကွက်သစ်၊ ဦးပိုင်အမှတ် (၂၀၁)၊ မြေကွက်အမှတ်(၂၉၅)မြေနှင့် မြေပေါ်ပါအဆောက်အအုံများ၊ မြေပေါ်နှင့်အဆောက်အအုံ၌ တွယ်ကပ်နေသောပစ္စည်းများနှင့် ရေ၊ မီး၊ မီတာအားလုံး။

လေလံကြမ်းခင်းဈေး ငွေ ၂၅၀၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ထောင့်ငါးရာတိတိ)။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-
ပြည်နယ်ဦးစီးမှူး(ကိုယ်စား)
(ဥမ္မာတင်၊ လက်ထောက်ညွှန်ကြားရေးမှူး)

အမှတ်(၅)၏ ထက်ဝက်(ယာ)ဘက်ခြမ်း၊ ငြိမ်းချမ်းရေးအလယ်လမ်း၊
ဆေးငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး?၊ မြေကွက်အမှတ် ၄၆၊ ဧရိယာ(အလျား ၂၅ပေ×အနံပေ ၆၀)အကျယ်ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် အဆိုပါမြေကွက်ကြီး၏ ထက်ဝက်(ယာ)ဘက်ခြမ်း၊ (အလျား ၁၂½ပေ×အနံပေ ၆၀)အကျယ်ရှိမြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိနှစ်ထပ်အုတ်ညှပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်မေ ၁၂/ကမတ(နိုင်)၀၁၄၄၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)
(စဉ်-၆၇၀၂)
အမှတ် ၅၆၁(MAC-Tower)၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသီဂီလမ်း၊ တိုက်အမှတ် ၉/C၊ လေးခန်းတွဲ၊ ငါးထပ်တိုက်၏ ပထမထပ်၊ အခန်းအမှတ် ၁၀၃၊ အကျယ် (၁၄ပေ×ပေ၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ရီရီစိန် ၁၂/တမန(နိုင်) ၀၉၂၃၆၉ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်အသိပေးကြေညာချက်

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ တာချီလိတ်မြို့၊ မြို့မကျေးရွာအုပ်စု၊ ဆန်ဆိုင်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ ဦးပိုင်အမှတ်(၂၄-က)၊ အကွက်အမှတ်(၁၄)၊ ဆန်ဆိုင်းလုံရပ်ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၂၀၉ ဧကရှိ (မြို့မြေ)အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် တာချီလိတ်မြို့ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် (၁) ဒေါ်နန်းကောင် ၁၃/တခလ(နိုင်)၀၀၁၁၄၀၊ (၂) ဒေါ်နန်းဝမ်လာ ၁၃/တခလ(နိုင်)၀၀၄၃၃၅ တို့အမည်ဖြင့် တရားဝင်အမည်ပေါက်တည်ရှိသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းဝမ်လာနှင့် အမွေဆိုင်တစ်ဦးဖြစ်သူ ဦးစိုင်းရှဲန် ၁၃/တလခ(နိုင်)၀၂၇၀၇၁ တို့၏ သိရှိသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ မြေ၏တစ်စိတ်တစ်ဒေသကို ခွဲစိတ်ရောင်းချခြင်း၊ အခြားနည်းဖြင့် အသုံးပြုခွင့်များ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းဝမ်လာနှင့် ဦးစိုင်းရှဲန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**
LL.B	**LL.B,D.B.L,D.M.L**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တပ်ကုန်းရပ်ကွက်၊ အရှေ့မြောက်အိမ်အမှတ် (၁၅၄/၁)၊ မြေကွက်အမည် (၁၃/၃)၊ ဦးပိုင်အမှတ် (၁၃/၂-ခ)ဟုခေါ်တွင်သော မြေအလျား×အနံပေ (၅၀×၁၀၀)အကျယ်အဝန်းရှိ မြေကွက်အား ပြေစာအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းအယ်လီဇဘတ် ၁/မကန(နိုင်)၀၉၆၀၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းများနှင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတိန့်ယိန်း LL.B
အထက်တန်းရှေ့နေ (စဉ်-၃၈၀၁၅)
ရှေ့နေများနားနေခန်း၊ ကချင်ပြည်နယ်တရားလွှတ်တော်ဝင်း
မြစ်ကြီးနားမြို့

အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၊ မြကွက်သစ် ၁ လမ်း၊ အမှတ် ၅၈၇ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ယခင်က ဒေါ်ငွေကြည် ၁၄/ဟသတ(နိုင်)၀၆၀၀၅၇ တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ငွေကြည် ၁၄/ဟသတ(နိုင်)၀၆၀၀၅၇ ကွယ်လွန်ပြီးသည့်နောက် ၎င်း၏အမွေဆက်ခံသူဖြစ်သည့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရီရီမြင့် ၁၂/မရက(နိုင်)၀၅၈၁၃၅ ၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ပါက ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းမော် B.Sc, H.G.P	**ဦးဇော်လင်း LL.B**	**ဒေါ်ဖြိုးသီရိလှိုင် LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
စဉ်-၃၆၈၀၁	**စဉ်-၂၆၆၅၂**	**စဉ်-၃၉၈၂၆**
ဖုန်း-၀၉-၄၂၁၀၁၂၈၂၂	**ဖုန်း-၀၉-၄၂၁၀၃၆၀၇၁**	

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် ၃၉၂ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသန်းအောင်အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူဦးသန်းအောင်က အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးကျော်ငွေး ၅/ရဉန(နိုင်)၀၁၇၇၁၇
အမှတ်(၃၊ ၄)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၁၁၉၉၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် ၃၉၁ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဒေါ်ခေါန်ဘူအမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ခေါန်ဘူက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးကျော်ငွေး ၅/ရဉန(နိုင်)၀၁၇၇၁၇
အမှတ်(၃၊ ၄)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၁၁၉၉၄

ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁

သာကေတမြို့နယ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်၉နာရီက အထက(၁) မြဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းပြင်ပ မူလတန်းပညာရေး ပညာရေးကိစ္စ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌက ကျောင်းပြင်ပ မူလတန်းပညာရေး(NFPE)အတွက် လှူဒါန်းငွေကျပ်၆၀၀၀၀၀ကို မြို့နယ်ပညာရေးမှူးထံ လှူဒါန်းပြီး **(ယာပုံ)** အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့်အဖွဲ့က စာရေးကိရိယာများကို လှူဒါန်းသည်။ ထို့နောက် ရပ်ကွက်ပညာရေးကော်မတီ ဥက္ကဋ္ဌနှစ်ဦးက အလှူငွေများပေးအပ်သည်။

အောင်သန်းလွင်

ဟုမ္မလင်းမြို့၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဟုမ္မလင်း စက်တင်ဘာ ၁

ဟုမ္မလင်းမြို့နယ်ခိုတောင်ကျေးရွာ အမက(မူလွန်) ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၂၃ ရက် နံနက်၁၀နာရီက ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရ၊ မြို့နယ်ပညာရေးမှူး ဦးခင်ထွန်း၊ ကျောင်းအုပ်ဆရာကြီး ဦးအုန်းမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလူခိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးခင်မောင်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းရွှေက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေကအမှာစကားပြောကြားပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရ၊ မြို့နယ်ပညာရေးမှူး ဦးခင်ထွန်းတို့က ပညာရေးဆိုင်ရာ အကြောင်းကို လည်းကောင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ကျော်က ဌာနအကြောင်းကို လည်းကောင်း ဟောပြောခဲ့ပြီး ဝန်ကြီးက ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့်စာစောင်များ ပေးအပ်လှူဒါန်းသည်။ အဆိုပါကျောင်းဆောင်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ တစ်ထပ် အုတ်ညှပ်၊ သွပ်မိုးဖြစ်ပြီး ကျပ်သိန်း ၂၆၀ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။ **(၁၁၇)**

အသင်းသားများသို့ အသေးစားချေးငွေ ဒုတိယအကြိမ်ထုတ်ပေး

ပန်းတနော် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ခရေကန်ကျေးရွာအုပ်စု ဂရက်ကျော်ကျေးရွာတွင်အေးမေတ္တာရှင် လယ်ယာကုန်ထုတ် သမဝါယမ အသင်းဆိုင်းဘုတ်တင်ပွဲနှင့် အသင်းသားများသို့ဒုတိယအကြိမ်အသေးစား ချေးငွေထုတ်ချေးပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် ဦးစီးမှူးများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ အသင်းဥက္ကဋ္ဌ ဦးသာဒင်နှင့်အသင်းသူအသင်းသားများ တက်ရောက်ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ရှစ်ရပ်အနက်အခြေခံပြည်သူများလိုအပ်နေသော ငွေကြေးအရင်းအနှီးအတွက်ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှအသေးစား ချေးငွေထုတ်ချေးလျက်ရှိရာ အေးမေတ္တာရှင် လယ်ယာကုန်ထုတ်သမဝါယမအသင်းမှပထမအကြိမ်အသင်းသား၅၀အတွက်ငွေကျပ်၂၁၈၀၀၀၀ ချေးယူခဲ့ပြီးခြောက်လအတွင်းပြေကျေစွာပြန်လည်ပေးဆပ်နိုင်ခဲ့သဖြင့် ယခုဒုတိယအကြိမ်ချေးငွေကျပ်၄၂၀၀၀၀၀ ကိုထပ်မံထုတ်ချေးခဲ့ပြီး အသင်းသားတစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဇော်မြင့်**

ကျောက်တန်း၌ စိုက်ပျိုးစရိတ်ချေးငွေ ရာနှုန်းပြည့်ပေးအပ်

ကျောက်တန်း စက်တင်ဘာ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို စီမံချက်ရေးဆွဲ၍ စနစ်တကျ ထုတ်ချေးပေးလျက်ရှိသည်။

ယင်းစီမံချက်အရ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၃ မိုးရာသီအတွက် စိုက်ပျိုးစရိတ်ငွေကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား ထုတ်ချေးရန် သတ်မှတ်ထားခဲ့သော်လည်း မြို့နယ်မန်နေဂျာ ဦးလှသွင်နှင့် ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ကျေးရွာအုပ်စု ၅၀ ရှိတောင်သူလယ်သမား ၁၂၃၈၇ဦးတို့၏ လယ်မြေ၉၉၈၄၁ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၉၉၄၈၁သိန်းကိုစီမံချက်ကာလထက်စော၍ ဩဂုတ်၁၂ရက်က အပြီး ထုတ်ချေးပေးနိုင်ခဲ့ကြောင်းသိရသည်။

ကိုရင်ဩ(မှော်ဝန်း)

ဆိုင်ကယ်ဖင်ထိုင်ခုံအောက် တူးဘောက်အတွင်း စိတ်ကြွဆေးပြားဖမ်းမိ

တာချီလိတ် စက်တင်ဘာ ၁

တာချီလိတ်မြို့၌ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်(မူးယစ်)မှုရဲအုပ်လှလွင်ဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ကံ့ကော်လမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်ဖြင့် မောင်းနှင်ရောက်ရှိလာသော မီဖါအား စစ်ဆေးရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အတွင်းခံအကျီနှင့် ခန္ဓာကိုယ်ကြားတွင် ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WYစာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၈ပြားပါ တစ်ထုပ်နှင့် ဆိုင်ကယ်ဖင်ထိုင်ခုံအောက်တူးဘောက်အတွင်းအညိုရောင်ခါးပတ်အိတ်ဖြင့် ထည့်ထားပြီးပလတ်စတစ်အိတ်ဖြင့် ထည့်လျက်WYစာတန်းပါပန်းရောင် စိတ်ကြွဆေးပြား ၆၄ပြားပါတစ်ထုပ် စုစုပေါင်း စိတ်ကြွဆေးပြား ၈၂ ပြား အလေးချိန် ၈ဒသမ၂ဂရမ်၊ကာလတန်ဖိုးငွေကျပ်ဆေးပြားတစ်ပြားလျှင် ငွေကျပ်၂၀၀၀နှုန်းဖြင့်ငွေကျပ်၁၆၄၀၀၀ အားရှာဖွေတွေ့ရှိသဖြင့်ရဲအုပ်မြင့်နိုင်ဦးက သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းဖမ်းဆီးရမိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက်၊
သစ္စာလမ်း၊ (၂၂၇/ခ)နေ
ဦးစိန်လှိုင်-ဒေါ်ပုတို့၏သား
မထက်ထက်နိုင်၊ မမေမြတ်သူတို့၏ အစ်ကို
မောင်ကျော်လွင်ဦး B.A (Geography)
K.O ဆန်ရောင်းဝယ်ရေး
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက်၊
ရွှေတောင်လမ်း၊ (၁၉၈)နေ
ဦးညွန့်မောင်-ဒေါ်စန်းနွဲ့တို့၏သမီး
မပြည့်ဖြိုးလင်း၏အစ်မ
မလေးလေးညွန့် B.Sc (Zoology)
SHWE SI ဆန်ရောင်းဝယ်ရေး
တို့သည် ၂၇-၈-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌ခေ့စပ်ကြောင်းလမ်းပြီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ကျော်လွင်ဦး-မလေးလေးညွန့်

ဝန်ထမ်းအလိုရှိသည်

၁။ ဆောက်လုပ်ရေးမြို့ပြအင်ဂျင်နီယာ ကျား(၂)ဦး
လုပ်ငန်းကျွမ်းကျင်ရမည် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက်ရှိရမည်
(AGTI Civil၊ B.Tech Civil၊ B.E Civil)
အသက်(၃၅)နှစ်အောက် ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာပါရမည်
နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီ တနင်္လာမှ စနေနေ့အထိ ဆက်သွယ်ရန်
ဆက်သွယ်ရန်လိပ်စာ။ ။အမှတ်-၂၀၁၊ ရွှေဘုံသာလမ်း(အလယ်)၊ ပ-ထပ်(ယာ)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၄၂၂၈၇၊ ၀၁-၃၇၃၅၀၉၊ ၀၉-၅၀၃၀၂၀၀

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားခြင်း

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲတို့ကို စက်တင်ဘာ၇ရက်(စနေနေ့) နံနက် ၈:၃၀နာရီတွင် ဗိုလ်တထောင်မြို့နယ်၊ဗိုလ်တထောင်ဘုရားအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ပါ၍ (၇၅)နှစ်နှင့်အထက်ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ (၂၀၁၁-၂၀၁၂)၊ (၂၀၁၂-၂၀၁၃)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများ၊ ကျောင်းသား ကျောင်းသူများမှ ၆-၉-၂၀၁၃ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန်နှင့် ကျိုက်မရောမြို့နယ်သူ မြို့နယ်သားများအားလုံး (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည် ဖြစ်စေ) မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ
ဦးရဲမြင့် ဖုန်း-၀၉-၅၅၀၆၁၀၉ ဦးလှဝင်း ဖုန်း-၀၉-၇၃၂၁၄၈၇၂
ဦးသောင်းညွန့် ဖုန်း-၀၁-၅၅၅၆၅၁ ဦးကျော်ဆွေ ဖုန်း-၀၉-၅၀၈၃၈၃၀
ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂

အမှုဆောင်အဖွဲ့
ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဆိုင်ခန်းအမှတ် ပ-၇၉ အား ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်း၊ သုမင်္ဂလာလမ်းနေ ဒေါ်မြင့်မြင့်စန်း ၁၂/သဃက(နိုင်)၀၂၈၃၂၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ အောင်သာယာရပ်ကွက်၊ ပေါင်းလောင်း ၂၄ လမ်း၊ အမှတ် ၇၈၇-၇၈၉ နေ ဒေါ်ခင်မေထွဋ်ဝင်း ၁၄/မမန(နိုင်)၁၄၉၅၇၂သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်ဝင်းအတွင်းရှိ တိုက်အမှတ် ၅၄၊ အခန်းအမှတ် (၃နှင့်၄) **နှစ်ခန်းတွဲဆိုင်ခန်းနှင့် ဖုန်းနှစ်လုံး အသုံးပြုခွင့်အပါအဝင် အကျိုးခံစားခွင့်** အရပ်ရပ်အားလုံးကို ဦးအားဟွာ ၁၂/မရက(နိုင်)၀၂၂၀၉၀မှ ဦးရန်မြင့်ချို ၉/မနမ(နိုင်)၀၈၆၁၃၆အား အပြီးအပိုင်ရောင်းချပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ဦးရန်မြင့်ချိုအမည်သို့ ပြောင်းရန်အတွက် ကန့်ကွက်လိုသူများသည် ၁၄ရက်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ ၁၄ ရက်ကျော်လွန်ပါက ကန့်ကွက်ရန်မရှိဟု ယူဆပါမည်။ **ဖုန်း-၆၄၁၀၂၁၊ ၆၄၁၀၂၂**

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၉/၄၇/၄၅၁-(ခ)ခေတ္တာလမ်းနေ ပေ(၂၀×၆၀) အမည်ပေါက် ဦးလပ်ကီး မြေကွက်အား ဦးဝင်းလှိုင်သိန်း KNW- ၀၀၉၆၅၃ထံမှ ဦးလူအေး ၁၂/ကမရ(နိုင်)၀၁၉၅၄၂သည် အပြီးအပိုင်ဝယ်ယူထားကြောင်း အများသိစေအပ်ပါသည်။

ဦးလူအေး ၁၂/ကမရ(နိုင်)၀၁၉၅၄၂
ရွှေပြည်သာမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၉)၊ မြေကွက်အမှတ် (၁၇၉၀+၁၇၉၁) မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ်ကွက်တွဲ မြေကွက်နှင့်ပတ်သက်၍
ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ဦးတင်မောင်ဦး ၁၂/ကမတ(နိုင်) ၀၀၅၂၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၃၉ လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၃၁၁၁၆၄၄၄

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သီဟ ၁၂/လမန(နိုင်)၁၄၇၈၃၈သည် ၂၃-၈-၂၀၁၃ ရက်တွင် သဘော်သားနှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၀၂၇၀၅**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၃၉၂၉ Honda Dream C 100 MT ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘင် ၅/ရဘန(နိုင်)၁၂၃၉၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၆၉၀၇ Kenbo CY 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလင်း ၉/မဟမ(နိုင်)၀၁၆၃၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်၇၇၈/က၊မြေကွက်တည်နေရာအမှတ် ၅/က၊ မြေကွက်အမှတ်၇၇၈/က၊ ဇီဇဝါ ၄လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဒေါ်တီတီမြင့် TTE-၁၃၂၃၂၆ အမည်ပေါက် နှစ်၆၀ငှားရန်မြေအား အမည်ပေါက် ဒေါ်တီတီမြင့်(မိခင်) ဦးအောင်သန်း(ဖခင်)ကွယ်လွန်သဖြင့် ဒေါ်ဝင့်ဝါဝါ၁၂/သဃက(နိုင်)၁၀၆၃၇၆၊ ဦးထွန်းဇံ ၁၂/သဃက(နိုင်)၀၃၈၁၆၆တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၅၂၀အမည်ပေါက်ဦးစောလွင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်လှလှမြင့်၁၂/သလန(နိုင်)၀၇၃၈၂၅က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမြန်ဆက်သွယ်ပါရန်

ဦးခင်ဆွေ(ဘ)ဦးမောင်နစ် ၁၂/လမန(နိုင်)၀၃၂၀၅၉ သည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားပါသည်-

ဒေါ်အေးအေးချစ် ဖုန်း-၀၉-၂၅၀၀၇၇၃၃၅
ဦးကျော်ဆွေ ဖုန်း-၀၉-၅၀၈၃၃၅၄
ဦးမြင့်စိုးဦး ဖုန်း-၀၉-၃၁၂၉၃၄၀၁

ပျောက်ဆုံးကြောင်း

ကျွန်မ မချိုချိုနွယ် PAN-၂၃၈၂၃၈ ၏ ပတ်စ်ပို့နံပါတ် PP No.MA ၂၈၆၈၈၉စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၀၄၉၈၄၄**

မီး
သတိပြု

အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားရေးကြော်ငြာ

သံဝေဇနိယလေးဌာနဘုရားဖူးခရီးစဉ်

ဒေါနန္ဒာဝင်း ဦးစီးသော သံဝေဇနိယလေးဌာန ဘုရားဖူးခရီးစဉ်များကို ၁၈-၁၀-၂၀၁၃ရက်၊ ၄-၁၂-၂၀၁၃ရက်၊ ၁၅-၂-၂၀၁၄ရက် ခရီးစဉ်များကို စရန်ငွေတစ်သိန်းပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ခရီးစဉ်တိုင်းကို လူခြောက်ဦးလျှင် ကားတစ်စီးနှုန်းဖြင့် အထူးစီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ

အမှတ် ၆၁၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်းနံပါတ်...

၀၁-၃၈၆၅၈၅၊ ၀၁-၃၈၇၂၇၆၊ ၀၉-၅၅၀၀၁၃၁၊

၀၉-၃၃၃၆၄၇၇၇၊ ၀၉-၇၃၁၅၉၉၇၁၊

၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၄၄၄၀၂၈၃၇၈၊ ၀၉-၅၀၂၆၂၅၈

OTS (90) သူရတပ်ခွဲ နှစ်ပတ်လည်နေ့ဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀) သူရတပ်ခွဲ၏ ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲနှင့် ညစာစားပွဲအခမ်းအနားကို နေပြည်တော်/ရန်ကုန်၌ အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေပြည်တော် ➤ နေ့ရက်၊အချိန် - ၈-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီ
နေရာ - ဘူးကွဲကျောင်းတိုက်တွင် ဆွမ်း/သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ညနေ ၆း၃၀နာရီတွင် မောင်းတံဂိတ်အနီး၊ ရွှေတောင်ကြီးစားသောက်ဆိုင်၊ ပျဉ်းမနားမြို့

ရန်ကုန် ➤ နေ့ရက်၊အချိန် - ၇-၉-၂၀၁၃ရက်(စနေနေ့) ညနေ ၆း၃၀နာရီမှ ၉း၃၀နာရီ
နေရာ - ကုန်းမြင့်သာစားသောက်ဆိုင်၊ (၇)မိုင်၊ ပြည်လမ်း၊ရန်ကုန်မြို့

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၀၉-၄၉၂၀၇၃၄၄၊ ၀၉-၄၇၆၀၆၅၄၃၊ ၀၉-၇၃၀၇၆၃၆၇၊ ၀၉-၅၀၅၈၁၃၀၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၈၃၀၄၀၀၄

အမည်မှန်

ဦးသိန်းဝင်း၏သမီး အလက(၁) မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် အငှမ တန်း(A)မှ မစုဝေနိုင်၏ အမည်မှန်မှာ မဆုဝေနိုင်ဖြစ်ပါသည်။

မဆုဝေနိုင်

ဖခင်အမည်မှန်

လားရှိုးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း အတန်းခွဲ(A)တွင် ပညာသင်ကြားနေသော မနှင်းသီတာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစောတူးတူး ၁၂/ကမန(နိုင်) ၀၁၃၄၁၇ ဖြစ်ပါကြောင်း။

ဦးစောတူးတူး

Certificate in Operation Management @ WISE College

WISE College မှ Certificate in Operation Management (လုပ်ငန်းစီမံကွပ်ကဲမှု လက်တွေ့အသုံးချနည်းစနစ်) သင်တန်းကို **စက်တင်ဘာလ(၇)ရက်နေ့တွင်** စတင်မည်ဖြစ်ပြီး၊ သင်တန်းအချိန်မှာ **အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ(၅း၃၀)နာရီ မှ (၇း၃၀)အထိ** ဖြစ်ပါသည်။

အထက်ပါ သင်တန်းတွင် Operations and Processess, Operation Manager, Decisions in Operations Management, Levels of Decisions, Corporate & Business Strategy, Operations Strategy, Products & Processes, Quality Management, Productivity Improvement, Motivating Employees, Youth Development, Ethics and Logical Thinking အစရှိသည်တို့ကို ကျွမ်းကျင်စွာတတ်မြောက် စီမံလုပ်ကိုင် ဆောင်ရွက်တတ်စေရန် သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းကာလမှာ (၁)လခွဲ ကြာမြင့်မည်ဖြစ်ပြီး၊ **သင်တန်းကြေးမှာ (60,000) ကျပ်** ဖြစ်ကာ စီမံခန့်ခွဲမှုကို စိတ်ဝင်စားသူမည်သူမဆို တက်ရောက်သင်ကြားနိုင်ပါသည်။ WISE College 1009 (A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ **ဖုန်း ၀၁-၅၅၆၁၈၃၊ ၀၉-၄၂၁၁၅၄၈၆၂** သို့ ဆက်သွယ်ကာ လာရောက်အပ်နှံနိုင်ပါသည်။

100% off for WISE ABE Students

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် Korea Aerospace University မှ သင်တန်းများကို ထပ်မံဖွင့်လှစ်မည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် Korea Aerospace University မှ ဘွဲ့ရ IT ပညာရှင်များလာရောက်၍ Mobile Android Application Development Course (စက်တင်ဘာ ၉ရက်မှ အောက်တိုဘာ ၄ရက်အထိ) (တနင်္လာမှ သောကြာ) မွန်းလွဲ ၁း၃၀ နာရီမှ ၄း၃၀ နာရီထိ (၄)ပတ်နှင့် Database Management System Course (စက်တင်ဘာ ၉ရက်မှ အောက်တိုဘာ ၄ရက်ထိ) (တနင်္လာမှ သောကြာ) ညနေ၄း၃၀နာရီမှ ၇း၃၀နာရီထိ (၄ပတ်) သင်တန်းများကို စက်တင်ဘာလအတွင်း ဖွင့်လှစ်မည်။ ကွန်ပျူတာအသင်းဝင် IT Companyများအား ဦးစားပေးအစီအစဉ်ဖြင့် MCPA, MCIA အသင်းဝင် Company များမှဝန်ထမ်းများနှင့် အသင်းဝင် Memberများအား 20% Discount ပေးမည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အဆောင်(၁)MICT Park, တက္ကသိုလ်များ လှိုင်မြို့နယ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁-၆၅၂၃၀၇၊ ၀၉-၇၃၂၅၇၃၇၇ တို့သို့ အမြန်ဆုံး ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် Joint Venture (သို့မဟုတ်) Lease ဆောင်ရွက်လိုသည့် Proposal မူကြမ်းအား စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ညနေ ၃ နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ ကုမ္ပဏီများသည် မိမိတို့၏ Proposalများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂-၉-၂၀၁၃ ရက်မှစ၍ လာရောက် ပေးပို့နိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား

- သက်တမ်းရှိကုမ္ပဏီ မှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၃၇၅၊ ၀၆၇-၄၀၈၃၅၂

First Top Co., Ltd.

အမှတ်(၁၅၁)၊ ကိုးလွှာ၊ ဝါးတန်းလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ မြဝတီဘဏ် Complex

ဖုန်း-၂၂၇၇၅၇၊ ၂၂၇၇၆၀

၁။ **Chief Accountant** — မ — (၂) ဦး
- ဘွဲ့ရ
- B.Com(CPA),ACCA Part II အောင်မြင်ပြီးသူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အသုံးစရိတ်နှင့် ဘဏ္ဍာရေးပိုင်းလုပ်ဆောင်ချက်များကို တာဝန်ယူဆောင်ရွက်ပေးနိုင်ရမည်။
- လုပ်ငန်းနှင့်ပတ်သက်သည့် အကြံပြုသုံးသပ်ချက်တင်ပြနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
- မကွေးရုံးခွဲသို့ လုပ်ငန်းလိုအပ်ချက်အရ သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ **Asst; Accountant** — မ — (၂) ဦး
- ဘွဲ့ရ
- LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- တရုတ်ဘာသာစကားကျွမ်းကျင်သူကို ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။

၃။ **Production Quantity Control Manager** — ကျား/မ — (၃) ဦး
- B.E(Chemical) (သို့)B.Sc(I.C)(သို့)B.Sc(Chemistry) ဖြစ်ရမည်။
- အသက်(၃၀-၄၀) အတွင်းဖြစ်ရမည်။
- မကွေးမြို့တွင် တာဝန်ထမ်းဆောင်ရမည်။
- စက်ပစ္စည်းထိန်းသိမ်းကြီးကြပ်မှုနှင့်စားသုံးကုန်လုပ်ငန်း Edible Oil (စားသုံးဆီ)လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၂)နှစ်ရှိရမည်။

၄။ **စက်မောင်း/ပြင်ထိန်း** — ကျား — (၆) ဦး
- AGTI/B.Tech/ B.E(EP)
- အသက်(၃၀)အောက်
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- မကွေးတွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။

၅။ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သောရုံးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်နိုင်သည့်ဝန်ထမ်း** — ကျား — (၂) ဦး
